

# ခိုင်ဇင်သက်

ရနံ့ကင်းသောပန်း

အရဏ်ဦးက လှသတဲ့။

မွေးအတွက်တော့ အိပ်ချင်နေတာကလွဲပြီး ဘာကိုမှ ခံစားမရပါဘူး။ နေ့ပိုင်းတာဝန်ယူရတဲ့ နွယ်နီစိုး ရောက်လာရင် မွေး အလုပ်ချိန်ပြီးပြီ လာယူမယ့် စာရွက်တွေ အပ် စာရင်းတွေအပ်ပြီးရင် ပြန်ရုံပဲ... ဆိပ်ကမ်းသာလမ်းကနေ ပြန်ရတော့ မဝေးပါဘူး။ ဒါပေမယ့် အိမ်မြန်မြ ပြန်ရောက်ရင် မြန်မြန်အိပ်ရမှာဆို အမြဲ ဘတ်စ်ကားပဲ စီးပြန်တယ်။

အစာမစားရင် ဗိုက်အောင့်တတ်လေတော့ သည်ဆိုင်ကလေးက ပဲပလာတာတစ်ချပ်နဲ့ လက်ဖက်ရည် တစ်ခွက်ကိုလည်း စားရသေးတယ်။ အိပ်ချင်စိတ်ပဲ ရှိလေတော့ ဘာကိုမှလည်း စိတ်မဝင်စားပါဘူး။ မြန်မြန်စာ ငွေရှင်း ပြန်ရုံပါပဲ။

" မွေး ပြန်လာပြီလား "

" ဟုတ်..."

" မေမေ ဈေးသွားချင်လို့ မွေးကို စောင့်နေတာ..."

သည်လောက်ဆို မွေးသိပါတယ်။ မေမေ့မှာ ဈေးဖိုး မရှိတော့ဘူး လေ...။ မေမေက ကိုနိုင်နဲ့ မယုဆီမှာ ဈေးဖိုးမတောင်းချင်တိုင်း မွေးကိုသာ အပူကပ်လေ့ရှိတာ။ တစ်ထောင်တန် ငါးရွက်ကို ထုတ်ပေးလိုက်ရတယ်။

အိပ်ချင်နေပြီမို့ မွေးပိုင်သော မွေ့ယာလေးကို လိပ်ထားရာက ဖြန့်ခင်းလိုက်ချိန်မှာ။

" မမ... မမ ပြန်လာပြီလား... လှလှနဲ့ ကစားရအောင် "

လက်ကိုအတင်းဆွဲနေလို့ လှည့်မကြည့်ပါပဲ သိတယ်။ အဖွားပါပဲ မွေးတို့အဖွား ဒေါ်လှလှတင်က အသက်ကိုးဆယ် ရှိပါပြီ။ အဖွား

ပုဆယ်ပြန်သလို သတိလက်လွတ်ဖြစ်နေတာလည်း တစ်နှစ်ကျော်သွားပြီ။ တစ်အိမ်လုံး ကျန်တဲ့မိသားစုတွေက နေ့ခင်းမှာ အလုပ်သွားနေပြီး မွေးပဲရှိတော့ မွေးကိုသာ ကစားဖော်အဖြစ်သတ်မှတ်ပြီး ဂျီကျလေ့ရှိပါတယ်။

" မွေး ခဏအိပ်မယ်... ပြီးတော့မှ ကစား..."

" မမကလည်း အခု မနက်မိုးလင်းနေပြီလေ အိပ်လို့ မရဘူး "

ဒါတော့လည်း သိသားပဲ။

ဒါပေမယ့်... သူ့မြေး ပန်းညမွေးဆိုတဲ့ ကောင်မလေးဟာ နာမည်ကြောင့်များ ညပိုင်းမှာမှ ကွန်ပျူတာ တာဝန်ယူရတဲ့ ဘဝကိုရနေတာလား။ ပုဆယ်ချင်းလေးယောက် စုပြီးဖွင့်ထားတဲ့ စာစီစာရိုက်မိတ္တူဆိုင်က ဆိပ်ကမ်းသာလမ်းမှာ အဆင်ပြေလှပါတယ်... ဒါပေမယ့်... နေ့ခင်းမှာတော့ နွယ်နီစိုးနဲ့ ဥက္ကာက တာဝန်ယူပြီး ညပိုင်းမှာတော့ မွေးနဲ့ ထူးသက်တင်က တာဝန်ယူရတယ်။ အနီးအနားမှာ ညလုံးပေါက်ဖွင့်တဲ့ဆိုင် ရှားလေတော့ လိုအပ်ရင် ညပိုင်းလည်း အလုပ်များပါတယ်။ လေးယောက် စပ်တူဆိုတော့... တစ်ယောက်မှ မနိုကပ်နိုင်ကြဘူးလေ။

" မမ မမ..."

အိပ်နေပါပြီဆို အနားမှာ တတွတ်တွတ်ခေါ်နေတယ်။

တကယ်သာ ညီမအငယ်ဆို အော်ဟစ်ပစ်မိမယ်။

သတိလက်လွတ်ဖြစ်နေတာ အဖွားမို့ ဘာမှလည်း မပြောရဲ...။

" အမေ... မွေးအိပ်ပါစေ... လာပါ... သား ပုံပြင်ဖတ်ပြမယ်..."

အဖွားတစ်ယောက် မွေးကိုဂျီကျနေမှန်း ဖေဖေကြားသွားပြီထင်ပါရဲ့... လာခေါ်သွားပြီ။ ဖေဖေကတော့ ငါးရာ့ငါးဆယ်နိပါတ်တော်တွေကို ပုံပြင်အဖြစ်နဲ့ အဖွားကို ဖတ်ပြနေလေ့ရှိပါတယ်။ တစ်ခါတလေမှာ ဖေဖေဖတ်ပြသမျှ ကလေးလေးလို ထိုင်နားထောင်တတ်တဲ့ အဖွားကို မွေးသနားပါတယ်။ ဒါပေမယ့် မနက်ပိုင်း မွေးမအိပ်လို့တော့ မဖြစ်ပါ။ ညကျရင် တစ်ညလုံး အလုပ်တွေ ပိချင်ပိနေတော့တာ။ ဖေဖေနှင့်မေမေက မွေး ညဘက်အချိန်ပိုင်းယူတာကို မနှစ်သက်လှပါဘူး။ ဥက္ကာနှင့် ထူးသက်တင်တို့

ယောကျ်ားလေးနှစ်ယောက် ညပိုင်းတာဝန်ယူစေချင်တာ။ ခက်နေတာက ဥက္ကာက အလုပ်သိပ်မကျွမ်းကျင်…။ နွယ်နီကလည်း အမေနဲ့ သမီး နှစ်ယောက်တည်း… ညဘက် နွယ်နီမရှိလို့ မဖြစ်ပြန်။

နောက်ဆုံးတော့ ထူးသက်တင်ဆိုတာ သူငယ်တန်းတည်းက ဘွဲ့ရထိ ခင်မင်ခဲ့ကြတဲ့ သူငယ်ချင်းတွေလည်း ဖြစ်ပြန် အန်တီလွင်နဲ့ မေမေကလည်း သူငယ်ချင်းဖြစ်နေလေတော့ မွေးကို ထူးသက်တင်က ဂရုစိုက်ပါဆိုပြီး ညပိုင်းတာဝန်ယူတာ မပြောတော့ပါဘူး။

ဖေဖေကတော့ ပုံပြင်တွေဖတ်ပြနေပေမယ့်… မွေးကတော့ အိပ်တော့ မယ်ဆိုမှ ဘေးအိမ်မှ ဆူညံဆူညံ ရန်ဖြစ်ကြပါရော…။ ဦးလေးကောင်းနဲ့တော့ ပြောသမျှ အဆင်မပြေရင် အော်ကျယ်ဟစ်ကျယ် ပြောတတ်ပါတယ်… ချွေးမညီညီကလည်း သည်းခံနိုင်စွမ်းကုန်ပြန်ရင် ပူညံပူညံ ပြန်ပြောတတ် ပြန်ရော…။ အမြဲလို အဲသည့်ဘက်ခန်းက ဆူဆူညံညံ ဖြစ်တတ်ပါတယ်…။

" ငါလည်းလေ… ညီတစ်ယောက်ရှိလို့ အိမ်ကလေးမှာ ဘေးဘက် ကာပေးထားပါတယ်… တစ်ရက်မှ နားမအေးရပါဘူး "

ဘာကယ်ဆို သည်အိမ်ကလေးက မေမေ့အိမ်ပါ…။ မေမေ အမွေ ရခဲ့တဲ့ အိမ်ကလေးဆိုပေမယ့် ဖေဖေ့ညီ ဦးလေးကောင်းကို နေစရာမရှိတော့ သနားလို့ဆို ဘေးဘက်တစ်ခြမ်းခြမ်းပြီး ထားခဲ့တာပါ။ ဦးလေးကောင်းရဲ့ သား ကိုကြီးကိုအောင်တို့ လင်မယားပါပါလာပြီး ချွေးမညီညီနှင့်က အမြဲ ဆူညံဆူညံ ဖြစ်တတ်ပါရော။

သူတို့ရဲ့ ဆူညံသံက အတော်ကြာပါတယ်။

နောက်မှ အသံတိတ်သွားတာ။

အိပ်ဖို့ပြင်တော့ ပန်းညမွေး…။ အခု နေ့ခင်းပိုင်း မအိပ်ရင် ညဘက် အလုပ်ရှိတဲ့အခါ ငိုက်နေမယ်။ မရရအောင် မျက်ဝန်းတွေမှိတ်ရင်းက အိပ်ချင်လာပါပြီ…။ ကောင်းတယ်… အိပ်မှ ဖြစ်မှာဆိုတော့ ရအောင်အိပ်…။

◈ ◈ ◈

ဟင်းချက်နေတဲ့ မနန်းဘေးမှာ မိညောင်က တညောင်ညောင်နဲ့...
မနန်းမို့နားမညည်းတယ်လို့ ပြောမိပြီ။ ရေချိုးခန်းထဲမှာ ရေချိုးနေတာတော့
ကိုကိုဖြစ်လိမ့်မယ်။ တကယ်တော့ သည်ခုနှစ်ထပ်မြောက် တိုက်ခန်းလေးက
ဖေဖေနဲ့မေမေ မဆုံးခင်က ဝယ်ထားခဲ့တာဆိုတော့... ကျွန်တော်တို့ ညီအစ်ကို
ရဲ့ အမွေဆိုင်ပါ။ ကိုကိုက မနန်းနဲ့လက်ထပ်ပြီး သူ့အခန်းလေးမှာ နေတယ်
ကျွန်တော်က ကျွန်တော့် အခန်းမှာ သူငယ်ချင်း ကျော်ကျော်ဒွန်းနဲ့ နေတယ်

"ဒွန်းကြီးရော ဖိုးတိုး..."

"ညက သူ့အဖေကို အိပ်မက်လို့ နေမှကောင်းရဲ့လားဆို ပဲခူး
သွက်သွားပြီ... ညတော့ ပြန်လာမယ် ပြောတာပဲ..."

"ဒါဆို ငါ ဟင်းထည့်မချက်တော့ဘူး..."

မနန်းရဲ့ဟင်းက ခွဲတမ်းနဲ့လေ...။ လေးယောက်စာ ဝေစုနဲ့ချက်တာ

"မချက်နဲ့... ကျွန်တော်လည်း သည်မနက်စာ မစားဘူး"

"ဟင် မင်းကရော ဘာလို့လဲ ဘယ်သွားမှာမို့လဲ..."

"ပံသုဆီသွားမှာ... သူငယ်ချင်းခြောက်ယောက်စုပြီး တိုက်ခန်
တစ်ခန်း ငှားနေတယ်တဲ့... အဲဒါ ကျွန်တော့်ကို သူတို့အခန်းရဲ့ အောက်ဆုံ
ထပ်မှာ ဖွင့်ထားတဲ့ ပန်းပေါင်းစုံထမင်းဆိုင်မှာ ထမင်းကျွေးမလို့တဲ့...

ပံသုတို့ တိုက်ခန်းက ရှာရလွယ်ပါတယ်။ အောက်ဆုံးမြေညီမှာ
ထမင်းဆိုင်ရှိတယ်... စာစီစာရိုက် မိတ္တူဆိုင်ကလေးရှိတယ်။ လှေကားအတိုင်
တက်ခဲ့ပြီ...။ တံခါးခေါက်တော့ တစ်ယောက်က လာဖွင့်တဲ့အခါ

"ပံသုရှိလား"

"ရှိတယ်... ပံသု... ဧည့်သည်"

"ဧည့်သည် မဟုတ်ပါဘူး... ငါ့သူငယ်ချင်းပါ... တိုးတိုးလင်းဘဲ

နောက်ဆို ခဏခဏရောက်လာမှာ... သူက မော်ထွန်းတဲ့ "

ပံသု ကုတင်မှာပဲ ထိုင်နေလိုက်တယ်။ အခန်းက အကာအရံ မရှိပါပဲ အခန်းဖွင့်ဆိုတော့ လူခြောက်ယောက်ရဲ့ ခြောက်နေရာယူထားတာလေး တွေ့ရတယ်။ ကျွန်တော် စိတ်ဝင်စားစရာလေးတစ်ခုကို တအံ့တသြ တွေ့ရတဲ့အခါ မနေနိုင်စွာနှင့် အနားထိ သွားကြည့်မိတယ်။

ကုတင်ခေါင်းရင်းတစ်ခုမှာ ချိတ်ထားတဲ့ ခဲပန်းချီကား တစ်ချပ်...။ မျက်နှာက ခပ်စောင်းစောင်းအနေအထားနှင့် ကြည့်နေတဲ့ပုံ...။

ပန်းချီကားထဲက ကောင်မလေးက ကြည့်နေသလိုပါပဲ။ ဒွန်းကြီးသာ တွေ့ရင် အဖွားလေးပုံက ဘယ်လို သည်ရောက်နေလဲပြောမှာ...။

" တိုးတိုးလင်း... လာကွာ... ထမင်းစားကြမယ် "

ပံသုက သူ့ပခုံးကို ဖက်ခေါ်သွားပါတယ်။ ပံသုက ပြောတယ်။

" မင်း ခုနက ပန်းချီကား သွားကြည့်တာမဟုတ်လား "

" ဟုတ်တယ်..."

" အဲဒါ ထူးသက်တင်ရဲ့ ကုတင်ပေါ့... မော်ထွန်းကတော့ ထူးသက်တင်ရဲ့ ကောင်မလေးလို့ ပြောတာပဲ "

" ထူးသက်တင်ရဲ့ ကောင်မလေး..."

ရင်ထဲဘာဖြစ်သွားပါလိမ့်...။

အရုဏ်ဦးအဖော်မွန်လေးမှာ ပိုင်ဆိုင်သူ ရှိပြီးသားဆိုပါလား။ ကျွန်တော့်မျက်နှာကလည်း သည်မျှ ဟန်ဆောင်မကောင်းတော့တဲ့အခါ...

" ဘာဖြစ်တာလဲ..."

" အဲဒါ ငါ့ရဲ့ အရုဏ်ဦး အဖော်မွန်လေးပေါ့..."

" အရုဏ်ဦး အဖော်မွန်... "

တွေ့နေကျ လက်ဖက်ရည်ဆိုင်လေး... ငြိမ်းချမ်းသော ဗာဒံရိပ်... လှပသောအရုဏ်ဦး...။ ပဲပလာတာတစ်ချပ်နှင့် လက်ဖက်ရည်တစ်ခွက်... ဒွန်းကြီးရဲ့ အဖွားလေး ခေါ်သံ... ရင်ထဲက ကြည်နူးစွာ လှိုက်ခုန်ခြင်း...

" ဒါဆိုရင်တော့ မင်းရဲ့ ရင်ခုန်သံကို ရပ်တန့်လိုက်တော့ "

" ရင်ခုန်သံတင် မဟုတ်ဘူး... အသက်ရှူပါ ရပ်သွားသလိုပဲ..."

" ဒါဆိုလည်း ထမင်းဆက်မစားနဲ့တော့..."

ပံသုက နောက်နေနိုင်သေးတယ်

သည်မှာ တကယ့်ကို ရင်ခုန်သံရပ်တန့်ဖို့... ဖြစ်နိုင်မလား... လွယ်မလား...။ မလွယ်လို့ ခက်ချင်ခက်လိမ့်မယ် ချစ်သူရှိပြီးသားဆိုတော့...။

" မင်း သူ့ကိုမြင်ဖူးလား နာမည်ရော သိလား "

" ပန်းချီကားထဲပဲ မြင်ဖူးတာ နာမည်မသိဘူး... မော်ထွန်းနဲ့ ထူးသက်တင်က ခင်တယ် ငါက မော်ထွန်းနဲ့ပဲ ခင်တာ... ထူးသက်တင်နဲ့က သည်အဆောင်ရောက်မှ တွေ့တာ... ဘာမှမကြာသေးဘူး ငါတို့က တစ်တွဲ ပဲ... အရင်အတူနေကြတော့... ငါက စိုးမင်းနဲ့... မော်ထွန်းက ထူးသက်တင် နဲ့ ဝဋ္ဌာက ထက်ဇော်နဲ့... ဝဋ္ဌာနဲ့ စိုးမင်းခင်တယ်... တစ်ယောက်တစ်ယောက် ခင်ရင်း ခြောက်ယောက်စုမိကြတာ... ငါတို့ခြောက်ယောက်မှာ ထူးသက်တင် က သည်အခန်းရဲ့ ငွေတစ်ဝက်တိတိပေးနေတာ... ငါတို့က ကျန်တဲ့ တစ်ဝက်ကို ငါးနဲ့စားပြီးမှ ပေးရတာ..."

ဒါဆို ထူးသက်တင်က ပြည့်စုံသလား။

အရဏ်ဦး အဖော်မွန်လေးရဲ့ နာမည်ကိုပင် မသိခင်မှာ ထူးသက် တင် ဆိုသောနာမည်နှင့် အကျွမ်းဝင်ရတယ်။

" မင်းသိချင်လို့လား... သိချင်ရင် မော်ထွန်းနဲ့ငါ လက်ဖက်ရည်ဆိုင် ထိုင်ရင်း ဟိုမေးသည်မေး မေးလို့ရပါတယ်... ဒါပေမယ့် သူများချစ်သူဆို ဘာလုပ်မလဲ... ရင်ခုန်နှုန်းမမြန်ခင် ရပ်သိမ်းလိုက်..."

" အေးပါကွာ..."

" မင်းရဲ့ အေးပါကွာကြီးက မအီမလယ်နဲ့..."

ခြေလှမ်းတို့က စမည်မှ မကြံရသေး။ ရပ်တန့်ပစ်ရမတဲ့...။

နှလုံးသားမှ ပုံရိပ်တွေက နှမြောစရာလို ခံစားရပါတယ်။ ဒွန်းကြီး ရင်တော့ သဘောကျမှာပါ။

◈ ◈ ◈

ညဦးပိုင်းထဲက အလုပ်များတာ။

မနက်ဖြန်မနက် အပ်ရမယ့် စာတွေမို့ပါတဲ့ သူတို့မှာလည်း စာအုပ်ချုပ်ရမှာဆိုပြီး ထိုင်စောင့်နေတယ်...။ ထူးနဲ့နှစ်ယောက် စကားပြော ချိန်တောင် မရတော့...။ ဒါတောင် အလုပ်တွေရဲ့ သုံးပုံနှစ်ပုံလောက်ကို ထူးက အမြဲယူနေကျပါ...။ မွေးကို အမြဲလို ညှာတာတတ်တယ်လေ...။

မနက်ကြီး လေးနာရီထိုးမှ အလုပ်အားလုံး ပြီးသွားတယ်။

" ပင်ပန်းနေပြီလား မွေး... ငါ လက်ဖက်ရည် သွားဝယ်ပေးမယ်..."

" သွားသောက်ရအောင်..."

ဆိုင်က သိပ်မဝေးဘူးလေ...။

ဆိုင်ရှင်ဦးလေးဝင်းနဲ့လည်း သိနေတာ... လမ်းနည်းနည်း လျှောက် လိုက်ရင် ရောက်ပြီ...။ နှစ်ယောက်သား ဆိုင်ကို ပိတ်ပြီး ထွက်ခဲ့တယ်။ လက်ဖက်ရည်မှာပြီးတော့... ကော်ပြန့်ကြော်ရပြီဆိုတာနဲ့ မှာလိုက်တယ်။

" မွေး "

" ဟင် "

" ငါ အလုပ်ရွေးတာ မှားပြီထင်တယ်... နင် အရမ်းပင်ပန်းတယ်... ငါက နဂိုရ်တည်းက ညလုံးပေါက် စာဖတ် ဂိမ်းကစားနဲ့ ညဘက် မအိပ်ရလည်း ဖြစ်တဲ့လူ... နောက်နေ့ တစ်နေကုန်အိပ်နေတာ... နင်က တော့... ဥက္ကာနဲ့ လဲလိုက်မယ်ဟာ..."

" ဥက္ကာနဲ့ နွယ်နီက မခွဲချင်ပါဘူး... သူတို့က ချစ်နေကြတာပဲ..."

" ငါလည်း နင်နဲ့ဘယ်ခွဲချင်မလဲ မွေးရဲ့... ငါတို့လည်း ချစ်နေကြ..."

" မနောက်နဲ့... ရေနွေးပူတွေ ခြေခုံပေါ် လောင်းချလိုက်မယ်..."

" ငါ့ရင်ထဲက အချစ်က ပိုပူတယ်..."

" ပြောလေကဲလေပါလား ထူးရယ်..."

သူငယ်ချင်းလေးယောက်မှာ ဥက္ကာနှင့် နွယ်နီက ချစ်သူတွေဖြစ်သွားကြပြီ...။ ထူးကတော့ မွေးကိုချစ်တယ်လို့ အမြဲ ပြောနေတာပါ... မွေးကသာ အချစ်ဆိုတာမှာ... အမှန်ဝန်ခံရရင် ရင်မမောချင်ဘူး... အနီးကပ်ရှိနေတဲ့ ကိုနိုင်တို့ မယုတို့ပေးတဲ့ အချစ်သင်ခန်းစာတွေကို ကောင်းကောင်း ကျေညက်ပြီးတဲ့အခါမှာ... ခေါင်းညိတ်ရ မလွယ်တော့ပါဘူး။

" နင်ရော အပေါ်ထပ်အခန်းမှာနေတာ အဆင်ပြေလား..."

" ပြေပါတယ်... ပုံမှန်ပေါ့... အခန်းက ဒက်ဒီ့သူငယ်ချင်းအခန်းပါ ဒက်ဒီငှားပေးတာ... ငါ့ပိုက်ဆံမကုန်ဘူးလေ... ကျန်တဲ့ငါးယောက်ကို စာနာလို့ပေးထားတာပါ... တစ်ယောက်ခင်မင်မှု တစ်ဆင့်စီပေါ့..."

" ငါလိုက်ပို့မယ် နင်ပြန်အိပ်တော့... နင်ပင်ပန်းနေပြီ "

" ပြန်ဆိုပြန်မယ် နင်မပို့နဲ့..."

" ပို့မှာပေါ့... မှောင်နေသေးတယ်..."

နှစ်ယောက် အတူပြန်ခဲ့ကြတယ်...။ ထူးကို မနှစ်သက်တာက ငွေကို မလိုအပ်ပဲသုံးတာ... အနုပဲကြည့် ဈေးကြီးကားတွေလည်း ထွက်နေပါပြီ။ ဘတ်စ်ကားလေး လေးငါးမှတ်တိုင်စီးရင် ရောက်တာကို မဟုတ်ပါပဲ... ကားငှားလိုက်တယ်။ မွေးသောမှာထိုင်ရင် လက်မောင်းကို ကောင်းကောင်း အလိမ်ခံရတော့မယ်ဆိုတာ သိနေတော့ ရှေ့ခန်းမှာသွားထိုင်ဘယ်လေ...။ ဘယ်ရမလဲ ကားပေါ်ကဆင်းတာနဲ့ ဆူတော့တာပေါ့။

" နင်ဟာလေ အပိုဖြုန်းတယ်..."

" ဆယ်တဲ့ကန်သင်းကြီး သိပ်ကောင်းမှန်းသိလို့ ရေစီးပါရစေဆိုတော့ ခွင့်မပြုပဲနဲ့..."

အိမ်ကလေးက မီးရောင်မြင်နေရပါတယ်... ခရိုန် မေမေက ဘုရားရှိခိုးပြီးနေလောက်ပြီ။ ဒါကြောင့် တံခါးကို ဖွဖွခေါက်လိုက်တာ...။ ဧည့်ခန်းမှာ လူစုံပါလား...။ ဖေဖေ မေမေ ဖွားဖွားနဲ့ မယု...။ ဘာဖြစ်နေကြပြန်ပါလိမ့်။ ဟိုဘက်ခန်းကတိတ်ဆိတ်စွာအိပ်ရင် သည်ဘက်ခန်းက ဆူညံပြန်ပြီလား။

" နင့်အစ်ကိုလေ… စောစောစီးစီးရန်ဖြစ်သတဲ့… အံ့ပါရဲ့…"

" မေမေရယ်… ကိုနိုင်တို့လင်မယား ရန်ဖြစ်တာရယ်… ဦးလေး ကောင်းနဲ့ ညီညီတို့ သမီးယောက္ခမ ဆူတာရယ်ဟာ သည်အိမ်မှာ မရိုးနိုင် သေးဘူးလား… ထူး… ထိုင်ဦးလေ…"

ထူးက ဖေဖေ့အနားမှာ ဝင်ထိုင်တယ်။ ဖွားဖွားကတော့ ထူးဝယ်လာတဲ့ ကော်ပြန့်ကြော်ကို သဘောတကျ စားဖို့ပြင်နေတယ်။

ပြီးတော့ ပြောသေးတာ။

" ကိုကိုထူးကို အဲဒါကြောင့် လှလှကချစ်တာ" တဲ့… ထူးကိုတော့ ကောင်းကောင်း မှတ်မိခင်မင်တယ်လေ။ ထူးကလည်း အိမ်ကိုလာရင် အားကြီး လူလည်ကျတာ ဘယ်သူ့ဖို့ ဘာမှဝယ်မလာနိုင်ရင်နေ ဖွားဖွားဖို့တော့ မုန့်တစ်ခုခုပါအောင် ဝယ်လေ့ရှိပါတယ်။

" အဖေနဲ့ရောတွေ့ရဲ့လား ကိုထူး… မိဘနော်… ကိုယ့်ဘက်က မပစ်မှားမိစေနဲ့… ချစ်ချစ်ခင်ခင်နေ…"

မေမေကတော့ ထူးကိုတွေ့ရင် သည်စကားပဲ ပြောပါတယ်… ထူးကလည်း သူ့အဖေက နောက်အိမ်ထောင် ပြုရကောင်းလား အဆောင်မှာ သူငယ်ချင်းတွေနဲ့ နေခဲ့တာ ကြာလှပေါ့။ မေမေ ပြောဆိုဆုံးမတဲ့ နောက်ပိုင်း သူ့အဖေနှင့် သွားတွေ့တတ်လာပါတယ်။ ဒါကြောင့်လည်း ထူးရဲ့အဖေက မွေးတို့ အိမ်ကို ခင်မင်စွာ လာလည်တတ်ခဲ့တယ်လေ။

" ငါပြန်မယ်မွေး… နင်လည်း ပင်ပန်းနေတာ အိပ်တော့ "

ထူးကိုယ်တိုင်က ပင်ပန်းလည်း မအိပ်ပဲ နှစ်ရက်သုံးရက် နေနိုင်တာ ကို မွေးသိတယ်လေ မွေးကတော့မရဘူး… မနက်မိုးလင်းရင်ကို အိပ်ချင် နေပါပြီ။ ထူးပြန်သွားတာနှင့် အိပ်ဖို့ပြင်ပြီ… မေမေကတော့ ကိုနိုင်နှင့် မယုရဲ့ရန်ပွဲအကြောင်း ပြောပြချင်နေပုံပါ။ အဲသည့်ရန်ပွဲက အပ်ကြောင်း ထပ်နေလို့ နားထောင်ချင်စိတ်ကို မရှိတော့ပါဘူး။

◈ ◈ ◈

" သူ့အကြောင်း ငါတော်တော်သိလာပြီ "

" တယ်ဟုတ်ပါလား... စုံစမ်းတာ တယ်ကောင်းပါလား "

ဒွန်းကြီးကို ပြောပြမိတယ်။ ဒွန်းကြီးက ပဲခူးကိုတစ်ရက်ပြန်တာ ဟိုမှာ အလှူရှိလို့ဆို သုံးရက် ကြာသွားတယ်။ သည်ရက်တွေမှာ ပံသုဆ နောက်ထပ် နှစ်ခေါက် ရောက်သွားတယ်။

" စုံစမ်းတာ မဟုတ်ပါဘူး တိုက်ဆိုင်လာတာပါ..."

ထူးသက်တင်ဆိုတဲ့ လူတစ်ယောက်ရဲ့ သိပ်ချစ်ရသော အသည်းနှလုံး တဲ့လား...။ ထူးသက်တင်နဲ့ပဲ ညဘက် စာစီစာရိုက်ဆိုင်လေး တစ်ဆိုင် ဖွင့်ထားတယ်။ နေ့ခင်းမှာတော့ ဆိုင်မှာ တစ်ခြားသူငယ်ချင်းတွေ ထိုင်သတဲ့။

" သူ့နာမည် ပန်းညမွှေး တဲ့ "

" ညမွှေးပန်း..."

" ပန်းညမွှေးပါဆိုကွာ..."

" သူ့မှာ ချစ်သူရှိတယ်ပေါ့ "

" ချစ်သူ... ထူးသက်တင်ရဲ့ အသည်းနှလုံးလို့ သဘောထား... ချစ်သူလည်း ဟုတ်ချင်မှ ဟုတ်မှာပေါ့ "

" မကြောင်စမ်းပါနဲ့ ဖိုးတိုး... အဖွားလေးမှာ ချစ်သူရှိတာကို မင်းလက်မခံချင်တိုင်း လျှောက်မပြောနဲ့... ချစ်သူရှိနေပြီဆို မင်းရပ်သိမ်းလိုက် သိပ်လည်း မစွဲလန်းသေးပါဘူး မဟုတ်လား..."

" ငါ... သူ့ကိုစွန့်လွှတ်ရတော့မယ်ဆိုမှ မစွန့်လွှတ်နိုင်သလိုပါပဲ... ငါ တကယ်ချစ်နေတာပါ ဒွန်းကြီးရာ..."

" အတွေးမချော်နဲ့ ဖိုးတိုး... သည်လူနဲ့ တစ်ညလုံး ဆိုင်တစ်ဆိုင်မှာ

အတူအလုပ်လုပ်တာ... မင်းထက် ရင်းနှီးတယ်... ပြောရင်းဆိုရင်း လာပါပြီ"
ပန်းညမွှေး...
နာမည်လေးသိကာစကပင် ရင်ထဲမှ ထပ်တလဲလဲရွတ်ကြည့်နေမိတယ်။
ညမွှေး... သည်သို့ ကျွန်တော် ရင်ထဲမှ ခေါ်ပါရစေ...။
မပွင့်ခင်က ကြွေနှင့်သော ပန်းကလေးများလား ညမွှေးရယ်... အစိမ်းနုရောင်အလှကို အရဏ်ဦးမှာတွေ့ရတယ်။
" ချစ်သူဆိုရင် ကိုယ့်ချစ်သူကို အိမ်ထိ လိုက်ပို့ရမယ် ငါသာဆိုပို့မှာ"
" ဘာဆိုင်လဲ... နေရတာက တစ်ခြားစီလားမှ မသိတာ... ဘယ်ထိ လိုက်ပို့တယ်ဆိုတာလည်း မင်းသိလား ထားလိုက်ပါတော့လား ဖိုးတိုးရာ..."
ဟင့်အင်း... မစွန့်လွှတ်နိုင်ဘူးလို့ နှလုံးသားက ပြောနေတယ်။
ညမွှေးကို လှမ်းကြည့်ရင်းမှ ထူးသက်တင်ရဲ့ ကုတင်ခေါင်းရင်းမှာ တွေ့ရသော ပုံကလေးကို အမှတ်ရတယ်...။ ထူးသက်တင်နှင့်က အနီးဆုံး အနေအထားမှာ... သူနှင့်က အဝေးဆုံး အနေအထားမှာ...။
သည်အချိန်မှာမှ
" ဝုန်း " ဆိုတဲ့ ပစ္စည်းတစ်ခုခု ပြုတ်ကျသံဟာ ရုတ်တရက်တော့ ကျွန်တော်တို့တောင် ဘာဖြစ်ပါလိမ့်ဆို အလန့်တကြား လိုက်ကြည့်မိတယ်။
လက်ဖက်ရည်ဆိုင်ရဲ့ တာလပတ် အမိုးပေါ် တစ်ခုခု ပြုတ်ကျတာ။
" ဟာ... ကြောင်ကလေး ကြောင်ကလေး... အဝါကျားလေး... အပေါ်က ပြုတ်ကျတာ... သနားပါတယ် "
ဆိုင်က စားပွဲထိုးကောင်လေး အော်သံကြောင့် ကျွန်တော် ထိတ်သွားပြီး အမိုးပေါ်ကို လှမ်းကြည့်တဲ့အခါ...။
" မိညောင်... မိညောင်ပါလား "
မိညောင် ဆေးဝရန်တာက ပြုတ်ကျလာတာ။ ကျွန်တော် သွားကြည့်တဲ့အခါ မိညောင်က အမိုးပေါ်မှာ ယိုင်နေတယ်။ မူးဝေသွားပုံပါလား။
" ဟိုးခုနစ်ထပ်ပေါ်က ပြုတ်ကျလာတာ... ခုနစ်ထပ်ပေါ်က ပြုတ်ကျ မှတော့ ကြောင်ကလေးက မမူးပဲ ခံနိုင်ရိုးလား..."

အသံကြောင့် လှည့်ကြည့်မိတော့ ညမွှေး ရပ်ကြည့်နေတာပါလား။

" သနားပါတယ် သူ့အထပ်သူ ရအောင် ပြန်တက်ဦးမယ် "

" အဲသည့် ခုနစ်ထပ်က ကျွန်တော်တို့အခန်းပါ... ကျွန်တော့် မရီး ကြောင်ပါ... မိညောင်တဲ့..."

ရုတ်တရက် မရည်ရွယ်ပါပဲ ညမွှေးကို ရှင်းပြမိတယ်။

" ဟုတ်လား... ရှင့်ကြောင်လား... သနားပါတယ်... ဂရုစိုက်လိုက်ဦး နော်... လိုအပ်ရင် ဆရာဝန်ပြလိုက်ပေါ့ "

သည်သို့ပြောပြီး ညမွှေးက ထွက်သွားပါပြီ။ မိညောင်ကလည်း ာရန်တာတစ်ခုက တစ်ခုကူးပြီး ပြန်ထွက်သွားပြီလေ။

" ဖိုးတိုး... ဈေးသွားလိုက် "

" ဈေး... ဘာသွားလုပ်ရမှာလဲ "

" မိညောင်ဖို့ ပုစွန်ခြောက် ဝယ်လေကွာ... မိညောင်ကျေးဇူးနဲ့ မင်းတို့ စကားပြောခွင့်ရသွားပြီ... မင်းဘယ်မှာနေလဲတောင် သူသိသွားပြီ"

" ငါ မရည်ရွယ်ပါဘူး... အမှတ်မထင် ပြောလိုက်မိတာပါ..."

ညမွှေးရဲ့အသံကို ကြားဖူးရတယ်။

အသံကလည်း သူမမျက်နှာလိုပင် မာန်ရှိနေသလိုပါပဲ။ မိညောင်ကို သနားပါတယ်လို့ ပြောနေပေမယ့် အသံက မနွဲ့ဘူး။ သနားတာတောင် ပြတ်ပြတ်သနားပုံရတယ်။

" ခုတည်းက စိတ်ကိုဖြတ်... မဖြတ်ရင် မင်းပဲ စိတ်ညစ်ရမယ်နော် "

စိတ်ညစ်ရမယ်တဲ့

အခုအခြေအနေမှာတောင် ထူးသက်တင်ဆိုတဲ့နာမည်က ကျွန်တော့် ကို စိတ်မကြည်လင်ခြင်းတွေ ပေးစွမ်းနေတာ ကိုယ့်ဘာသာအသိဆုံးပေါ့... နောက်မှလည်း တွေသေး မောင်ဦး မှည့်ချင်လို့တော့ ဖြစ်ပါ့မလား ညမွှေး ယ်။ ဒါပေမယ့် ညမွှေးကို မစွန့်ပစ်ချင်တဲ့ စိတ်တွေကတော့ ရင်မှာရှိနေဆဲ။

◈ ◈ ◈

" မမ "

" ရှင်..."

" ကိုကိုထူး မလာဘူးလား... လုလု မုန့်စားချင်တယ် "

ညနေဘက် ဆိုင်သွားဖို့ ရေချိုးအလှပြင်နေတုန်းမှာ အဖွားက ဘေးမှာလာပြီး ထူးကိုမေးနေတယ်လေ။ ဒါကြောင့် ပိုက်ဆံအိတ်ထဲက ငွေတစ်ရာတစ်ရွက် ထုတ်ပေးလိုက်တော့မှ သဘောကျစွာထွက်သွားပြီ... ပြီးရင် လမ်းထိပ်က မုန့်ဆိုင်ကို သွားဝယ်စားတော့မှာ။

ဖေဖေက ဖွားဖွားတစ်ယောက်တည်း လျှောက်ထွက်သွားတာကို မကြိုက်ဘူးလေ။ ဒါပေမယ့်... ဖွားဖွားက မေမေ မီးဖိုထဲရောက်နေချိန် ဖေဖေအလုပ်သွားချိန်ဆို တစ်ယောက်တည်း ထွက်သွားတတ်ပါတယ်။ မယုကလည်း... ဘယ်တော့မှ မပြော။

" မွေး ထမင်းစားတော့လေ..."

" မစားတော့ဘူး မေမေ... ထူးက သည်ညနေ ကြာဆံကြော် ဝယ်ထားမယ်တဲ့... မွေးသွားတော့မယ်..."

ထင်တဲ့အတိုင်း လမ်းထိပ်မုန့်ဆိုင်မှာ ဖွားဖွားက ငါးမုန့်ကြော် တစ်ထုပ်ဝယ်ပြီး ကောင်းကောင်းစားနေတော့တာ။

" ဖွား... အိမ်ပြန်လေ... အိမ်ကျမှစား "

" အိမ်ကျမှစားလို့ မဖြစ်ဘူး မမရဲ့... ဟို ဒေါ်လေးယုက လုလု မုန့်ဆို လုစားတတ်တယ်... သည်မှာကုန်အောင်စားပြီးရင် ပြန်ပါမယ်..."

အဖွားစကားကြောင့် မွေးပြုံးရတယ်။ မယုကလည်း မယုပါပဲ...

အဖွားဆီကမုန့်ဆို မွေးတို့ရှေ့မှာတောင် တောင်းစားတတ်တာ...။ မုန့်ကုန်ရင် ...မ်ပြန်နော် အဖွားဆိုတော့ ခေါင်းညိတ်ရှာတယ်။

လက်ဖက်ရည်ဆိုင်ဘေးက ဖြတ်လျှောက်တဲ့အခါ မနက်တိုင်း တွေ့နေကျမို့ စားပွဲထိုးလေးကတောင် မွေးကို ပြုံးပြတယ် သည်အခါမှာ ...နှစ်ထပ်က ပြုတ်ကျလာသော ကြောင်ကလေးကို အမှတ်ရမိပါတယ်။ ...ကြောင့် အပေါ်ခုနှစ်ထပ်ဆီ မော့ကြည့်လိုက်မိတဲ့အခါ...။

ဟင်...

ဘေးဝရန်တာမှာ လူတစ်ယောက် ရပ်ကြည့်နေတယ်။ မွေးကို တွေ့သွားပြီ ဟုတ်သားပဲ... ကြောင်ပြုတ်ကျတဲ့နေ့က ပြောတယ်...။

အဲ့သည့် ခုနှစ်ထပ်က ကျွန်တော်တို့ အခန်းပါ။

ကျွန်တော့် မရီးရဲ့ ကြောင်ပါ။

မိညောင်တဲ့။

သည်သို့ ပြောတာ အမှတ်ရမိပြီ။

မွေး မျက်ဝန်းတွေ ပြန်လွှဲမည်ပြုဆဲ သူက ဘေးနားမှာရှိသော ကြောင်ကလေးကို ကောက်ပြီး မြှောက်ပြတယ်။ မွေးပြုံးရင်း ခေါင်းညိတ်ပြ ...က ထွက်ခဲ့ပြီ။ သူတို့ တိုက်ခန်းက မြင့်လိုက်တာ။ အဲလိုမျိုး ခုနှစ်ထပ်မှာသာ ...နေရရင် မေမေ့ ဒူးနာပုံနှင့်က မလွယ်။

အခု အိမ်ကလေးရဲ့ လှေကားငါးထစ်ကိုတောင် တစ်နေ့ ဈေးနှစ်ခါ ...ပုံးခါသွားရင် မေမေ ဒူးနာတယ် ညည်းသံကြားရပြီ။

ဆိုင်ရောက်တော့ အချိန်စောနေတယ်... ဥက္ကာက စာတစ်စောင် ...ိုက်နေပြီး နွယ်နီကတော့ ဥက္ကာနားမှာ ပူးကပ်ထိုင်နေတာပါပဲ။

" စောလှချည်လား မွေး ထူးသက်တင်တောင် ဆင်းမလာသေးဘူး"

" ထူး မလာသေးဘူးလား လာမှာပေါ့..."

ဥက္ကာက တစ်နေကုန်ရတဲ့ငွေကို ထူးလာရင် ထူးနဲ့ရှင်းကြတယ် ...ူးက အပေါ်ဆုံးထပ်မှာနေပေမယ့် ယောကျ်ားလေး ခြောက်ယောက်စုနေတာ ...မွေး အပေါ် တက်မသွားရဲပါဘူး။ ဒါပေမယ့် ရတယ်လေ။ ပလက်ဖောင်းပေါ် ...နေ ထူးတို့အထပ်ရဲ့ ကြိုးကို လှမ်းဆွဲလိုက်တာပေါ့။

လူတစ်ယောက်ထွက်ကြည့်တယ်။

" ထူးသက်တင် ရှိလား..."

" ရှိတယ် ခဏစောင့်..."

ခဏနေတော့ ထူးထွက်လာပြီး စောင့်နေ ခုပဲဆင်းခဲ့မယ်တဲ့။ တကယ်ပဲ မွေးထိုင်ရုံရှိသေး ထူးရောက်လာပါတယ်။

" ကြာဆံကြော် သွားဝယ်ဦးမယ်..."

" မွေးလည်းလိုက်မယ် "

" လိုက်မယ့်အတူတူဆို မင်းတို့နှစ်ယောက် ဆိုင်မှာပဲ စားခဲ့ကြ... ငါ စာရင်းတွေ ပေါင်းထားမယ် "

ဥက္ကာပြောတာနဲ့ နှစ်ယောက်အတူ ထွက်လာခဲ့ကြတယ်။ နွယ်နီ ကတော့ နင်တို့ စားပြီးတာနဲ့ ပြန်လာခဲ့နော် ငါတို့နှစ်ယောက် ရုပ်ရှင် ဝင်ကြည့်ဦးမှာတဲ့။ အဲသည့်စုံတွဲက ကြည့်လည်းကြည့်နိုင်လွန်းတဲ့ရုပ်ရှင် တစ်ပတ်ကို သုံးလေးခါ ရုပ်ရှင်ကြည့်တယ်။ မွေးကတော့ ရုပ်ရှင်ကြည့်ဖို့ နေနေသာသာ... နေ့ခင်းဆို အိပ်ပဲအိပ်နေမိတော့တာ။

ကြာဆံကြော်မှာထားတာ စောင့်ရင်း... စကားပြောမိကြတဲ့အခါ

" ငါတို့လည်း ရုပ်ရှင်မကြည့်ဖြစ်တာ ကြာပြီ "

" မကြည့်ချင်ဘူးပါဘူးဟာ... ခေါင်းကိုက်ပါတယ်..."

" ငါ အလုပ်တစ်ခုပြောင်းရင် ကောင်းမလား စဉ်းစားတယ် မွေး... နင်ပင်ပန်းလွန်းတယ်... ဒါမှမဟုတ်..."

" ထူးရယ်... အခုလည်း အဆင်ပြေနေတာပဲ... ညဘက် ဆိုင်ရှားတော့ ငါတို့အလုပ်က ညဘက်ပိုင်း အများကြီးရိုက်ရတယ်... မဆိုးပါဘူး..."

" အခုလောလောဆည်တော့ ဟုတ်တာပေါ့ ရေရှည်ကျတော့..."

" ရေရှည်..."

" အင်းလေ... နင်နဲ့ငါနဲ့ လက်ထပ်ပြီးတဲ့အခါ..."

" အမလေး... ဘာများလဲလို့ မုန့်ဆီကြော်က ဘယ်နေမှန်းမသိဘူး... နှုတ်ခမ်းနာနဲ့ တည့်ပါ့မလားဆိုတာ နင်ဖြစ်နေပြီ... ငါကဖြင့် နင့်ကို

ချစ်သူလိုချစ်ဖို့ တစ်ခါမှ မစဉ်းစားဖူးဘူး…"

ရယ်ရင်း မျက်စောင်းထိုးစားပွဲဆီ မျက်ဝန်းရောက်တယ်။ လူ တစ်ယောက်က မွေးတို့ကို သေချာကြည့်နေတာပါလား။ ဘာရယ်မသိ ကြုံလို့ကြည့်တာလားလို့ ထင်မိပေမယ့် ခဏခဏနဲ့ သေချာကြည့်တယ်။ သည်လူကို မွေး သိတော့မသိပါဘူး… ဒါပေမယ့် မြင်ဖူးသလိုပါပဲ။

" တကယ် တစ်ခါမှ မစဉ်းစားဖူးဘူးလားဟင် မွေး "

" ဒါပေါ့ "

" တစ်ခါလောက် စဉ်းစားကြည့်ပါလား "

" အင်း… စဉ်းစားကြည့်သေးတာပေါ့… ဒါပေမယ့် ထူးရယ်… အိမ်ရောက်ရင် အိပ်ချင်တော့ အိပ်လိုက်ရော… အိပ်ပျော်သွားတော့ ဘာမှ စဉ်းစားလို့မရတော့ပါဘူး…"

မွေးတို့ ကြာဆံကြော်စားပြီး ပြန်မယ်လုပ်တော့လည်း အဲသည့်လူက ကြည့်နေတယ်။ ဘယ်သူလဲ… မွေးတို့ကိုသိလို့လား။ ထူးကို သိလို့လား…။ ထားပါလေ… ဘယ်သူ့ကိုပဲသိသိ ထားလိုက်စမ်းပါတော့…။ နောက်တစ်ခါ တွေ့စရာ အကြောင်းလည်း မရှိပါဘူး…။

" မွေး… တစ်ခါလောက် စဉ်းစားနော် "

ထူးရယ်…

အချစ်ဆိုတာ အဲလောက် စဉ်းစားနေရသလားဟင်။

◈ ◈ ◈

" ထူးသက်တင်ဆိုတာ မင်းထက် အများကြီးချောတယ်... ပြင်ဆ
တာကလည်း ခေတ်မီတယ်... မင်းက အဖိုးလေးပုံပေါက်နေပြီ... ဖိုးတိုး
စိတ်လျှော့လိုက် သူငယ်ချင်း စိတ်လျှော့..."

ဒွန်းကြီးကတော့ ညဦးပိုင်း ပြန်ရောက်တည်းက အရဏ်ဦး အဖေ
မွန်လေးကို ထူးသက်တင်ဆိုတဲ့ လူနဲ့ အတူတွေ့ခဲ့တယ်တဲ့။ ကြာဆံကြေ
စားနေကြတယ်... မျက်စောင်းထိုးလောက် နီးကပ်တဲ့ အနေအထားမှာ
ညမွှေးကိုရော ထူးသက်တင်ကိုပါ အသေအချာတွေ့ခဲ့ကြောင်း ပြောပါတယ်

ပ်သုဆီရောက်ပေမယ့် ထူးသက်တင်နှင့် သူ တစ်ခါမှ မဆုံ
တစ်ခါကလည်း နေ့ခင်းမှာ ထူးသက်တင်က သေချာကို ခြင်ထောင်
အိပ်နေလေတော့ မမြင်ခဲ့ရ...။

" သူတို့နှစ်ယောက်ဟာ အများကြီး ရင်းနှီးမှုရှိတယ် တစ်ညလုံးအတ
မိတ္တူဆွဲ ကွန်ပျူတာစာစီနဲ့... မင်းနဲ့က အဝေးကြီး သူတို့က အနီးလေး...

ဟုတ်တာတွေ ပြောနေမှန်းသိပေမယ့် မနှစ်သက်နိုင်။

ညမွှေးရဲ့အကြည့်လေးတွေကိုလည်း မမေ့နိုင်။ မိညောင်က
သတိတရနဲ့ ကျွန်တော်တို့အထပ်ဆီ ညမွှေးမော့ကြည့်တယ်။

မိညောင်ကို မြှောက်ပြလိုက်တော့ ပြုံးသွားတယ်။ ကျွန်တော်တို
တစ်ယောက်နဲ့ တစ်ယောက် မျက်မှန်းတန်းမိနေပြီပဲနော်...။

" ငါသွားကြည့်မယ် "

" မင်းက ဘယ်ကိုသွားကြည့်မှာလဲ..."

" သူတို့ဆိုင်ကိုပေါ့..."

" ဘာလဲ ထူးသက်တင်နဲ့ အတူယှဉ်တွဲမြင်ရအောင်လား... အင်း... ကောင်းပါတယ် အဲသည်တော့မှ မင်းလက်ခံလို့ရမယ်ဆို သွားကြည့်..."

" အတူယှဉ်တွဲ အလုပ်လုပ်တယ်... အတူစားတယ် ဒါနဲ့တင် ချစ်သူဖြစ်ရရောလား..."

" ပံသုတို့ကလည်း ပြောတာပဲ မဟုတ်လား... မင်းက အမှန်ကို လက်မခံချင်လည်းနေ... ဘာလဲ ပန်းညမွှေးနှုတ်ဖျားက ကျွန်မမှာ ချစ်သူ ရှိပါတယ်ဆို ထူးသက်တင်နဲ့ မိတ်ဆက်ပေးမှ မင်းယုံကြည်မှာလား..."

" အဲလိုပဲ ဖြစ်လိမ့်မယ် ထင်ပါတယ် "

ညမွှေးပြောရင်တော့ ယုံကြည်ရခက်စွာ ယုံကြည်လိုက်ရမှာပါပဲ...။

" ငါ... သည်နေ့ညပဲသွားမယ် "

" ဘာသွားလုပ်မလဲ "

" ရေးထားတဲ့ စာမူကို သွားရိုက်ခိုင်းမယ်..."

" မင်း အရင် ဂျာနယ်တိုက်တွေကို လက်ရေးမူနဲ့ပဲ ပို့နေတာ... မကြောင်စမ်းပါနဲ့... ဆောင်းပါးတွေရေး ဝတ္ထုတွေရေး ကဗျာတွေစပ်နေတဲ့ တိုးတိုးလင်းဆိုတဲ့ နာမည်ကို ပန်းညမွှေး သိစေချင်တာလား "

" တိုးတိုးလင်း ဆိုတာ ဘာအလုပ်ပဲလုပ်လုပ်... ပန်းညမွှေးကို ချစ်တာကတော့ သန့်သန့်လေးပဲ... မင်းလိုက်ချင်လိုက်... မလိုက်ချင်လည်း ရတယ်... ငါ သည်ည နည်းနည်းညဥ့်နက်အောင် စောင့်သွားမယ်..."

မင်းသူငယ်ချင်းဖြစ်မိတော့လည်း ဝဋ်ရှိသရွေ့ အတူလိုက်ခံရဦး မှာပေါ့တဲ့...။ မလိုက်တာလည်းမဟုတ်ပဲ နည်းနည်းတော့ ပြောလိုက်ရမှ...။

" ငါ တရေးအိပ်မယ်... ညလယ်မှ သွားရအောင် "

" အိပ်လေ "

ကျော်ကျော်ဒွန်းက သူ့ရုပ်ပြတွေ မနေ့ကပဲ အချောသတ် အပ်ပြီးလို့ ခေါင်းအေးနေပြီဆိုတော့... ခုရက်ပိုင်း ဝအောင် အိပ်ဦးတော့မယ်...။ ...ကြောင့် ဘေးဖက်ဝရန်တာကို ထွက်လိုက်တယ်။ ဗာဒံပင်ရဲ့ အညွန့်တွေ ရှိသော တဝိုက်က အောက်ဖက်နားမှာ။ ခုချိန်တော့ လက်ဖက်ရည်

ဆိုင်လေးတောင် အိပ်ယာဝင်စပြုပြီ။

ညမွှေး...

ကျွန်တော့်ကိုတွေ့ရင် ဘယ်လိုခံစားမလဲ သိချင်လှပြီ။

ဒါပေမယ့်... အချိန်နည်းနည်းစောင့် ရုံဆိုတော့... သိချင်စိတ်ကိုလည်း ခဏတော့ သည်းခံနေရမှာပေါ့လေ...။

" အိပ်မယ်ဆို..."

" အိပ်မရဘူး..."

အနားမှာ ဒွန်းကြီး လာရပ်နေတယ်။

ခြေထောက်ကို ပွတ်သတ်လိုက်တဲ့ အတွေ့အထိအရ မိညောင်လို့ သိရတယ်။ ခုချိန်ကြီး ကျွန်တော့်ကို မှတ်မိစေချင်လို့ပါဆို မိညောင်ကို လွယ်အိတ်ထဲ ထည့်ခေါ်သွားရင် ဘာကြောင်တာလဲလို့... ညမွှေး ပြောမလား ကြောင်တစ်ကောင်နဲ့ ခပ်ကြောင်ကြောင် လူတစ်ယောက်လို့ ထင်မှာလား။

" ငါ အဲသည့်လမ်းထိပ်က ဆိုင်တစ်ဆိုင်မှာ စောင့်နေ‌ဖွဲ့သ်"

" ဘာလို့လဲ ဆိုင်ထိလိုက်ခဲ့လေ "

" အဖွားလေးက ငါ့ကို မှတ်မိနိုင်တယ် ငါ ပေါ်တင်ကြီးကို ကြည့်ထားတာ..."

ဖြစ်ရမယ်။

ရတယ်လေ... နေခဲ့လို့ပြောလိုက်တယ်။

ထူးသက်တင် ဆိုတဲ့လူကိုတွေ့ရဦးမယ်။

"ထူး... နေမကောင်းလည်း ပက်လက်ကုလားထိုင်မှာ အိပ်ပါလား...
ည်နေ့ အလုပ်လည်း နည်းတာပဲ... မွေးရိုက်လိုက်ပါမယ်..."

" နေကောင်းပါတယ်... ချွေးထွက်နေတုန်း ရေချိုးလိုက်တာ
တစ်မျိုးကြီး ဖြစ်သွားလို့ပါ..."

ထူးက ခပ်ပေပေရယ်.... ဖျားလည်း ဆေးသောက်ချင်မှသောက်တာ။

" ကိုယ်ပူလား "

" သိချင်ရင်စမ်းကြည့်..."

အနားကို တိုးလာတော့... ပခုံးကိုသာ ညင်သာဖွဖွ တွန်းလိုက်တယ်။

အရိပ်တစ်ရိပ်။ ဆိုင်ထဲကို ဝင်ဖို့ ရပ်နေတဲ့အခါ... မွေးတို့ကြည့်မိပြီ။

" စာရိုက်ချင်လို့..."

" ဩော်... ရှင်..."

" ဒါ... ခင်ဗျားဆိုင်လား..."

" ဟုတ်တယ်... ဘာလုပ်မလဲ "

မှတ်မိပါတယ်

သတ္တမမြောက်အလွှာမှာ ကြောင်တစ်ကောင်ရှိနေတဲ့အခန်းက လူ။

" မနက်ကို ပေးစရာ စာမူတစ်ပုဒ် အရေးကြီးလို့ ရိုက်ချင်လို့..."

" ထိုင်လေ..."

ထူး လှမ်းကြည့်တယ်။ မွေး ဘေးမှာ သူဝင်ထိုင်လိုက်တဲ့အခါ...
င်းတယ်ဆိုရုံ ရေမွေးနံ့နှင့်အတူ...။ သူပေးလာတဲ့ စာရွက်ထပ်ကို
ကြည့်လိုက်တယ်။ လက်ချောင်းကလေးတွေက ရှည်မျောမျော...
ယောင်းလက်ဆိုတာမျိုးလား...။ ရွှေမောင်းကွင်းတစ်ကွင်းကို လက်သူကြွယ်
မှာ စွပ်ထားတယ်...။ လက်ကောက်ဝတ်မှာတော့ ဟဲန်ချိန်း ခပ်ပါးပါးလေး

ပလား… မနန်းဖျော်ပေးမယ်…”

အိမ်ရှေ့ခန်းကနေ မနန်းက လှမ်းအော်မေးပါတယ်။

“ မသောက်ဘူး မနန်းရေ… သည်နေ့မနက် အချိုမြိန်ဆုံးသော လက်ဖက်ရည်ခွက်ကို ဖိုးတိုးသောက်ဖို့ ရင်ခုန်စွာ စောင့်စားနေလေရဲ့ ”

“ ဟုတ်လား…”

“ ဟုတ်တယ် မနန်း… ဝတ္ထုခေါင်းစည်းနာမည်ကိုက ကြောင်ရေးတဲ့ ပုံးစာပါဆို ”

ဒွန်းကြီးပြောတာကို မနန်းကရယ်ရင်းမှ ဖိုးတိုးတောင်မှ ရင်ခုန်စရာ တွေ ရှိနေပြီလားတဲ့…။ ခဏနေတော့ ရေချိုးလိုက်တယ်။ ညမွှေးရဲ့အမြင် မှာ သန့်ရှင်းကြည့်ကောင်းနေချင်တယ်လေ။ ပြီးတော့ မီးခိုးရောင်အကွက် ပက်ရှည်ကို ထုံးစံအတိုင်း လက် ကြယ်သီးတပ် ဝတ်လိုက်တယ်…။

“ သိပ်လှချင်နေသလိုပဲ… မင်း ဘယ်လိုပြင်ပြင် ထူးသက်တင်ကို မြင်ခဲ့တယ်နော်…”

“ သိပ်လှချင်တာတော့မဟုတ်ဘူး… ဒါပေမယ့် ချစ်သူ့မျက်ဝန်းမှာ သန့်ရှင်းကြည့်ကောင်းစေချင်တာတော့ ဟုတ်တယ်…”

“ ဟုတ်ပါပြီ… ခုချိန် လက်ဖက်ရည်ဆိုင်လည်း ဖွင့်ပါပြီ… စောင့်ပေ ဦးတော့… ငါတော့ ခဏနေမှ မင်းရင်ခုန်နေပုံလေးကို ထွက်ချောင်းမယ်”

တစ်ယောက်တည်း လက်ဖက်ရည်ဆိုင်ကို ဝင်ခဲ့တယ်။ ကိုညိုတောင်မှ ပဲပလာတာတို့ အီကြာကွေးတို့အတွက် ပြင်ဆင်ဆဲ။

“ စောသလားလို့ တိုးတိုးလင်း…”

“ ဟုတ်ကဲ့…”

ဒါပဲ ပြောပြီး အပြင်ဘက်ဆုံး ခုံလေးမှာ ထိုင်နေမိတယ်။ ခဏနေမှ မှာမယ်ဆိုပြီး လက်ဖက်ရည်ကြမ်းတစ်အိုးနဲ့ ထိုင်နေတာ။

“ ဦးလင်း… ဦးဒွန်းကြီး မနိုးသေးလို့ စောင့်နေတာလား ”

ကိုညို့သမီးလေး အိပုံ့ကတောင် ဒွန်းကြီးကို စောင့်နေတယ်ထင် တာ။ ပြုံးရုံပဲ ပြုံးပြလိုက်တယ်။ ခဏနေရင်တော့ ညမွှေး ရောက်လာမှာပါပဲ။

ညမွှေးကတော့ သူမ ပြန်လာနေကျအချိန်မှာ ရောက်လာခဲ့ပါတယ်။

" ဝမ်းသာလုံးဆို့နေပြီ... နာမည်လည်းသိသွားပြီ ရိုက်ထားတဲ့ စာမူကိုလည်း လက်ဖက်ရည်ဆိုင်မှာ တွေ့ရင်ပေးမယ်... အခြေအနေက အရမ်းကောင်းလွန်းတော့ မင်း သိပ်ပျော်သွားပြီပေါ့..."

ပျော်တာရော ဝမ်းသာတာရော...။

ဒါပေမယ့် စိတ်မှာထင့်နေတဲ့ မကြည်လင်ခြင်းလေးတော့ ရှိနေဆဲ။

ကျွန်တော့်နာမည်ကို တိုးတိုးလေး မေးတယ်။ ထူးသက်တင်အပေါ် ဂရုစိုက်နေတာလား ကြောက်ရွံ့တယ်လို့တော့ မပြောရက်ပါဘူး။ ဒါပေမယ့် သူတို့ဘယ်လောက်ရင်းနှီးတယ်ဆိုတာ... ကျွန်တော် ဆိုင်ရှေ့မှောင်ကွယ်မှာ ခဏ ရပ်ကြည့်တုန်းက... မြင်လိုက်ပါတယ်။

" ဒါပေမယ့်... သူတို့ရဲ့ ရင်းနှီးမှုက အများကြီးပါ..."

" ဒါကတော့ သူတို့ရဲ့ ခင်မင်မှုက အနီးကပ်အနေအထားမှာ... အချိန်ကာလကလည်း ဘယ်လောက်ကြာခဲ့ပြီဆိုတာ ပြောမှမပြောနိုင်တာပဲ"

" ဟုတ်ပါတယ် ငါနားလည်ပါတယ်... မမျှော်လင့်ရဲပါဘူး... ငါ့အချစ်ကို လိုအပ်ရင် နှလုံးသားထဲမှာ သိမ်းထားသင့် သိမ်းထားပါမယ်"

" လက်ဖက်ရည်ဆိုင်ကို ငါမလိုက်တော့ဘူး... ငါပါနေရင် ပန်းညမွှေးက မင်းကို စကား ရဲရဲမပြောပဲ နေမလား... ငါ ဝရန်တာက အရိပ်အကဲကြည့်ပြီး သူပြန်သွားမှ ဆင်းလာခဲ့မယ်..."

လက်ဖက်ရည်ဆိုင်ကို ဆင်းဖို့အချိန်ထက် တစ်နာရီလောက် စောပြီး ကျွန်တော်နိုးတော့ ဒွန်းကြီးကလည်း သူ့ရုပ်ပြပုံတွေနဲ့ လုံးပမ်းနေတယ်။ နှစ်ယောက်သား စကားပြောရင်း သည်မနက်တော့ ဘာစာမူမှလည်း မရေးနိုင်တော့ပါဘူး...။ ညမွှေးနဲ့ တွေ့ဖို့ပဲ စိတ်စောနေမိတယ်လေ။

" ဟိုနှစ်ယောက် အစောကြီး နိုးနေတာလား ကော်ဖီသောက်

" အဲသည့်ဆိုင်က သူငယ်ချင်းလေးယောက် စပ်တူဖွင့်တာ... ကျန်တဲ့နှစ်ယောက်က နေ့ပိုင်းယူတယ် သူတို့နှစ်ယောက်က ချစ်သူတွေ ဆိုတော့ မခွဲချင်ကြဘူး... မွေးတို့နှစ်ယောက်က ညပိုင်းယူရတာ "

" ဆိုင်မှာတွေ့တဲ့ သူငယ်ချင်းက..."

" ထူးသက်တင်ပါ... သွားတော့မယ် ကိုတိုးတိုးလင်း မွေးပင်ပန်း နေပြီ... နောက်ရက်တော့ တွေ့ကြဦးမှာပဲ..."

ညမွေးထွက်သွားပြီ။ ကျောပိုးအိတ်လေးလွယ်လို့...။ ကိုယ့်ဘက်က မျှော်လင့်ချက် အရမ်းနည်းပါးပါသည်ဆိုဆို ချစ်သူကို ပိုင်ဆိုင်ချင်တာတော့ ရင်ထဲရှိနေဆဲ။ ခဏနေတော့ အနားကို ကျော်ကျော်ဒွန်း ရောက်လာတယ်။

" မနန်းကိုတောင် ငါခေါ်ပြလိုက်သေးတယ်..."

" ဟာကွာ... ဘာလို့ပြလိုက်ရတာလဲ..."

" အဖွားလေးကို အနားကပ် ကြည့်ချင်ပါသေးတယ် "

" ငါ့မျက်လုံးထဲတော့ ကြည့်ကောင်းနေတာပါပဲ..."

ကိုတိုးတိုးလင်းလို့ ချစ်သူခေါ်တဲ့အခါ နားစည်မှာ ချိုမြိန်နေတာ တွေရယ်... ပြီးတော့ မျက်တောင်တွေစင်းနေအောင် အိပ်ချင်တယ်လို့ ပြောပြတာတွေရယ်... သူငယ်ချင်းလေးယောက် စပ်တူဖွင့်ထားတဲ့ဆိုင်မှာ ညနက်ပိုင်းယူတဲ့ နှစ်ယောက်က ချစ်သူတွေတဲ့လေ။

" မင်း ပြတ်သားသင့်တယ် ခုတည်းက ရှောင်ချင်လည်းရှောင်... စားတော့ မင်းခံစားရမှာ "

" အင်းပါကွာ..."

ချစ်တဲ့ ညမွေးပန်းကလေးရယ်...။

မချစ်ခင်ကပင် ဝေးကွာခြင်းနဲ့တွေ့တယ်။ မဝေခင်ကကြွေနှင့်ရတဲ့ နှလုံးသားက ပန်းပွင့်ကလေးပါလား...။ အချစ်ဆိုတာက အမိန့်ပေးမရတော့ လည်း နှလုံးသားက ချစ်နေတာတွေကို လွယ်လွယ် ဘယ်လို ဖျောက်မလဲ။

ပန်းညမွေးကို ချစ်နေဆဲပါပဲ။

◈ ◈ ◈

" သေချာစစ်ကြည့်ဦးနော် "

" ဟုတ်ကဲ့ပါ... ညမွေး... အင်း... မပန်းညမွေးကို ညမွေးပဲ ခေါ်ပါရစေလား "

" မွေးနာမည်သိတယ်လား..."

" ဟုတ်ကဲ့... ညမွေးစားနေကျအတိုင်းပဲ မှာမယ်နော် ကျွန်တော်လည်း မစားရသေးဘူး ညမွေးကို စောင့်နေတာ..."

ပဲပလာတာနဲ့ လက်ဖက်ရည်မှာပြီး စာမူတွေရိုက်ထားတာ စစ်ကြည့်ရတယ် ကျသင့်ငွေက ဘောက်ချာလေးပါပါနေတော့ ထုတ်ရှင်းလိုက်ရုံပါပဲ။

" မွေး ကျွေးမှာနော် "

" ဟာ မဟုတ်တာ... ကျွန်တော် ကျွေးမှာ "

" ကိုတိုးတိုးလင်း ကျွေးမှာဆို မစားတော့ဘူး "

" မဟုတ်တာ... ညမွေးပဲ ပြောတယ်လေ... ကျွန်တော်နဲ့ သူငယ်ချင်းဆို... သူငယ်ချင်းကကျွေးတာ စားကောင်းပါတယ်... နောက်ကျ ရင် ညမွေးကျွေးပေါ့..."

အပေါ်ကိုတော့ မော့မကြည့်ရဲပါဘူး။ ဝရန်တာကနေ ဒွန်းကြီးက လာကြည့်မယ်လို့ ပြောထားတယ်လေ။ ညမွေး အနားမှာရှိနေတာဟာ အရာရာ ပြည့်စုံလိုက်တာ...။

" နောက်ကို ကျွန်တော့်စာမူလေးတွေ ညမွေးပဲ ရိုက်ပေးပါလား"

" ရပါတယ် "

ညမွေးက ဟန်မဆောင်တတ်ဘူး။ ပဲပလာတာကို မြန်မြန်စား လက်ဖက်ရည်ကို မြန်မြန်သောက်တယ်။

" ရေမွှေးက ပူနေတယ်..."

" မသောက်တော့ဘူး မွေးအရမ်းအိပ်ချင်နေပြီ အရင်လည်း သည်ဆိုင်မှာ မုန့်စားပြီးရင် ဒါမ်ရောက်တော့ အိပ်ရော..."

" ညမွေး အလုပ်ကလည်း ပင်ပန်းလို [illegible]... နေ့ခင်းပိုင်း အချိန်ကို ယူလို့မရဘူးလား "

ထူးအတော်ပြောရခက်တယ်

ကိုတိုးတိုးလင်းနဲ့ လက်ဖက်ရည်သောက်မှာကို သိလို့ သူပါ အိမ်ကို လိုက်မယ်တဲ့။ တမင်ကို မခေါ်ခဲ့ဘူး ။ မဟုတ်ရင် ငါဖြစ်ချင်ရာဖြစ်ရမယ်လို့ တွေးနေတော့မှာ...။ ဒါကြောင့် မရဘူးထူး လိုက်ချင်ရင် နောက်ရက် လိုက်ဆို ထားခဲ့တယ်။ မျက်နှာက မကြည်လင်ဘူးဆိုတာ အသိသာကြီး

မွေးမှာ ယောကျ်ားလေးသူငယ်ချင်း မရှိရတော့ဘူးလား။ သူ့ကိုသာ တစ်နေ့မှာ မွေးပြန်ချစ်ရမယ် ဆိုတဲ့ အတွေးတွေများ ရှိနေလေသလား

မွေးအတွက်ကတော့ ထူးသက်တင်ဆိုတာ အခင်မင်ဆုံး သူငယ်ချင်း ပါ။ ကျောင်းတုန်းကလည်း တစ်တန်းတည်း... ဘွဲ့ရပြီးတော့လည်း အလုပ်က အတူစုလုပ်တာဆိုတော့ ခင်မင်တာပါပဲ။ ခိုင်မာသော သံယောဇဉ်ကြိုးတစ် ရှိပေမယ့်... အဲဒါ အချစ်မှ မဟုတ်တာ။

လက်ဖက်ရည်ဆိုင်က ထွက်လာပြီး အိမ်ရောက်တော့ မီးဖိုထဲက ငရုတ်သီးထောင်းသံကြားရလို့ ဝင်ကြည့်လိုက်ပါတယ်။

" မေမေ... တစ်အိမ်လုံး တိတ်လို့... အဖွားတို့ ဖေဖေတို့ရော

" နင့်အဖေက အဖွားခေါ်ပြီး ဘုရားတဲ့လေ... ဟိုလင်မယား ကတော့ သူတို့ရန်မဖြစ်တဲ့အတိုင်း ထွက်သွားလိုက်ကြတာ ဘယ်သွားမယ် တောင် ပြောမသွားဘူး..."

" အတော်ပဲ ဦးလေးကောင်းတို့လည်း တိတ် အိမ်မှာလည်း တိတ်နေတုန်း မွေးအိပ်မယ်မေမေ "

" ညနေ ဆိုင်မသွားခင်တော့ မေမေ့ကို ဈေးဘိုးပေးခဲ့ပါဦး "

" ဟုတ်ကဲ့... မွေး အိပ်ပြီနော်..."

အိပ်ဖို့ပြင်ဆင်ပြီး အိပ်နေလိုက်တယ်။

အံ့ဩစရာပါပဲ... အိပ်မပျော်နိုင်။ မွှေးနာမည်ကို သူသိနေတယ်။ ပန်းညမွှေးကို ညမွှေးလို့ ခေါ်ပါရစေ။

ကျောင်းတုန်းက သူငယ်ချင်း မေသီကဆို နင်က ညပဲမွှေးတာလား နေ့မှာရောဆို အမြဲစတယ်။ နေ့ခင်းမှာလည်း ရေမွှေးဆွတ်ထားတယ်လို့ ူးပြန်ပြောတတ်တယ်။

သည်လူနှင့် ခင်မင်သွားတာ... ဘာလို့များ သူ့ရဲ့ သန့်ပြန့်နေမှု လေးကို အမြဲလို သတိပြုမိရတာပါလိမ့်။ မီးခိုးရောင် အကွက် အင်္ကျီလေးနဲ့ ိုက်တာပဲ... သူဆွတ်တဲ့ ရေမွှေးနံ့သင်းသင်းလေးကိုလည်း အမှတ်ရနေ လိုလို။ အိပ်လို့ မပျော်ပါလား။ မဖြစ်သင့်ပါဘူး ဘာလို့များ ူတစ်ယောက်ကို စိတ်မှာ အမှတ်တရဖြစ်နေရသလဲ..။ ရအောင် အိပ်မှပါ။

" ဟဲ့ မောင်ထူးလေး ဘယ့်နှယ် ရောက်လာတာလဲ ဘာတွေ ယ်လာတာလဲ... မင်းသူငယ်ချင်း ပြန်လာပြီး အိပ်နေပြီ... မင်းရော အိပ်ပါပဲ ဘာလို့လျှောက်သွားနေလဲ..."

ထူးပြောတော့ ညက ဖျားနေသတဲ့

အခု အိပ်ရင်း နားပါတော့လား။ ဘာဖြစ်ရပြန်ပါသလဲ။

" မွှေး... မွှေး... မွှေး..."

အခန်းဝကနေ လာအော်ခေါ်နေတယ်။ ပြီးတော့ ထူးဆန်းစွာ ခန်းထဲ ဝင်လာတယ်... ထူးဘယ်လိုလုပ်တာလဲ ဒါကြောင့် အိပ်နေရာက ထိုင်လိုက်ပြီးတော့...

" နင်ဘာလို့ ငါ့အခန်းထဲဝင်လာရတာလဲ ဖေဖေနဲ့ မေမေ စ်မျိုးမြင်မှာပေါ့... အပြင်မှာစောင့်နေ..."

မွှေးအခန်းမှာ မွှေးနဲ့ အဖွားပဲ အိပ်တာ...။ ဘယ်တုန်းကမှ မွှေးအခန်းကို မဝင်ရပါပဲ ခုမှ ဘာအချိုးချိုးတာလဲ...။ ဖေဖေမရှိလို့ နိုင်မရှိလို့ပေါ့... ရှိရင် ဘယ်လောက်စိတ်ဆိုးစရာတွေ ဖြစ်မလဲ။

" ငါဖျားနေတယ် "

" ဖျားနေရင် ဆေးသောက်ပြီး အိပ်ပေါ့... ဘာလို့ သည်ကိုလာလ
" နင်ဆေးတိုက်ပေါ့..း နင်တိုက်တဲ့ဆေး သောက်ချင်လို့ပေါ့..
မေမေက မွေးတို့ကို လှမ်းကြည့်ပါတယ်။ ခါတိုင်းလည်း သူငယ်ချ နှစ်ယောက် ရန်ဖြစ်တာတွေ ကြားဖူးနေတော့ ဘာမှမပြော...။

" အန်တီ... ကျွန်တော် ဖျားနေလို့ပါဆို မွေးကို ကော်ဖီ ဆေးတိုက်ပါဆို မတိုက်ဘူး "

" ဟဲ့ မောင်ထူးဖျားနေလား... ဒါဆို အန်တီ ကော်ဖီဖျော်ပေးမယ် မွေး... ဆေးသွားယူ... "

စိတ်ထဲမကောင်းဖြစ်ရတယ်။

တကယ်ဆို အခုအိပ်ချိန်လေ... အိပ်ရမှာပေါ့... ခုတော့မဟုတ တမင်သက်သက်... နေမကောင်းတာလည်း မကောင်းတာပေါ့...။

ကိုတိုးတိုးလင်းနှင့် တွေ့မည်ဆိုတဲ့အကြောင်းကို မကျေနပ် လိုက်လာတာ... မသိရင်ခက်မယ်။ မေမေက ကော်ဖီဖျော်ပေးပြီး ဆေးတို တယ်။ အနားမှာ ထိုင်နေရပေမယ့် မွေးစိတ်မကြည်လင်တာ ထူးသိမှာ

" ငါစိုးရိမ်လို့လာတာ... နင်ဟိုလူနဲ့များ... "

" နင်ရူးနေလား "

" ဟုတ်တယ်... ငါရူးနေတယ် နင့်ကို ဘယ်သူ့မှ မပေးနိုင် ငါရူးတာ... ဒါပဲနော် မွေး နင့်ကို ငါကလွဲပြီး ဘယ်သူမှ မပိုင်စေရဘူ

" ငါ သည်နေ့ မအိပ်ရတော့ဘူးလား "

" ညနေ ဆိုင်ပိတ်လိုက်ရုံပဲ "

" တော်ပါတော့... ငါအိပ်ပါရစေ... နင်ပြန်ပါတော့ "

" ညနေ ငါလာကြိုမယ် သွားပြီ "

စကားလည်း ထပ်မပြောချင်တော့တာမို့... ဘာမှမပြောပဲ အိပ် ပြင်လိုက်တယ်။ စိတ်မှာ တနုံ့နုံ့ ခံစားရ သလိုပါပဲလ

◈ ◈ ◈

ဂျာနယ်တိုက်ကအပြန် ဂမုန်းပွင့်ဝင်တယ်။ မနန်းမှာလိုက်တဲ့ ...စ္စည်းတစ်ချို့ ဝင်ဝယ်တယ်လေ။ ပြီးတော့ ဖြည်းဖြည်းပဲ လျှောက်လာခဲ့တာ။ ...ိုကလေးဈေး လမ်းထိပ်ကနေ ကားကူးလိုက်တဲ့အချိန်မှာမှ မြင်လိုက်တာ... ...ကောတော့ ကျွန်တော်ရပ်ကြည့်နေမိတယ်။ ပြုံးပြီး နှုတ်ဆက်မည် ...ိုင်တဲ့အခါမှာ... ညမွှေးက တစ်ဖက်လှည့်သွားတယ်။

တကယ်ပဲ မမြင်တာလား.... ဒါမှမဟုတ် သူ့ဘေးမှာ ထူးသက်တင် ...နေလို့များလား။ စိတ်မကောင်းဖြစ်သွားသလိုပါပဲ။

ဆက်လျှောက်လာရင်း စဉ်းစားမိတယ်။ အစကတည်းက ပန်းညမွှေး ...ိုတာ ထူးသက်တင်နှင့် ချစ်သူတွေပါလို့ ကြိုတင်သိခဲ့ပြီးသားလေ။ ...လိုမျိုး အခြေအနေတွေရှိနိုင်တယ်ဆိုတာ ကြိုတင် တွက်ဆထားပြီးသားပဲ။

သိပ်ချစ်မိတဲ့ အချစ်ကို ရင်ထဲမှာသာ ထည့်ထားသင့်တယ်လို့... ...ွေးထားပြီးသား။ ဒါဆိုလည်း စိတ်မကောင်းကာတွေ အသာထား။

ရင်ထဲမှာပဲ အချစ်ကနေတော့ပေါ့...။

ဆက်လျှောက်ပေမယ့် ခြေလှမ်းတွေက မသွက်လက်လိုက်တာ...။

" ဟင်... အဖွား အဖွား... မီးပွိုင့်စိမ်းနေပြီ မကူးနဲ့လေ..."

အဖွားတစ်ယောက် မီးပွိုင့်စိမ်းနေတုန်းမှာ ကူးဖို့ပြင်နေတယ်။ ...ဖွားလက်ကိုဆွဲထားပြီးမှ ကူးပေးရတယ်။

" ကျေးဇူးပဲ ကိုကို... လှလှ မျက်စေ့လည်ပြီး အိမ်မပြန်တတ်လို့"

" အိမ်မပြန်တတ်ဘူး... အဖွားအိမ်က ဘယ်မှာလဲ "

" လမ်းသွယ်(၃)မှာလေ... ဒါပေမယ့် ရှာလို့ကို မတွေ့ဘူး "

လမ်းသွယ်(၃)က အနောက်မှာ အတော်များများ ကျန်နေခဲ့ပြီပဲ။ ...ကြောင့် အဖွားကိုခေါ်ပြီး နောက် ပြန်လျှောက်ရ...

" အဖွားတို့အိမ်နံပါတ်ကရော..."

" အိမ်နံပါတ်... အင်း... မသိဘူး "

ပြဿနာပဲ... အိမ်နံပါတ်မသိရင်... ဘယ်လိုရှာရပါ့။

" လုလုတို့အိမ်ရှေ့မှာ အုန်းပင်ရှိတယ်လေ ကိုကိုရဲ့ "

ကျွန်တော့်ကို ကိုကိုလို့ခေါ်တာကို သဘောကျစွာ ကြည့်မိတယ အိမ်ရှေ့မှာ အုန်းပင်ရှိတယ်တဲ့။ ကျွန်တော်တော့ တစ်လမ်းလုံး အုန်းပ ရှိတဲ့အိမ် ဘယ်နှစ်အိမ်ရှိပါလိမ့်လို့ ရှာရမယ့်ပုံပေါက်နေပြီ...။

" လမ်းသွယ် သုံးက သည်လမ်းပဲ... အဖွား လိုက်ကြည့်နေ အဖွားအိမ်တွေ့ရင်ပြ..."

" လုလုအိမ်... လုလုအိမ်..."

ကြည့်တော့ ကြည့်နေရှာပါတယ် ဒါပေမယ့် တွေ့ပုံ မရပါလာ မတွေ့တော့ဘူးဆို ဘယ်လိုလုပ်ရပါ့မလဲ...။

" ဟော့ မင်းက မောင်ဒွန်းသူငယ်ချင်း ဖိုးတိုး မဟုတ်လား

သူ့နာမည်ကိုခေါ်သံကြောင့် ကြည့်မိပါတယ်။ ဦးလေးကောင် ပါလား။ ဦးလေးကောင်းက ဒွန်းကြီးအဒေါ် ဒေါ်ဒေါ်နွဲ့ရဲ့ ယောကျ်ားပ ဒေါ်ဒေါ်နွဲ့က ဆုံးသွားပြီ။ အရင်ကတော့ မြောက်ဥက္ကလာမှာနေကြတာ အခုမှ ဘယ်လို သည်ရောက်နေပါလိမ့်။

" ဟာ... ဦးလေးကောင်း... ဒါနဲ့ သည်အဖွားကို ဦးလေးသိလာ

" ဖိုးတိုးရယ်... မင်းကလည်း မေးမှ မေးတတ်ပလေတယ်... ဒ ငါ့အမေလေ "

" ဗျာ..."

" ငါ့အမေက အသက်ကိုးဆယ်ကျော်ပြီ အကုန် မေ့ လျော့လျော့နဲ့ သူငယ်ပြန်နေတာ... ငါတို့ကိုတောင် သတိရတဲ့အခါ မရတဲ့အခါမရနဲ့... မင်းနဲ့ ဘယ်လိုတွေ့လာသလဲ..."

နောက်ဆုံး ဦးလေးကောင်းခေါ်သွားတဲ့ အိမ်ကလေးဆီ ရောက်လ ခဲ့တယ်။ အိမ်ကလေးက နှစ်ခန်းတွဲ အိမ်ကလေး။ အိမ်ရှေ့ရောက်တေ

ီးလေးကောင်းက လှမ်းအော်တယ်။

" အစ်ကိုရေ... သည်မှာ အမေလျှောက်ထွက်သွားတာ... ကျွန်တော့်
ေသိနဲ့ တွေ့လာလို့ပေါ့ "

ဦးလေးကောင်း လှမ်းအော်တော့ ထွက်လာတာ ဦးလေးကောင်း
ေစ်ကိုတဲ့။ အဖွားက အစ်ကိုနဲ့နေတာဆိုပြီး တစ်ဖက်ခန်းကို ခေါ်သွားပါပြီ။

" ကျေးဇူးတင်တယ် ဖိုးတိုးရာ... အစ်ကိုက ဦးကျော်သောင်းတဲ့
င်းကတော့ ဦးလေးသောင်းပဲ ခေါ်ပေါ့... ငါလည်း မန္တလေးဆုံးပြီး အစ်ကို့
ားခန်းမှာလာနေတာ ဒါက မရီးရဲ့ အိမ်..."

ဦးလေးကောင်းရဲ့ အခန်းမှာ ထိုင်စကားပြောရသေးတယ်။ ဦးလေး
ကောင်းသား ကိုအောင်နဲ့တော့ ခင်ပါတယ် သူ့မိန်းမ မညိုညိုနဲ့ကလည်း
ျက်မှန်းတန်းမိနေတာ။ စကားထိုင်ပြောနေတုန်း တစ်ဖက်ခန်းမှ လက်ဖက်
ာစ်ပန်းကန် လာပို့ပါတယ်။

" ဖိုးတိုး... ငါ့မရီးလေ ဒေါ်ခင်မွေးတဲ့... အစ်မ အမေ့ကို
ကြည့်ထားဦး လျှောက်သွားပြီး ကားတိုက်နေဦးမယ် "

" ငါဟင်းချက်နေတုန်း ထွက်သွားတာနေမှာ နင့်တူမပေါ့ မုန့်ဖိုးပေး
ာယ် မုန့်ဝယ်စားဆို ထွက်သွားတာ... ကျေးဇူးပဲ ကလေးရယ်...
နောက်လည်း လာလည်ပါ အန်တီတို့ အခန်းဖက်လည်း လာလည်ပါ..."

ဖော်ရွေကြပါတယ်... ဒွန်းကြီးကိုခေါ်ပြီး လာခဲ့ဦးမယ်လို့ ဦးလေး
ကောင်းကို မှာပြီး အိမ်ပြန်ခဲ့ပါတယ် အိမ်နဲ့လည်း ဘယ်လောက်မှ မဝေးတော့
ါဘူး။ ညမွေးနဲ့ ထိုင်နေကျ လက်ဖက်ရည်ဆိုင်လေးနဲ့ဆို ပိုတောင်နီးသေး။

ညမွေးကတော့ ခုချိန်ဆို ထူးသက်တင်နှင့်။

အတွေးစမှာပင် နာကျင်ခြင်းတွေရှိပါတယ် ညမွေးရယ်။

နောက်မှများ တွေ့ရတယ်လို့ပဲကွာ...။

ချစ်ရတာ တကယ် မလွယ်ဘူးလား

◈ ◈ ◈

" နောက်ဆို ခုလိုပဲလာကြိုမယ်... မနက်လည်း ငါပြန်ပို့မယ်..."

အရမ်းအမြင်ကပ်လာပြီ

ခုလောက်ထိ မွေးကို ချုပ်ချယ်သလိုပုံစံမျိုးနဲ့... ဘယ်လိုမှ နှစ်သက်လို့ မရအောင်ပါပဲ။ သည်လောက်ထိဆို မွေး လုံးဝ လက်မခံနိုင်တော့။

" ငါ အလုပ်က ထွက်မယ် နင်သူဌေးပဲ ငါ့ရှယ်ယာ ပြန်ထုတ်ပေး"

" မွေး... ဒါက ဘယ်လိုအဓိပ္ပါယ်လဲ..."

" ငါ့ကိုအဲလိုပုံစံမျိုးနဲ့... ဒါမျိုးမလုပ်ပါနဲ့ ထူး... နင့်အပေါ်ခင်မင်ရတဲ့ ခင်မင်မှုပါ မပျက်ပါစေနဲ့... ငါမနှစ်သက်ဘူး..."

" ငါစိတ်မချဘူး "

" ဘာစိတ်မချစရာရှိသလဲ... ဖေဖေနဲ့ မေမေတောင် ငါ့ကို ယုံကြည်တယ် နင်က ဘာဖြစ်တာလဲ "

" ငါ..."

" ငါ့ကို ခုလိုပုံစံမျိုးနဲ့ ဆက်ဆံရင် နင့်ကို ခင်မင်မှုပါ ပြတ်လိုက်မယ်"

သည်လို ပြောမှဖြစ်မယ်

မပြောရင် မနက်လာပို့ ညနေလာကြိုနဲ့ ဖြစ်ရတော့မယ်။ တော်ကြာ ကိုတိုးတိုးလင်းနဲ့ ရိုးသားစွာ တွေ့ဆုံ...ခင်မင်စကားပြောရင်တောင် ရိုးသားစွာလို့ ထင်ချင်မှထင်တော့မှာ မဖြစ်ဘူး စကားကို ခုတည်းက ပြောထားမှ...

" နင် ဖျားတာရော သက်သာပြီလား "

" သက်သာပြီ..."

" သည်ည ဆေးတစ်ခွက်လောက် ထပ်သောက်ဦး "

" မသောက် ချင်ပါဘူး..."

" ...ကောင်းရင်တော့ သောက်ရမှာပေါ့... ဆေးတစ်ခွက်နဲ့...

သချာပျောက်ပ့ါမလား ဆေးပတ်လည်အောင် သောက်သင့်တာပေါ့..."

" နေကောင်းနေပါပြီ..."

ထူး

နင့်အပေါ် ချစ်သူတစ်ယောက်လိုသာ ခံစားလို့မရတာ အခင်မင်ဆုံး သူငယ်ချင်းတစ်ယောက်အနေနဲ့တော့... ခင်မင်မှု သံယောဇဉ်တွေရှိပါတယ်။ ဒါပေမယ့်... ခုလိုပုံစံမျိုးနဲ့တော့... လုံးဝ မလိုက်လျောနိုင်ဘူးလေ...။

မရဘူး။ မနက်ကျရင်လည်း... မွေးတစ်ယောက်တည် ရအောင် ပြန်မယ်။ သည်လိုသာ... လိုက်ပို့လိုက်ကြိုနေရင် ကြာတော့ ပတ်ဝန်းကျင် မှာလည်း တပူးတွဲတွဲဖြစ်နေတာ ချစ်သူတွေ ထင်လာကြမှာပေါ့။ ခုလောက် ဆလုပ်အတူတွဲလုပ် နေရတာတောင် တစ်ချို့က ထူးသက်တင်နဲ့ ချစ်သူလို့ ထင်ကြသေးတာ။ ချစ်သူလိုများ အတူသွားအတူလာနေမိရင် ဘယ်လောက် များ ပြောလိုက်ကြမလဲ။

အလုပ်ထဲရောက်တော့ အလုပ်တွေကအများကြီး ဖြစ်နေတယ်။ ဒါလည်း တစ်ခုတော့ ကောင်းပါတယ်။ မကြည်မလင် ဖြစ်နေတုန်းမှာ စကားတွေ မပြောပဲလည်း မနေချင်။ ပြောပြန်ရင်လည်း အဆင်မပြေမှာ နိုးတယ်။ အလုပ်များနေလိုက်တော့ အရမ်း ကောင်းသွားပါတယ်။

" မွေး ဘာစားမလဲ..."

ပထမတော့ ဘာမှမစားဘူးလို့... ပြောမလို့ပါ။

ဒါပေမယ့်... အဲသည်လိုမျိုး ပြတ်သားစိမ်းကားစွာလည်း မပြုချင်ပါ ဘူး။ သူငယ်ချင်းဆိုတဲ့ ခင်မင်မှုကတော့ မွေးရင်ထဲမှာ အမြဲရှိနေမှာပါပဲ။

" အလုပ်နည်းနည်းပြတ်သွားမှ မွေးတို့ တစ်ခုခု ထွက်စားမယ်လေ"

" အင်း စားမယ်... မွေး... စားချင်တာစား "

နှစ်ယောက်သား ပုံမှန် ပြန်ဖြစ်သွားပါပြီ။ သူငယ်ချင်းဆိုတာ သည်လိုမျိုးပဲ ပျော်ပျော်ရွှင်ရွှင် ခင်ခင်မင်မင်နေရတာ မကောင်းဘူးလား။

◈ ◈ ◈

" အဖွားလေးကိုမတွေ့ရတာ သုံးလေးရက်ရှိပြီ မဟုတ်မှလွဲ
သည်လက်ဖက်ရည်ဆိုင်ကို ရှောင်ပြီထင်တယ် "

ကျွန်တော့်ရင်ထဲမှာလည်း သည်သို့သော ခံစားချက် ရှိနေပါလျက်
ဒွန်းကြီးကပြောတဲ့အခါမှာတော့ စိတ်မကောင်း ဖြစ်ရပြန်ပါတယ်။

" ကြည့်ရတာ ထူးသက်တင်က မကြည်လင်ဘူးလားမှ မသိတာ..."

" ဖြစ်နိုင်ပါတယ် "

" ငါပြောသားပဲ ချစ်သူရှိပြီးသားကို မင်းစိတ်လျှော့သင့်တယ်...
မြွေ မြွေခြင်းဆိုတာ ခြေမြင်တယ်လေ ဖိုးတိုးရဲ့... မင်းက ပန်းညမွှေးကို
သွား စာရိုက်ခိုင်းတာရယ်... ဘေးက မြင်တဲ့ အမြင်မှာ မင်းရဲ့ အကြည့်က
အစ သိသာချင်သိသာနေမှာကိုး..."

ဟုတ်ပါတယ် လက်ခံပါတယ်

ဘယ်လိုပင် ရိုးသားချင်ယောင်ဆောင်ပါစေ။

မျက်ဝန်းတွေရဲ့ အပြေကသိသာနေစေမှာပါဘဲ။

" ကောင်းပါတယ် သည်အတိုင်းမှန်ရင်တော့... ပန်းညမွှေး တော်
တယ်လို့ ပြောရမယ် မီးဆိုတာ မလောင်ခင်တားတာ အကောင်းဆုံးပဲလေ..."

" ဒါဆို ငါတို့ဇာတ်လမ်း ပြီးဆုံးခဲ့ပြီလား..."

" ပြီးပြီပေါ့ကွ... ဘာလဲ မင်းက ဆက်ရန်ရှိသေးသည် ဆိုတာကို
ကြိုက်သလား..."

သက်ပြင်းတွေသာ အခါခါရှိုက်မိတယ် ညမွှေး။ တစ်ချစ်ကလေး
ချစ်မိပါတယ် ကျွန်တော့်အဖြစ်က စမှမစရသေး ဆုံးပြီတဲ့လား...။

" ဒွန်းကြီး... ဦးလေးကောင်းနဲ့ တွေ့ခဲ့တာ မင်းကိုမပြောပြမိသေးဘူး"

လှလှလို့ ပြောပြီး သတိလက်လွတ်ဖြစ်နေတဲ့ အဖွားအကြောင်းက ...ပြီး ပြောရတယ်။

" ဒေါ်ဒေါ်နွဲ့ ဆုံးပြီးတော့ ဦးလေးသောင်းနဲ့ ပြန်နေမယ်ဆို ...န်သွားတာ မတွေ့တော့တာကြာပြီပဲ... အဖွားလှတောင် သူငယ်ပြန်နေလား ...ဘောကောင်းပါတယ် ဟိုတုန်းကတော့ အဖွားလှကို တွေ့ဖူးတယ် "

" ငါကမှ မတွေ့ဖူးတာ..."

အရုဏ်ဦး အဖော်မွန်လေးရေ

ခုတော့လည်း မင်းပျောက်ကွယ်သွားခဲ့ပြီနော်

မင်းဘယ်မှာနေတယ်ဆိုတာ လိုက်ကြည့်မယ် ရည်စူးခဲ့ပေမယ့်... ...ိုက်လည်းမကြည့်ဖြစ်လေတော့ ဘယ်မှ အစရှာမရပြန်ဘူး။ ဒါလည်း ...ကောင်းပါတယ်... မဟုတ်ရင် မင်းတို့အိမ်ရှေ့ သွားကြည့်နေမိဦးမယ်။

ဆိုင်ကိုတော့ လာမကြည့်ချင်ပါဘူး။ ထူးသက်တင် ရှိနေလေတော့...

" အစ်ကို... အပေါ်က ခေါ်နေတယ် "

ဘေးဝရန်တာကနေ မနန်းက ဖုန်းလာနေတယ်လို့ခေါ်မှ လက်ဖက် ...ည်ဆိုင်က ထွက်ခဲ့ရတာ။ မတွေ့ရတော့လည်း ရင်မှာ လပ်ဟာနေသလိုပါ ...ဘား ပန်းညမွှေးရယ်။ ဖုန်းလာတယ်ဆိုလို့ နားထောင်မိတော့။

" ကျွန်တော်ပါ မော်ထွန်းပါ ကိုတိုးတိုးလင်း "

" ဩော် ဟုတ်ကဲ့ ပြော ကိုမော်ထွန်း "

" ပံသု အရမ်းဖျားနေတယ်... သူကတော့ ကိုတိုးတိုးလင်းကို ...ခေါ်ပါနဲ့လို့ ပြောပါတယ်... ကျွန်တော်ကသာ မနေနိုင်လို့... ပံသုက ...တယ်ဗျာ ဆေးခန်းသွားပါဆို မသွားဘူး ဆေးတိုက်လည်း မသောက်ချင်"

" ဟုတ်လား... ကျွန်တော် လာခဲ့မယ် "

ကျော်ကျော်ဒွန်းက ဘာလဲဆိုလို့ ပြောပြရတယ်။ ပံသုဆီသွားမယ်ဆို ...ထူးသက်တင်နဲ့ မင်းတွေ့မှာပေါ့လို့ ပြောတယ်

" တွေ့လည်းတွေ့ပေါ့ကွာ..."

ကျော်ကျော်ဒွန်းကတော့ ငါလိုက်ခဲ့ချင်ပါတယ် ဒါပေမယ့် အားနာတယ်တဲ့။ ရတယ် ပံသုနေမကောင်းနေရင် ငါအဲသည့်မှာ ကြာကြာစောင့်နေရဦးမှာမို့ မင်း မလိုက်နဲ့တော့ဆိုထားခဲ့ရတယ်။ ထွက်လာရင်းမှ ထူးသက်တင်က သူ့ကိုများ မှတ်မိမလားလို့... မှတ်တော့ မှတ်မိမှာပါ။ ဒါပေမယ့်... သူနှင့် သိတာမှ မဟုတ်ပဲ။

တံခါးဖွင့်လိုက်တော့ လာဖွင့်ပေးတာ မော်ထွန်းပါပဲ။

" ကိုတိုးတိုးလင်း... ချက်ချင်းရောက်လာတာပါလား "

" ဟုတ်တယ် ပံသုအကြောင်း ကျွန်တော်သိတယ် ဆယ်တန်းတုန်းကလည်း ဖျားနေတာ ရေတွေချည်းချိုးနေလို့... ဆေးရုံ ရောက်ပြီးပြီလေ... "

ပံသုဘေးဝင်ထိုင်တော့ မျက်လုံးဖွင့်ကြည့်ရုံလေး။

" ဖိုးတိုး... မင်းလာလည်တာလား "

" ကိုမော်ထွန်းက မင်းဖျားတယ်လို့ ဖုန်းဆက်လို့ "

" ရပါတယ်... ငါ့ကြောင့် မော်ထွန်းလည်း ပင်ပန်းနေပြီလေ... "

ဆေးခန်းဖွင့်ချိန်မှာတော့... ဆေးခန်းမရ ရအောင်ခေါ်ဖို့ ဆေးခန်းဖွင့်ချိန်ထိ စောင့်မယ်လေ။ မော်ထွန်းအပြောအရဆို အောက်ထပ် မျက်စောင်းထိုးမှာရှိတဲ့ ဆေးခန်းက... ဆယ်နာရီမှ ဖွင့်မှာတဲ့လေ...။

" ထူးသက်တင် ဘယ်သွားလဲ မော်ထွန်း ဖုန်းလာတယ် သူ့ဒက်ဒီ ဆီကတဲ့ "

" မပြောတတ်ဘူး သူ့ကောင်မလေးကို ရွှေတိဂုံဘုရားပို့ပေးမယ်လို့ ညကပြောသံကြားတာပဲ ဆိုင်ပိတ်ပြီး ပြန်တောင် မအိပ်နိုင်ဘူး လာရင် ပြောပြလိုက်မယ်ပဲ ပြောလိုက်ပေါ့... "

ထူးသက်တင်က သူ့ကောင်မလေးနှင့် ရွှေတိဂုံဘုရား သွားသတဲ့။

သူ့ကောင်မလေး... သူ့ကောင်မလေးဆိုတာ... ညမွှေးကို ပြောတာ ဖြစ်မှာပါ။ သက်ပြင်းဖွဖွရှိုက်မိတယ်။

" ငါ နေကောင်းပါတယ် ဖိုးတိုး... မင်းပြန်ချင် ပြန်တော့လေ "

" ငါမင်းကို ဆေးခန်းပို့ပေးဦးမှာ ပံသု "

" ငါ နေကောင်းနေပါပြီ... ဆေးခန်းသွားဖို့ မလိုတော့ပါဘူး ...်းကလည်း အလကား စိတ်ပူနေတယ် "

ပြောနေပေမယ့် မျက်လုံးတောင် ကောင်းကောင်း မဖွင့်နိုင်ပါပဲနဲ့။

" မရဘူး မင်းစကား နားမထောင်နိုင်ဘူး... ဆယ်နာရီ ဆေးခန်း ...ရင် ပြပေးမယ် မင်းကို ဆေးထိုးခိုင်းမယ်... ပြီးမှ ငါပြန်မှာပေါ့... ...်နေ အချိန်လိုပါသေးတယ်..."

" ကောင်းတယ် ကောင်းတယ်... ပံသုတစ်ယောက် ကိုတိုးတိုးလင်းနဲ့ ... ကောင်းတာပါလား... ခေါ်မိတာမှန်သွားပြီ "

မော်ထွန်းက အားပေးပါတယ်

ဒါကြောင့် ပံသုပေတဲ့အကြောင်း... အပေကောင်းလို့ ဆေးရုံရောက် ...ားပြီး သေမလောက် ခံရတာတွေ ပြောပြမိတယ်။ ပံသု အိပ်နေတာမို့ ...်ထွန်းနှင့် နှစ်ယောက် စကားထိုင်ပြောနေဆဲမှာ တံခါးခေါက်တယ်။

ထူးသက်တင်

ထူးသက်တင် ပြန်လာတာပါလား

အခု ရှစ်နာရီငါးဆယ် ထားပါ ကိုးနာရီ ခုချိန်မှ ရွှေတိဂုံဘုရားက ...န်လာကြတာပဲ။ ရင်ထဲ နင့်နေသလိုပဲ ညမွှေး။

ညမွှေး အနားမှာ အတူရှိနေသူက ကျွန်တော် မဟုတ်ဘူးလေ။

ထူးသက်တင်က ဖျတ်ခနဲဆို ကျွန်တော့်ကို လှမ်းကြည့်ပြီး ...်ကြာကြာလေး ကြည့်နေပါလား။ ကျွန်တော် မသိချင်ယောင်ဆောင်ပြီး ...်ထွန်းကို ငယ်ငယ်က ပံသုနှင့်နှစ်ယောက် တေတေပေပေနှင့် ခင်မင်သမျှ ... ပြောပြနေမိတယ်။ ထူးသက်တင်က ခဏနေတော့ အိပ်တော့တာ။

" ကိုထူး အိပ်ပြီလား..."

" အင်း..."

" ဘာလဲ... ချစ်သူနဲ့ ကြည်နူးခဲ့သမျှတွေကို ပြန်တွေးမလို့လား "

" အိပ်ချင်နေပြီ မော်ထွန်းရေ... ပြန်တွေးနေစရာ အကြောင်းမရှိ ...ဘူး... မတွေးပါပဲကို ရင်ထဲမှာ အလိုလိုရှိနေပြီးသားပါ... ကျွန်တော်တို့ ...စ်ခဲ့တာ ကြာလှပြီပဲ..."

သည်စကားကို တမင်ပြောသလား။ သူတို့ချစ်ခဲ့တာ ကြာလှပြီတဲ့
ပိုင်ဆိုင်ခွင့်ရခဲ့ပြီဆိုမှ မဏ္ဍပ်တိုင်တက်ပြနေတာလား။

ဒါပေါ့လေ... တက်ပြခွင့်ရှိသူကတော့... တိုးတိုးလင်း မင်းဆိုရင်ကော

ပန်းညမွှေးဟာ မင်းချစ်သူဆိုရင်... မင်းလည်း မဏ္ဍပ်တိုင် တက်ပြမှာ
ပဲ မဟုတ်လား။ နားလည်စမ်းပါ စာနာကြည့်စမ်းပါ...။

" ဖိုးတိုး..."

" ဟင်... မင်း ခဏတော့ စောင့်ရမယ် ပံသု "

" ဖိုးတိုး... မင်း... စိတ်မကောင်းဖြစ်နေသလား"

" ဘာလို့လဲ "

" ငါသိပါတယ်... အဲသည့် ပန်းချီကားရယ် ပိုင်ဆိုင်မှုရယ်...
မင်းရင်မှာခံစားရမယ်လို့ ငါသိတယ် မင်းဟာ ငါ့ရဲ့ငယ်သူငယ်ချင်းပါ

" ရပါတယ်... ဘယ်တတ်နိုင်မလဲ..."

ညမွှေးရယ်... ဘယ်သူကရော ကိုယ့်ချစ်သူကို သူများပေးချင်ပါ
မလဲ ဒါပေမယ့်... ကျွန်တော်က နောက်ကျသူပဲလေ။ ဒါကြောင့် ပြောပြီး
ကော... ညမွှေးကိုချစ်တဲ့ အချစ်တွေကို ရင်ထဲမှာပဲ ထားပါမယ်။

ကျွန်တော့်ကြောင့်လည်း ညမွှေး စိတ်အနှောင့်အယှက် မဖြစ်စေ
ချင်ပါဘူး။ အခုပဲကြည့်လေ... ကျွန်တော်တို့နှစ်ယောက် အရုဏ်ဦး ဆုံနေကျ
နေရာလေးမှာတောင် မဆုံဖြစ်ကြတော့ဘူးမဟုတ်လား။ ကျွန်တော့်ကြောင့်
ညမွှေးတို့ ချစ်သူနှစ်ယောက်ကြား အဆင်မပြေတာတွေ မဖြစ်စေချင်ပါဘူး။

◈ ◈ ◈

ခုတလော သည်လက်ဖက်ရည်ဆိုင်လေးကို မရောက်တာ သုံးလေးရက်မက ကြာပါပြီ။ အဖွားဖျားနေလို့ စိတ်မချတာရယ်... မွေး မျက်လုံးကိုက်နေတာရယ်နဲ့... သည်ကွန်ပျူတာတွေထဲ စိတ်နှစ်နေတာ ကြာခဲ့တော့... ဇက်ကြောတွေတက် မျက်လုံးတွေကိုက်နဲ့... ဒါကြောင့် ကားငှားပြန်တဲ့ရက် ပြန်တယ်...။ ဒါကြောင့်လည်း လက်ဖက်ရည်ဆိုင်လေးကို မရောက်ဖြစ်တာ...။ ကစ်ရက်ကတော့ မွေး ရွှေတိဂုံဘုရားသွားချင်လို့ ထူးကို ခေါ်သွားသေးတယ်။

" အစ်မ ပျောက်နေတယ် "

" အေးဟယ်... ငါလည်း ခုတလော သည်ဘက် မရောက်တာပါ..."

" ပဲပလာတာနဲ့ လက်ဖက်ရည်ပဲလား "

" ဒါပေါ့ဟဲ့..."

မွေးအတွက် ရေနွေးကြမ်းငှဲ့ဖို့ ပန်းကန်လုံးကို သေချာဆေးနေဆဲမှာ။

မျက်ဝန်းလေးတစ်စုံ။ သူက ထောင့်ခုံလေးမှာ ထိုင်နေတော့ မွေးရုတ်တရက် မမြင်တာပါလား။

" ကိုတိုးတိုးလင်း "

မွေး နှုတ်ဆက်တော့မှ ပြုံးပြတယ်

သည်လူကလည်း အဖိုးကြီးစတိုင်များ ဖမ်းနေတာလား တွေ့လိုက်ရင် သည်ပုံစံနဲ့ပဲ...။ ရှပ်လက်ရှည် မီးခိုးစင်းတွေကို လုံချည်အရင့်နဲ့ ဝတ်တယ်။ မြင်လိုက်တာနဲ့ မမှတ်မိစရာမရှိအောင်များလား။

" ညမွေး... မတွေ့တာကြာပြီ "

" မွေး ခုတလော မနက်ဆိုင်ကအပြန် လမ်းမလျှောက်ဖြစ်ဘူး... အဖွားဖျားလို့ အမြန်ပြန်ချင်တာရယ် ခုတလော ဇက်ကြောတွေတက်ပြီး

မျက်စေ့ကိုက်တော့ အမြန်အိပ်ချင်လို့ဆို... ကားငှားပြန်တာ... သည်နေ့တော့ လမ်းလျှောက်ပြန်လာတာ..."

လှမ်းစကားပြောရင်း သူက မွေးရှေ့ခုံကို ပြောင်းလာထိုင်တယ်

" ကျွန်တော် ထိုင်လို့ ဖြစ်ရဲ့လား "

" ဘာဖြစ်လို့ မဖြစ်ရမှာလဲ..."

ဘာလို့ သည်လို မေးတာလဲ သူ့မှာ ဘယ်လိုအတွေးစရှိလို့လဲ

" ရှင်က မွေးသူငယ်ချင်းပဲ... ဘာလို့ အတူထိုင်လို့မဖြစ်ရမှာလဲ ပြောပါဦး ဘာလို့မဖြစ်တာလဲ..."

" မနှစ်သက်တဲ့လူများ ရှိမလားလို့ပါ "

" မနှစ်သက်တဲ့လူ... စကားကိုရှင်းရှင်းပြောပါလား..."

" ညမွေးချစ်သူက ကျွန်တော်နဲ့ ခုလို ခင်ခင်မင်မင်နေတာကို မနှစ်သက်ပဲ ညမွေးကိုများ ပြောမလားလို့ပါ... ညမွေးတို့ နှစ်ယောက် ကျွန်တော့်ကြောင့် အဆင်မပြေဖြစ်ရင် ညမွေး စိတ်ညစ်မှာ စိုးရိမ်လို့ပါ..."

" ရှင် ဝတ္ထုတွေရေးဖို့များ စဉ်းစားနေတာလား..."

" တကယ်ပါ... တကယ့် စေတနာပါ..."

မွေးပြုံးမိတယ်... သူနဲ့မွေး ခုလိုအတူရှိနေ အတူခင်မင်နေတာကို ထူးကတော့ ဘယ်လိုမှ နှစ်သက်မည်မဟုတ်ပါ ဒါပေမယ့်... ထူးက မွေးချစ်သူမှ မဟုတ်ပဲ...။

" မွေး ချစ်သူက ဘယ်သူလဲ "

" ဗျာ "

" ကိုတိုးတိုးလင်းပဲ ပြောတယ်လေ... မွေးချစ်သူက ကိုတိုးတိုးလင်းနဲ့ ခင်ခင်မင်မင်နေတာ မနှစ်သက်ပဲ ရန်ဖြစ်ကြမှာ စိုးရိမ်တာ မဟုတ်လား ဒါကြောင့် မေးတာပါ မွေးချစ်သူက ဘယ်သူလဲလို့..."

သူက မွေးကို ကြည့်နေတယ်... ရှင်ဘာတွေ သိသလဲ

" ကျွန်တော့်သူငယ်ချင်း ပံသုဆီကိုသွားလည်တဲ့အခါမှာတော့ ကိုထူးသက်တင်နဲ့ ညမွေးရဲ့အကြောင်း ကျွန်တော် သိလာရတယ် "

" ထူးနဲ့ "

" အင်းလေ..."

" ထူးနဲ့မွေးက ချစ်သူလို့ ဘယ်သူက ပြောတာလဲ "

" ပံသုအပါအဝင် မော်ထွန်းတို့ "

" ဩော် မော်ထွန်းပါ ပါသလား..."

ပံသုကိုတော့ ကြားဖူးရုံပါ မော်ထွန်းကိုတော့ သိပါတယ်။

" အင်းပေါ့လေ... ထူးကိုယ်တိုင်က သည်လိုပဲ ပြောနေလို့လားမှ မသိတာ... ထူးနဲ့က ငယ်သူငယ်ချင်းပါ... ငယ်တည်းက ဘွဲ့ရသည်ထိ တောက်လျှောက် ခင်မင်ခဲ့တယ် အမြဲလို အတူ ခင်ခင်မင်မင် ရှိခဲ့တော့ သံယောဇဉ်ရှိပါတယ်... ဒါပေမယ့် ထူးနဲ့မွေး ချစ်သူမဟုတ်ပါဘူး... မွေးမှာ မွေးခင်မင်တဲ့ သူငယ်ချင်းရှိမှာပဲ... ထူးပြောချင်ပြောမယ်... မွေးကို သူက ချစ်နေလို့ဖြစ်မှာပါ မွေးကို သူချစ်ခွင့်တောင်းခဲ့တာ မွေးတို့ တတိယနှစ် တည်းကပါ... ဒါပေမယ့် မွေးခုထိ သူငယ်ချင်းလိုပဲ ခင်မင်ခဲ့တာပါ..."

ဘာလို့လဲ။ ဘာလို့များ သူ့ကို မွေး သေချာရှင်းပြနေမိပါလိမ့်။ တကယ်ဆို တစ်ချို့သူငယ်ချင်းတွေက မွေးနှင့်ထူးကို ချစ်သူလို့ ထင်ကြတာ မွေးအပြစ်လည်း ပါပါတယ်•မွေးက ဘယ်သူ ဘာပြောပြော ပြောချင်ရာပြော ဂရုတစိုက် လိုက်ရှင်းပြမနေမိပါဘူး။ ဒါကြောင့်လည်း တလွဲထင်ကုန်ကြတာ။

ဘာလို့များ... မွေးရှင်းပြနေမိပါလိမ့်။ သူလည်း ထင်ချင်ရာထင် ထားလိုက်လို့ မရနိုင်ဘူးလား။

" ဒါဆို ထူးသက်တင်နဲ့ ညမွေးက သူငယ်ချင်းပဲပေါ့ "

" ဒါပေါ့..."

သူက မွေးကိုကြည့်နေတယ်။

ဘာကြည့်တာလဲ မွေးပြောတာ မယုံတာလား မယုံလည်းနေပေါ့။ မွေးအတွက်တော့ ထူးသက်တင်ဆိုတာ အခင်မင်ရဆုံး သူငယ်ချင်းပါ။

ဘယ်သောအခါမှ မပြောင်းလဲသော ခံစားမှုပါပဲ။

◈ ◈ ◈

ထူးသက်တင်နှင့်ညမွှေးက အခင်မင်ရဆုံး ငယ်သူငယ်ချင်းတွေပါတဲ့။

ချစ်သော ညမွှေးရဲ့ နူတ်ဖျားမှကြားရသော စကားမို့ ယုံကြည်ပါတယ်...။ ပြီးတော့ ဝမ်းသာရသလိုပါပဲ။ ညမွှေးတို့ ချစ်သူမဟုတ်ဘူးဆိုရင် ညမွှေးကို ကျွန်တော်လည်း ချစ်ပိုင်ခွင့်ရှိတယ် မဟုတ်လား။ ရင်မှာ ထာဝရ သိမ်းဆည်းရပြီလို့ ထင်ခဲ့သော အချစ်သစ်ပင်ကလေး။

ပြန်လည်ရှင်သန်ခွင့် ရခဲ့ပြီပဲ။

" ဒါဆိုရင် ကျွန်တော်နဲ့ ညမွှေး သူငယ်ချင်းတွေအဖြစ် ခင်ခင်မင်မင် နေလို့ရတယ်ပေါ့ ဟုတ်လား..."

" ရပါတယ် "

" ဝမ်းသာလိုက်တာ... အဲသည့်စကားက ရေတစ်ခွက် မြေဩဇာ တစ်ပုံးလိုမျိုးပဲ..."

" ဘာလို့လဲ..."

" ညမွှေးကိုခင်မင်ရတဲ့ ကျွန်တော့်ရဲ့ ခင်မင်မှု သစ်ပင်ကလေးဟာ... ထူးသက်တင်နဲ့ ညမွှေးကို စိတ်ဆင်းရဲစေမလားဆို သေဆုံးခံထားရတာ အမြန်ရေလောင်း မြေဩဇာထည့်မှ ပြန်ရှင်သန်လာရမှာ..."

" သေဆုံးသွားပြီ မဟုတ်လား..."

" ဟင့်အင်း... မသေသေးပါဘူး... ယဲ့ယဲ့လေး ကျန်ပါသေးတယ်"

" ဟုတ်လား "

ညမွှေး အပြုံးလေးက လှလိုက်တာ။

" ရှင်က မြေဩဇာထည့် ရေလောင်း ရှင်သန်အောင် ကြိုးစားသရဲ့

ထူးကလည်း ရေနွေးလောင်းပေးမှာ အသေအချာပါပဲ သူက မွေး ဘယ်သူနဲ့မှ ခင်တာကို မကြိုက်ဘူးလေ…"

" ဘယ်ရမလဲ… အခု ကျွန်တော်သိနေပြီပဲ… ကျွန်တော်တို့ရဲ့ ခင်မင်မှုသစ်ပင်လေးကို ဘယ်သူကမှ နှောင့်ယှက်ခွင့်မရအောင် စောင့်ရှောက်မှာပေါ့…"

ညမွေးရယ်တယ်လေ။ ပြီးတော့မှ… ပြန်တော့မယ်တဲ့။ ညမွေးအိမ်က ဘယ်မှာလဲဆိုတော့… လာမလည်ပါနဲ့… မွေးအစ်ကို ရှိတယ်တဲ့…။

" မွေး… သည်လက်ဖက်ရည်ဆိုင်လေးမှာ လက်ဖက်ရည်သောက်နေကျပါ… ပြီးတော့ ကိုတိုးတိုးလင်းအိမ်ကို သိနေတာပဲဟာ…"

မွေးက သူ့အိမ်ကိုတော့ ပြောမပြပါဘူး။

ဒါပေမယ့် သည်နေ့အတွက်တော့ အရမ်း ကျေနပ်သွားပါပြီ။ မွေးနှင့် ထူးသက်တင် ချစ်သူတွေ မဟုတ်ကြဘူးဆိုတာကိုက… ကျွန်တော့်အချစ်အတွက် ပြန်လည်ရှင်သန်ခွင့်ရခဲ့ခြင်းပါပဲ။

" ပူစီလေးရော… ရှိသေးလား "

" မိညောင်လား ရှိတယ်…"

မွေးကမေးရင်း ကျွန်တော်တို့အခန်းရဲ့ ဘေးဝရန်တာလေးဆီ မော့ကြည့်တယ်လေ…။ မွေးနှင့်အတူ ကျွန်တော်ပါ မော့ကြည့်မိတဲ့အခိုက်မှာမှ ကျော်ကျော်ဒွန်းကလည်း ဝရန်တာကို ထွက်အလာနဲ့ တိုးပါလေရော…။

" ဟင်… အဲဒါ… ကိုတိုးတိုးလင်းရဲ့ အစ်ကိုလား… မွေးတွေ့ဖူးတယ်"

" ကျွန်တော့်သူငယ်ချင်းပါ… ကျော်ကျော်ဒွန်းတဲ့… ရုပ်ပြတွေ ရေးတယ်…"

ကျော်ကျော်ဒွန်းကို ညမွေးမှတ်မိနေပါလား။ ဒါပေါ့… ဒွန်းကြီးလည်း ပြောဖူးတယ်။ ထူးသက်တင်နဲ့အတူတွေ့လို့ အားမနာနိုင်အောင် အသေအချာ ကြည့်ခဲ့ဖူးတယ်ဆိုတာလေ ဒါကြောင့်လည်း မှတ်မိနေတာပဲ နေမှာပါ။

" ညမွေးတို့အိမ်မှာ ဘယ်သူတွေရှိလဲ မိသားစုတွေလေ "

" ဖေဖေ မေမေ အဖွား… ကိုနိုင်နဲ့မယု… ဒါပါပဲ…"

" ကိုနိုင်နဲ့ မယုက အစ်ကိုနဲ့အစ်မလား "

" ဟင့်အင်း အစ်ကိုနဲ့ ယောင်းမ "

" ဩော်... ဒါဆို ညမွှေးလည်း မောင်နှမ နှစ်ယောက်ပဲရှိတာပေါ့"

" ဒါပေါ့..."

" ကျွန်တော်တို့လည်း ညီအစ်ကို နှစ်ယောက်ပဲရှိတာပါ... အစ်ကိုက အိမ်ထောင်ရှိတယ်... မခင်ခင်နန်းတဲ့... မိညောင်က မနန်းရဲ့ ကြောင်..."

သိပ်ပျော်ရွှင် ကျေနပ်ကြည်နူးရပါတယ် ညမွှေးပန်းကလေးရယ် မိသားစုတွေအကြောင်း ပြောမိတယ်ဆိုကတည်းက တစ်ယောက် အကြောင်းတစ်ယောက် သိသင့်လာကြပြီလို့...။

" မွှေးပြန်မယ်... အိပ်မယ်လေ... မနေ့က ညက စာတွေရိုက်ရတာ များတယ်... သည်နေ့က မွှေးရှင်းတဲ့ အလှည့်နော်... သည်နေ့ မွှေး တိုက်တာ မသောက်ရင် နောက်ရက် ကိုတိုးတိုးလင်းအလှည့် မရှိပဲနေမှာ"

" ဟုတ်ပါပြီဗျာ..."

ညမွှေးထွက်သွားတော့ ရေနွေးသောက်ရင်း ထိုင်နေမိသေးတယ်။

" ငါအလိုက်သိပါတယ်နော် "

" ဒွန်းကြီး "

" ငါ့ကွာ ဝရန်တာက ချောင်းကြည့်ပါတယ်ဆိုမှ မင်းတို့က မော့ကြည့်ရတယ်လို့... "

" မင်းကို ညမွှေးက မှတ်မိနေတယ် "

" မှတ်မိတာတောင်နည်းသေး... ထူးသက်တင်နဲ့ သူ့ကို စားသောက် ဆိုင်မှာတုန်းက ငါကောင်းကောင်းကြည့်ထားတာ..."

ကျွန်တော်ပြုံးရတယ်... အဲဒါဘယ်လိုအပြုံးလဲ ညမွှေးသိသလား။ ပီတိပြုံးပေါ့ ညမွှေးရယ်... ဒွန်းကြီးကို ပြောပြရတယ်။

ကျွန်တော့်ရဲ့ အချစ်သစ်ပင်လေး ပြန်လည်ရှင်သန်ခွင့် ရပြီလို့လေ။

" ပန်းညမွှေးကိုယ်တိုင်က ချစ်သူ မဟုတ်ပါဘူးဆိုလို့သာ... ထူးသက် တင်ဘက်ကတော့ ပန်းညမွှေးဟာ သူ့ချစ်သူလို့ပဲ ခံစားနေတာနော်... မင်း ကြည့်တော့နေ..."

" ညမွှေးကလည်း ပြောပါတယ်… ခင်မင်မှုသစ်ပင်လေးလို့ ကြည့်ကောင်းအောင်ပြောပြီး ရေလောင်းပေါင်းသင် မြေစာကျွေးရမယ်ဆိုတော့ ထူးသက်တင်ကတော့ ရေနွေးနဲ့လောင်းမှာ အသေအချာပဲတဲ့ "

ညမွှေးကသာ ချစ်သူမဟုတ်ဘူးလို့ ပြောတာပါ။ ထူးသက်တင်ကတော့ မော်ထွန်းကို ညမွှေးနဲ့ ချစ်ခဲ့ကြတာကြာပြီလို့ ဆိုသေးတာပဲ။

ညမွှေးကို ထူးသက်တင်ကလည်း ချစ်နေတာ

အနေအထားအရဆိုရင် အနီးစပ်ဆုံးမှာ နေနေရတာဆိုတော့… ယွယ်လွယ်နှင့်ရော စွန့်လွှတ်နိုင်ပါ့မလား…။ ဘယ်တတ်နိုင်ပါ့မလဲလေ… ညမွှေးကိုမှ ကျွန်တော်ကလည်း ချစ်ခဲ့မိတာကိုး။

" တစ်ခုတော့ရှိတယ် ဖိုးတိုး… အချစ်သစ်ပင်လေး ရှင်သန်ခွင့်ရလို့ ဝမ်းသာတာလည်း သာပါ… ဒါပေမယ့် ထူးသက်တင်ကို မေ့ထားလို့တော့ မရဘူးနော်… သိပ်လည်း မျှော်လင့်ချက်အများကြီး မထားပါနဲ့ဦး…"

" အင်းပါကွာ…"

ဟုတ်ပါတယ်။ ဒါပေမယ့်… မျှော်လင့်ခွင့်ကလေးတော့ရခဲ့ပြီပဲ။

" အဖွားလေးကိုမျိုးကွာ… ထူးသက်တင်နဲ့ တိုးတိုးလင်း နှလုံးသားက ဘာများသဘောကျတာပါလိမ့်… သည်တစ်ခါ သေချာအနီးကပ် ကြည့်ကြည့်ဦးမယ်… ခပ်လှမ်းလှမ်းကမြင်တာတော့ ချစ်စရာမကောင်းပါဘူး…"

" ဝမ်းသာပါတယ် ချစ်စရာမကောင်းဘူးဆိုတာကို… တော်ကြာ ထူးသက်တင်ကိုတင် စိတ်ပူရတာမဟုတ်ပဲ ဒွန်းကြီးပါပါလာမှ…"

ကျွန်တော် ပြောရင်းရယ်မိပြီ ဘာပဲပြောပြော… ရှင်သန်ခွင့်ရလာသော အချစ်သစ်ပင်လေးအတွက် ပျော်ရွှင်ပါရစေ…။

◈ ◈ ◈

ခင်မင်မှုသစ်ပင်လေးတဲ့

ရင်ထဲမှာ သိမ်းဆည်းထားခဲ့တယ်တဲ့။ မွေး... နင်မသိဘူးလား။ နင်သိသိကြီးနဲ့ မီးမမွေးစမ်းနဲ့လေ...။ အခုအချိန်မှာ... သည် တိုးတိုးလင်း ဆိုတဲ့လူကို နင်ရှောင်ထွက်သွားလို့ရဦးမယ်...။ သူ့ကို ခင်မင်လာလေ ထူးနဲ့က...။ ဘာဖြစ်လဲ... ပန်းညမွေးရဲ့ နှလုံးသားကို ဘယ်သူမှ ပိုင်ဆိုင်တာ မဟုတ်ပါပဲ ထူးသက်တင်ရဲ့ အကျဉ်းထဲမှာ နှစ်မြှုပ်မထားနိုင်ပါဘူး။ မွေး ခင်ချင်တဲ့သူကိုခင်မယ် ချစ်ချင်တဲ့သူကိုချစ်မယ်...။

" မွေး... သည်နေ့ ဘုရားသွားရအောင် "

" ဟင်... ဘာလို့လဲ မွေးအိပ်ချင်နေတယ်... ခေါင်းလည်းကိုက်နေတယ် မျက်စိကိုက်လို့ ဆရာဝန်နဲ့လည်း ပြရဦးမှာ... ပြန်တော့မယ်..."

" ဒါဆိုရင် မျက်စိစမ်းသပ်ဖို့ ထူးလိုက်ပို့မယ်..."

" မပို့ပါနဲ့... ဖေဖေပို့မယ်ပြောထားတယ်... မွေးပြန်မယ်..."

" ဒါဆို ထူးလည်း လိုက်ခဲ့ဦးမယ်..."

" ဘာလို့လဲ... မနက်ဆို အိပ်နေရမှာ... မလိုက်နဲ့ မွေးပြန်မယ်"

ထူးက မွေးကို ပြောမရလို့သာ... မလိုက်နဲ့ဆိုတဲ့ စကားပေါ်မှာ ကျေနပ်ပုံတော့ မရဘူး။ ဒါပေမယ့် မွေးပြောထားပြီးသားပဲလေ...။ မွေးကို ပိုင်သလိုလို ချုပ်ချယ်သလိုလိုနဲ့ဆိုရင်တော့ သူငယ်ချင်းအဖြစ်ကတောင် လမ်းခွဲရလိမ့်မယ်...။ မွေး လမ်းလျှောက်လာရင်းမှ စဉ်းစားပါတယ်။

ဘာလို့များ... တစ်ချိန်က ထူးနဲ့ သည်မျှရင်းနှီးကျွမ်းဝင်စွာ နေမိပါလိမ့်။ အချစ်ဆုံး အခင်ဆုံး သူငယ်ချင်းတွေမို့ နေမှာပါ...။ အခုတော့ ထူးရဲ့စိတ်မှာ မွေးကို သူ့ချစ်သူအဖြစ် သတ်မှတ်နေတာက ခက်တယ်။

" ညမွေး..."

" ကိုတိုးတိုးလင်းတို့က ကြိုရောက်နေတာပါလား..."
သည်နေ့တော့ သူတစ်ယောက်တည်း မဟုတ်
သူ့သူငယ်ချင်းဆိုတဲ့ လူလည်း ရှိတယ်လေ

" ညမွှေးနဲ့ မိတ်ဆက်ပေးရဦးမယ် ကျော်ကျော်ဒွန်းတဲ့ ကျွန်တော့် ချစ်ဆုံးသူငယ်ချင်းပါ... ပန်းညမွှေးကိုတော့ မင်းသိပါတယ်နော် "

" သိပါတယ်... တွေ့ဖူးနေကြတာပဲ..."

" သည်နေ့တော့ ကျွန်တော် ကျွေးတဲ့အလှည့်နော် "

" ဟုတ်ပါပြီ မွှေးကလည်း စားပြီးရင် ကမန်းကတန်း ပြန်ချင်ပြီ။ ကျက်စိအရမ်းကိုက်နေလို့ ရွှေဘုံသာလမ်းသွားရမှာ... မျက်မှန် တပ်ရတော့မယ် ထင်တာပဲ..."

" ကျွန်တော်လိုက်ပို့ချင်တယ်..."

သူက လိုက်ပို့ချင်တယ်တဲ့။ မွှေး အံ့သြစွာ ကြည့်နေမိတယ်။ ထူးလိုက်ပို့မယ်ဆိုတုန်းက ငြင်းခဲ့ပြီး ဖေဖေပို့မှာလို့ ညာခဲ့တာပါ။ ဖေဖေ့ကို ပြောတောင် မပြောရသေးပါဘူး။ အခုသူပို့မယ်ဆိုတဲ့အခါ... မွှေးဝန်ခံပါတယ် မွှေးရင်ထဲ ကြည်နူးသွားသလိုလို... သူနှင့် အတူသွားချင်သလိုလိုနဲ့။

" နော်... ညမွှေး... ကျွန်တော်ပို့ပေးချင်တယ် "

" မွှေး အိမ်ပြန်ရေမိုးချိုးမှ ရမှာ... လူက မအိပ်ရတော့ မလန်းဆန်း ဘူး... ဆေးခန်းတွေဖွင့်တဲ့အချိန်မှ သွားမှာ..."

" ဒါဆို သည်လိုလုပ်လေ ညမွှေး အခုအိမ်ပြန် တရေးအိပ်ပါလား ညိပ်ယာကနိုးတော့ ရေမိုးချိုး ပြန်ထွက်လာခဲ့... အချိန်ကြည့်ပြီး ကျွန်တော် ရန်တာကနေ ထွက်စောင့်နေမယ်..."

" ဒါဆိုရင်တော့... မွှေး ဆယ့်နှစ်နာရီမှလာမယ်... တရေးအိပ်ပြီး... ရေချိုး ထမင်းစားခဲ့မယ် "

" ဆယ့်နှစ်နာရီဆို ထမင်းစားမနေပါနဲ့ အပြင်မှာစားရအောင်လေ..."

" ဟင့်အင်း နေပါစေ... မွှေး အိမ်ကပဲ စားခဲ့မယ် သွားတော့မယ်"

မွှေးထွက်လာပြီးမှ တွေးမိတယ် ဘာလို့များ သူနဲ့ ဆေးခန်းသွားဖို့ မွှေးသဘောတူလိုက်ရပါလိမ့်။ ထူးပို့မယ်ဆိုတုန်းကတောင် မွှေးငြင်းခဲ့တယ်

သူ့ကျတော့မှ မွေး ကျေနပ်ကြည်နူးစွာ လက်ခံမိတာလား...။ ထူးသိရင်ကော
အို... သိချင်သိ မသိချင်နေ။

မွေးအတွက်... မွေး စိတ်ချမ်းသာသလို နေခွင့်မရှိတော့ဘူးလာ ဒါဆို မွေးက သူနှင့်အတူသွားရမှာကို စိတ်ချမ်းသာတယ်လို့ ဆိုတာလား...

မွေးရင်ထဲက လှုပ်ခတ်မှုတွေ... မွေးအသိဆုံးပါလေ။

" မမပြန်လာပြီလား ဘာမုန့်ပါလဲ လှလှဖို့ ဘာမုန့်ပါလဲ "

ဘာမှမဝယ်ခဲ့ရတာမို့ ပိုက်ဆံထုတ်ပေးမယ် စဉ်းစားပေမယ့် အရင် တစ်ခါလို မုန့်သွားဝယ်ရင်း အဖွား ပျောက်သွားမှာလည်း စိုးရိမ်ရသေးတယ်

" မွေး နင့်အဖွားကို ပိုက်ဆံမပေးနဲ့နော် "

" ဟုတ်ကဲ့ပါ... မေမေပဲ အဖွားကို မုန့်ဝယ်ပေးလိုက်တော့နော်... သည်မှာ ပိုက်ဆံ..."

" အေး အေး မေမေ မုန့်ဟင်းခါး ဝယ်ကျွေးလိုက်မယ်..."

" မေမေ... မွေး အိပ်ပျော်နေရင် ဆယ့်တစ်နာရီလောက် နှိုးပါ

" အေး... အေး..."

အဖွားက မေမေ မုန့်ဟင်ခါး ကျွေးမယ်ဆိုတော့ ဝမ်းသာစွာ လိုက်သွားပြီ ဒါကြောင့် မွေး လွတ်လပ်စွာ အိပ်ခွင့်ရသွားပြီပေါ့ ဒါပေမယ့် ဘာလို့ ရှုတ်တရက် အိပ်မပျော်ရတာလဲကွယ်... ကိုတိုးတိုးလင်းနှင့် အတူသွားမယ်ဆိုတာ မှားသလား။

ဟင့်အင်း မမှားဘူး... သူနဲ့အတူသွားချင်မိတယ်။

မဟုတ်ဘူး နင်မှားတယ် ပန်းညမွေး...။

ထူးသက်တင်နဲ့တောင်မသွားပဲနဲ့...။

ထူးသိရင်ဘယ်လို ဖြေမလဲ... ဘာဖြစ်လဲ မွေးဘာသာမွေး သွားချင်တဲ့လူနဲ့သွားမယ်လို့ ဖြေမှာပေါ့...။ အတွေးများစွာက မွေးကို အိပ်မပျော်နိုင်အောင် ဖြစ်စေပါလား။

◆ ◆ ◆

" ငါတော့မြင်ယောင်သေးတယ် "

" ဘာလဲ ဒွန်းကြီးရာ " " မင်းတို့ကြားမှာ ထူးသက်တင်ကို ဘယ်လို ဖျောက်ပစ်မလဲ "

" သူတို့ ချစ်သူမှ မဟုတ်တာ... ဘာဖျောက်ပစ်စရာရှိလဲ "

" ချစ်သူမဟုတ်ဘူးလို့ ပန်းညမွှေးကသာ ပြောတာနော်... ထူးသက်တင်က ချစ်သူလို့ ပြောထားတာ... ပြီးတော့ မင်းသည်သောက် သံယောဇဉ်ဖြစ်အောင် မနေသင့်ဘူး... ဥပမာကွာ သူတို့ချစ်သူနှစ်ယောက် အကြောင်းတစ်ခုခုကြောင့် စိတ်ဆိုးစိတ်ကောက်နေတုန်းမှာ... မင်းကို ကြားက အစားထိုးပြီး အချစ်စမ်းနေကြတဲ့ ဇာတ်လမ်းမျိုးတွေလို..."

ဒွန်းကြီးရာ... အတွေးကလည်း ခေါင်တယ်ပဲပြောပြော

ကျွန်တော့်ရင်ကိုတော့ အတော်ထိသွားစေတဲ့ စကားပါပဲ... ဒါမျိုးဇာတ်လမ်းတွေရှိတာတော့ ကျွန်တော်လည်းသိပါတယ် ကျွန်တော်ကိုယ်တိုင် ဝတ္ထုရေးနေတဲ့ သူပါ...။ ဒါပေမယ့် ညမွှေးကို ဘာလို့ ယုံကြည်မိနေပါလိမ့်။

" ခုမှတော့ ဖြစ်ချင်ရာဖြစ်တော့ ငါရင်ဆိုင်ရမှာပဲ "

" မင်း ရင်ဆိုင်ရင်း အသည်းကွဲနေမှာ ငါမမြင်ချင်လို့ပါ "

" မတတ်နိုင်တော့ပါဘူး ကွဲလည်းကွဲ... ငါ သူ့ကို အတူသွားဖို့ ပြောပြီးပြီ... ဘာတွေပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ သွားရမှာပဲ "

" အခုတခါတော့ထားပါ... နောက်ကို ဆင်ခြင်သင့်တယ် ဖိုးတိုး"

" အင်းပါ ငါ အတတ်နိုင်ဆုံး ဆင်ခြင်ပါမယ်..."

ဒွန်းကြီးပြောတာတွေမှန်တယ်လို့ ဘယ်လိုသိသိ

ခုချိန်တော့ ရင်ထဲ ပျော်ရွှင်ကြည်နူးရခြင်းတွေက ရှိကိုရှိနေတော့တာ ညမွှေးကတော့ အိပ်နေရောပေါ့။ သူ့မှာသာ ဘာမှမလုပ်နိုင်ပဲ ဆယ့်နှစ်နာ ရောက်လာဖို့ နာရီလက်တံတွေကိုတောင် ဆွဲလှည့်ပစ်ချင်မိပါတယ်။

" အဲဒါပေါ့... နေမထိ ထိုင်မသာဆိုတာ... ဖိုးတိုး... ငြိမ်ငြိမ်နေ... ငါမျက်စိနောက်လာပြီ ခေါက်တုံ့ခေါက်ပြန် လျှောက်မနေနဲ့..."

" ငါ... ဘယ်လိုကြီးမှန်းကို မသိပါဘူးကွာ..."

ရင်ထဲမှာပျော်သလိုလိုနဲ့ ခံစားရတယ် ဘယ်လိုမှန်းကို မသိ။

" ငါ ဘာဖြစ်နေတာလဲ ဒွန်းကြီး..."

" ဘာဖြစ်နေတာလဲဆိုတော့... ပထမတော့ အသည်းက အကောင် ကြီး... ကွဲကာနီးလာတော့... အသည်းက မာဆတ်ဆတ်ကျွတ်ပြီး... အက်ကြောင်းတွေ ထလာတာ... ကွဲချင်ချင်ဖြစ်နေတဲ့ နိမိတ်ပေါ့..."

" ဟာကွာ..."

ခုချိန် စိတ်ပျက်စရာတွေ လာမပြောပါနဲ့။ ညမွှေးနဲ့အတူ ပထမဆုံ သွားရမှာဆိုတော့... သည်မှာဖြင့် ရင်ထဲ အရမ်း ပျော်နေတာ။

" ငါရေချိုးတော့မယ် "

" ဖိုးတိုး... ခုမှ ဆယ်နာရီခွဲ... ဆယ့်တစ်နာရီမှ ချိုး..."

" ငါ မရတော့ဘူး ရေသွားချိုးတာပဲ ကောင်းတယ် "

" ချိုးကွာ ချိုး... တစ်နာရီလောက်ချိုး... ဒါမှ အအေးမိပြီးဖျားမှာ"

ဒွန်းကြီးကတော့ ကောင်းကောင်း ပြောနေတော့တာ။ ပြောချင် ရာပြော ရေချိုးပစ်လိုက်တယ်။ ဘာဝတ်ရမလဲ။ ညမွှေးမျက်ဝန်းမှာ အဆင်ပြေနေစေချင်မိတယ် ဒါကို ဒွန်းကြီးသိတော့မှာပါလား။

" ဖိုးတိုး ဖိုးတိုး ချစ်သူနဲ့ သွားတယ်ဆို မိန်းကလေးတွေ လှချင်သလား မှတ်ပါတယ်... မင်းကို ငါ တော်တော် မျက်စိနောက်လာပြီ ဒါကဘာရှိုးလဲ... အမြဲလို ပုဆိုးနဲ့ရှပ်လေးတွေပဲ ရိုးရိုးဝတ်တဲ့လူက..."

" ငါဝန်ခံပါတယ် ဒွန်းကြီးရာ... ညမွှေးမျက်ဝန်းမှာ ငါ ထူးခြား နေစေချင်တာ..."

စတိုင်ဘောင်းဘီ မီးခိုးရောင်ကို မီးခိုးအကွက်ကျဲကျဲ ရှပ်လက်ရှည်နဲ့
က်ပြီးတော့ ထပ်မလဲချင်တော့ပါဘူး…။

" ဘယ်လိုနေလဲ "

" ကြည့်လို့ကို မရဘူး "

ဒွန်းကြီးအပြောကြောင့် ရယ်ရတယ်။ အကုန်ပြင်ဆင်ပြီးတာတောင်
ယ့်တစ်နာရီဆယ့်ငါးပဲ ရှိသေးတယ်… စားပွဲမှာထိုင်ပြီး စာဖတ်နေမိတယ်။
န်းကြီးက အဲလိုပဲ ငြိမ်ငြိမ်နေပါ ဝမ်းသာပါတယ် တဲ့။

" ဖိုးတိုး "

" ဟင် "

" ပန်းညမွှေးကိုချစ်ရင် အခက်အခဲ တော်တော်များဖယ်ထင်တယ် "

" ရင်ဆိုင်ရမှာပေါ့… "

" မင်းတို့ ခုလိုပဲ သွားအတူ လာအတူတွေ များလာရင်
ူးသက်တင်က တစ်နေ့မဟုတ် တစ်နေ့ သိမယ်နော်… "

" ဒါပေါ့ သိမှာပေါ့… "

" အင်းလေ.. မီးစင်ကြည့်ကပါဖိုးတိုးရာ… ငါလည်း သိပ်မပြော
ျင်ဘူး… မင်းရဲ့ အချစ်ကို ပိတ်ပင်ရာကျလည်း မကောင်းပါဘူး "

" ငါ… ညမွှေးရဲ့ စကားတွေထဲကနေ အဖြေရှာပါမယ် "

ဆယ့်နှစ်နာရီ မထိုးခင် ဆယ့်ငါးတည်းက ဝရန်တာမှ ထွက်ကြည့်
မိတယ် ဒွန်းကြီးကတော့ အားနာတယ်ဆို အခန်းထဲက မထွက်ပါဘူး။
ညမွှေးကို မျှော်နေရင်း ရယ်ချင်မိတယ်။ ညမွှေးရှိရာကို ဆိုက်ဆိုက်
ာရမယ့်အစား… သည်က မျှော်နေရတဲ့ အဖြစ်လေ…။

ပန်းညမွှေးရဲ့ အရိပ်တွေကို ဟိုသည် လိုက်ရှာရတာလည်း တကယ်
ာပါရော…။

◈ ◈ ◈

" တစ်ခါတည်း ဆိုင်သွားမှာလား မွေး "

" အချိန်ကြည့်ဦးမယ် မေမေ... စောရင် ပြန်လာပါမယ် မတော်တဆ ထူးလာခဲ့ရင် ဖေဖေနဲ့ မွေးသွားတာလို့ ပြောပေးပါ မေမေ"

" ဟဲ့ နင့်အဖေက ပဲခူးသွားတာလေ "

" မေမေ... ပြောပေးပါ..."

မေမေ့မျက်စောင်းက မကြည်လင်တော့ဘူး။

နော် မေမေဆိုပြီး တစ်ချက်နမ်းလိုက်တော့ သွားစမ်းပါ အပိုတွေတဲ့ ဆယ့်နှစ်နာရီ ထိုးတော့မယ် နေကလည်း ပူလိုက်တာ ထီးကလည်း ဆောင်းလေ့မရှိပါပဲ... ယူတော့ယူလာရတာပေါ့။

ဝရန်တာလေးဆီ အတော်မော့ကြည့်ရတာ။ သူ့အပြုံးကို လှစ်ခနဲ မြင်ရပြီး အခန်းထဲဝင်သွားပြီ။ မွေးကတော့ ဖြည်းဖြည်းပဲ လျှောက်လာခဲ့တာ။

အတော်လေးကြာတော့ သူမီလာပါတယ်။

" ညမွေးက အချိန်အတိအကျပဲ "

" မွေးကိုစောင့်နေရမှာလည်း မကြိုက်ဘူး မွေးလည်းမစောင့်ချင်ဘူး"

" မှတ်ထားပါ့မယ်..."

သူ့ကိုဖျတ်ခနဲ ကြည့်မိတယ်။ သည်နေ့တော့ ပုံစံပြောင်းထားပါလား မဆိုးပါဘူး။ ခုလိုဆို နုပျိုပါလျက် သူ့ကိုယ်သူ ရင့်တဲ့ပုံစံဖမ်းထားတတ်တယ်။

" ညမွေး နေပူတယ်... ထီးဆောင်းမလား..."

" ဟင့်အင်း..."

" နေလည်းပူနေတယ် လက်ထဲမှာလည်း ထီးရှိတယ်... ပေးပါ..."

ကျွန်တော် ဆောင်းပေးမယ်...”

မွေးထီးကို ယူသွားပြီ။ ခက်တာပဲ။ သူက ထီးမိုးပေးရင် ရုတ်တရက် ကယ်သူကတွေ့တွေ့ မွေးနဲ့သူ... ရှင်းရ မလွယ်ဘူး...။ ရင်တထိတ်ထိတ် ဖြန်နေသလိုပါပဲ။

“ ညမွေး... အိပ်ပျော်သွားလား ”

“ အင်း... အိပ်ပျော်ပါတယ် မေမေ့ကို နှိုးခိုင်းထားတာ ”

“ ထမင်းရော စားခဲ့လား ”

“ စားခဲ့တယ် ”

“ ဘာဟင်းချက်လဲ ”

“ ငါးဟင်းပါပဲ... ကိုတိုးတိုးလင်းရော... ဘာဟင်းနဲ့စားခဲ့လဲ ”

“ ကျွန်တော်... ဘဲဥနဲ့ ငါးခြောက်ဟင်းနဲ့...”

“ ဟုတ်လား မွေးလည်း ဘဲဥနဲ့ ငါးခြောက်ကြိုက်တယ် ”

“ မှတ်ထားပါမယ် ”

ကားပေါ်ရောက်တော့ ပထမတော့ ခပ်လှမ်းလှမ်းပေါ့။ ကားလည်း ကျပ်လာရော သူက မွေးဘေးနားလေး ကပ်ရပ်နေရော...။ သူ့ပခုံးစွန်းက မွေးပါးနားမှာ။ သူက အရပ်မြင့်တာပဲ။ ထူးကတော့ မွေးထက် မြင့်တယ် ဆိုရုံလေး...။ ထူးဆိုမှ ခုလို သူနှင့်အတူမွေးကိုတွေ့ရင် ထူးဘာများပြောမလဲ...

“ ညမွေး ဘာတွေ စဉ်းစားနေလဲ ”

“ ဟင့်အင်း...”

“ မျက်စိရော အခု ကိုက်နေလား ”

“ အိပ်ယာနိုးဆို သိပ်မကိုက်ဘူး မျက်စိပင်ပန်းလာရင် အရမ်းကိုက်တယ် ”

“ မျက်မှန်လေးနဲ့ဆို ပိုကြည့်ကောင်းမှာပေါ့...”

“ ပိုရင့်သွားမှာပါ...”

“ ပိုလှလာရင်ကော...”

“ မဖြစ်နိုင်တာ...”

ဆရာဝန်ပြပြီးတော့ ထင်တဲ့အတိုင်း မျက်မှန်တပ်ရမှာပါပဲ။ သူနှင့် နှစ်ယောက် မွေးမျက်နှာနှင့် လိုက်ဖက်မည့် မျက်မှန် ရွေးကြရတယ်။ သူက မွေးကိုကြည့်တဲ့အခါ...။

ရင်ထဲမှာ ကြည်နူးစိတ်လား... တထိတ်ထိတ် ခုန်နေတယ်။ ထူးနှင့် ရင်းနှီးကျွမ်းဝင်စွာ နှစ်ရှည်နေခဲ့ပေမယ့် ရင်ခုန်ရခြင်းတွေ မရှိပါလား။

" မနက်ဖြန် မျက်မှန်သွားရွေးရင် ညမွေးနဲ့အတူ သွားလို့ရမလား"

" မွေး နေ့တိုင်း အိပ်ရေးပျက်လို့မရဘူး မနက်ဖြန်တော့ ညနေ ဆိုင်မသွားခင် အချိန်ပိုစောထွက်ပြီး မျက်မှန်ယူ ဆိုင်တစ်ခါတည်းသွားမယ်... ကိုတိုးတိုးလင်း တစ်ခေါက်လိုက်နေရင် ပင်ပန်းပါတယ်။

" ထူးသက်တင်နဲ့ သွားမှာလား "

မွေးစိတ်ထဲ မျက်သွားသလိုပဲ

ဘာလို့လဲ ဘာလို့ ထူးနဲ့သွားမယ် ထင်ရတာပါလိမ့်။

" ထူးက ဘယ်က ပါလာတာလဲ... မျက်မှန်ဆိုင်ကို မွေး တစ်ယောက်တည်း မသွားတတ်တာကျလို့... တစ်ယောက်တည်းသွားမှာ..."

" စိတ်ဆိုးသွားတာလား..."

" ဟုတ်တယ် စိတ်ဆိုးတယ်... ကိုတိုးတိုးလင်းက မွေးကို အမြဲလို ထူးနဲ့ ယှဉ်မြင်တယ်နော်... ထူးနဲ့ ခင်မင်ပေမယ့် တစ်ခါတစ်ရံ အပြင် အတူ သွားတတ်တာကလွဲပြီး အမြဲတတွဲတွဲ သွားအတူ လာအတူမနေပါဘူး မွေးတို့ချစ်သူမှ မဟုတ်တာ..."

" တောင်းပန်ပါတယ် ညမွေးရယ်..."

တကယ်ဆို သူက မွေးနှင့်ထူးကို ချစ်သူတွေလို့များ ထင်နေသလား။ ဒါဆိုလည်း ဘာလို့ မွေးနှင့် ခုလိုရင်းနှီးခင်မင်စွာ နေသေးလဲ...။ မွေးရင်မှ မကြည်လင်ခြင်းကြောင့် စကားသိပ်မပြောမိတော့ပါဘူး။ ဒါကို သူသိပုံရပါတယ်။

" ညမွေး စိတ်ဆိုးနေတာလား... ကျွန်တော် တောင်းပန်ပါတယ်"

" အိမ်ပြန်တော့မယ် "

“ နေပါဦး... ညမွေးနဲ့ ကျွန်တော် အအေးတစ်ခွက်လောက် မတူသောက်ပါရစေဦး ”

“ မွေးမှ ဗိုက်မဆာတော့ပဲ ”

“ ဗိုက်မဆာလည်း နေပူနေတယ် ကျွန်တော့်ကို စိတ်မဆိုးဘူး ဆိုရင်ပေါ့ ”

“ စိတ်ဆိုးတာပေါ့...”

“ တောင်းပန်ပြီးပြီလေ နောက်ထပ်လည်း တောင်းပန်ပါတယ်”

“ ဟင့်အင်း... မနက်ဖြန် မွေးတစ်ယောက်တည်း သွားမယ်... ကိုတိုးတိုးလင်း မလိုက်ပါနဲ့ ”

“ ညမွေးက မလိုက်နဲ့ဆို မလိုက်ပါဘူး... ဒါပေမယ့်... ကျွန်တော် လိုက်ချင်တယ်...”

“ မလိုက်ပါနဲ့ ”

တော်ပါပြီ

မွေးတစ်ယောက်တည်းပဲ သွားတာ ကောင်းပါတယ်။

သူနဲ့သွားပြန်တော့လည်း... ထူးက ပြောရဆိုရ ခက်တယ်။

ထူးနဲ့သွားပြန်တော့လည်း...။

ဘယ်သူနဲ့မှ မသွားတော့ဘူး...။

မွေးတစ်ယောက်တည်းသွားတာပဲ ကောင်းပါတယ်။

“ မပြန်ပါနဲ့ဦး ညမွေးရာ...”

“ ခုနကပြောတော့ ဆောင်းပါးတစ်ပုဒ် တစ်ဝက်တစ်ပျက် ဖြစ်နေတယ်ဆို အခုပြန်ရေးပေါ့...”

“ စိတ်မပါရင် အလကားပဲ...”

သူမိုးပေးတဲ့ ထီးရိပ်မှာ တမင် နေပူထဲ ထွက်ထွက်သွားတာပေါ့။ မရရအောင် လိုက်မိုးပေးနေရတာ မြင်ရတော့ ရယ်ချင်မိတယ်။

◈ ◈ ◈

ပန်းညမွှေး... သည်နေ့မနက်စောစော လက်ဖက်ရည်ဆိုင်ကိုလည်း ရောက်မလာ။ ဒွန်းကြီးနှင့်နှစ်ယောက် လက်ဖက်ရည်ဆိုင်မှာထိုင်စောင့်နေတာ အကြာကြီး။ မလာလောက်တော့တဲ့အချိန်မှ အိမ်ပေါ် ပြန်တက်ခဲ့ကြတယ်။

" မင်းရောဂါက သေချာဆေးသောက်တော့နော်... မလွယ်တော့ဘူး"

" ငါ... ညနေမှာ မျက်မှန်ရွေးတဲ့နေရာ သွားစောင့်မယ်..."

" ထူးသက်တင် ပါလာလို့ကတော့ "

" မပါနိုင်ပါဘူး... သူတစ်ယောက်တည်းလာမယ်လို့ ပြောသွားတာ"

သည်လိုစိတ်ကူးနှင့် ညမွှေးလာမည်ပြောသွားတဲ့ အချိန်ထက်စောလို့ မျက်မှန်ဆိုင်ရှေ့နားက လက်ဖက်ရည်ဆိုင်မှာ လာထိုင်နေမိတယ်။ ဒွန်းကြီးကတော့ စိတ်လျှော့တဲ့။ အချစ်သစ်ပင်လေးကတော့ ပြန်လည် ရှင်သန်လာပါပြီ။

" ညမွှေး "

" ဟင်... ဘယ်လိုရောက်နေတာလဲ..."

" ညမွှေး မျက်မှန်တပ်တာလေး ဘယ်လိုနေလဲ လာကြည့်တာလေ"

" ခုထိ မတပ်ရသေးဘူး... တစ်မျိုးကြီးဖြစ်မှာစိုးတယ် "

" စတပ်ကာစ နည်းနည်းပဲ အဆင်မပြေတာပါ... တစ်ရက်နှစ်ရက် ဆို ကောင်းသွားမယ်... ညမွှေးက မျက်စိကိုက်တာဆိုတော့ တပ်သင့်တယ်"

ညမွှေးနဲ့ အတူလျှောက်လာရင်း လမ်းကူးမယ်လုပ်တော့...

" လာ လာ ဟိုဘက်မကူးနဲ့ သည်ဘက်လာ..."

ညမွှေးက ဖျတ်ခနဲဆို ကျွန်တော့်လက်ကိုဆွဲပြီး နောက်ပြန်လှည့် ခေါ်သွားပါတယ်။ ပြီးတော့ လမ်းလျှောက်တော့လည်း သုတ်ခြေတင်။

ပ်လှမ်းလှမ်းလည်း ရောက်ရော ကားငှားလိုက်ပြန်ရော။ ဘာလဲ ဘာလဲ ာဖြစ်တာလဲ ညမွှေးဆိုတော့။

" ထူးပေါ့... ထူးကိုတွေ့လို့..."

" ဘာများလဲလို့ ညမွှေးရယ်... ထူးသက်တင်ကို တွေ့တာများ... န့်သွားတာပဲ..."

" မတွေ့တာအကောင်းဆုံးပဲ... ထူးက စကားပြောတာ မာတယ်... ာ်ကြာ ကိုတိုးတိုးလင်းကို ရန်တွေ့မှာ..."

" ယောကျာ်းလေးချင်း ရန်တွေ့စရာရှိလို့လား... မကျေနပ်ရင် ြာမနေဘူး လက်သီးနဲ့ဆွဲထိုးကြရုံပဲ..."

ဒါပေါ့လေ... သူက ပန်းညမွှေးဆိုတာ... သူချစ်သူလို့ ခံစားတာကိုး...

" မွှေးသွားမယ်..."

ညမွှေးက နှုတ်ဆက်ထွက်သွားပြီ။ သူလည်း ကားဆက်မစီးပါပဲ စ်ယောက်တည်း အေးအေးဆေးဆေး လမ်းလျှောက်လာခဲ့တယ်။ က်မှာတော့... တစ်ခုခုအတွက် အခုအခံ ဖြစ်နေသလိုပါပဲ။ ထူးသက်တင်ကို ညမွှေး ကြောက်ရွံ့ထိတ်လန့်နေတာလား။

ကျွန်တော့်လက်ကိုဆွဲပြီး နောက်ပြန်လှည့်ပြေးတာတော့ ရင်ထိတ်ခုန် ပါတယ်။ ဒါပေမယ့် တစ်စစ ပြန်တွေးကြည့်လေ...

ထူးသက်တင်ကို သည်မျှ ကြောက်ရသတဲ့လား။ စိတ်ပျက်ပျက်နဲ့ ိုက်ပေါ် မတက်ပါပဲ လက်ဖက်ရည်ဆိုင်မှာ ထိုင်နေမိတယ်။

" ဖိုးတိုး... ဘာဖြစ်လာတာလဲ "

" ဘာမှမဖြစ်ပါဘူးကွာ..."

" ဟုတ်မှပြောပါ... မင်းနဲ့အတူနေတာကြာပါပြီ... ပြောပါဦး... ချစ်သစ်ပင်လေး နေပူမိလာလား... ညှိုးနေတယ် "

တွေ့ခဲ့ကြုံခဲ့တာတွေ ရင်ဖွင့်မိတယ်။

ကျွန်တော်တို့ နှစ်ယောက် ရန်ဖြစ်မှာကို ညမွှေး ကြောက်နေပုံပဲ

" ထူးသက်တင်နဲ့ ချစ်သူမဟုတ်ဘူးဆိုရင် ထူးသက်တင်ကို

သည့်လောက် ကြောက်စရာလိုသလား... ထူးသက်တင်က သူ့မျှော်လင့်ချက် တွေကို လွယ်လွယ်စွန့်လွှတ်မှာတဲ့လား... ဖိုးတိုး... ထူးသက်တင်ရဲ့ စိတ်ဓာတ်ကို ပန်းညမွှေး သိပုံရတယ်... ဒါကြောင့်လည်း ရှောင်ပြေးတာ နေမှာ... မင်းတော့ သတိထားနေ..."

" ဘာဖြစ်လဲကွာ... ပန်းညမွှေးနဲ့ ချစ်သူဖြစ်ဖို့ဆိုတာ ပန်းညမွှေးရဲ့ စိတ်က အဓိကပါပဲ..."

" လူဆိုတာ အမျိုးမျိုး ရှိကြတယ် ဖိုးတိုး... တစ်ချို့က မစားရရင် အမဲ သဲနဲ့ပက်မယ်ဆိုတဲ့ စိတ်တွေလည်းရှိတယ်... ထူးသက်တင်ဟာ ဘယ်လိုလူစားဆိုတာ ငါတို့ သေချာမသိဘူး... ဂရုစိုက်ပါ..."

စိတ်မှာနောက်ကျိနေသလိုတော့ ခံစားရပါတယ်။

ဒါပေမယ့်... ဘာလို့များ အဲသည့် အချစ်သစ်ပင်လေး သေဆုံး သွားမည်ကို စိုးရိမ်နေရတာလဲ။ ကျွန်တော့်ကို ထူးသက်တင်ရန်တွေ့မှာ လက်သီးနဲ့ထိုးမှာတွေကို ညမွှေး စိတ်ပူနေရရှာတာလည်း မကောင်းပါဘူး။

" မင်းတစ်ပတ်လောက် ပန်းညမွှေးကို ရှောင်နေပါလား "

" ဟာကွာ..."

" ဟုတ်တယ်လေ... အဲသည့် တစ်ပတ်လောက်အတွင်း မင်းနေလို့ ရမယ်ဆိုရင် အပြီးဖြတ်တော့... လက်ဖက်ရည်ဆိုင်လည်း ငါတို့တစ်ခြား တစ်ဆိုင် ပြောင်းကြမယ်...."

" ငါ မလုပ်နိုင်ဘူး... ဖြစ်သမျှ ရင်ဆိုင်မယ်... ထူးသက်တင်ရဲ့ ရန်ဖြစ်လည်းဖြစ်... အဓိက ကတော့ ညမွှေးရဲ့စိတ်ပါ..."

" နောက်မှ ငါမောလှပါပြီ ဒွန်းကြီးရယ်လို့ မပြောပါနဲ့ "

" မပြောဘူးကွာ..."

" ဒါဆို ပြီးတာပဲ..."

ကျွန်တော့် အချစ်သစ်ပင်လေးအတွက် ရှင်သန်ခြင်း တွေ့ကြုံ အောင်တော့ အစွမ်းကုန် ကာကွယ်ရမှာပါပဲ။

◈ ◈ ◈

ဘာလို့ အဲလိုမျိုး မလုံမလဲ ခံစားရမလဲ ဖြစ်ကို မဖြစ်သင့်ဘူး။
သွေးပူနေတုန်းမှာ ဘာမှမစဉ်းစားနိုင်ပါပဲ… ထူးကို ရိုပ်ခနဲမြင်တာနှင့်
ပန့်ဖျတ်ပြီး ကိုတိုးတိုးလင်းလက်ကိုဆွဲလို့ ထွက်ပြေးမိတယ်။
သည်သို့ဖြစ်သင့်သလား…
မဖြစ်သင့်ပါဘူး။
တကယ်ဆို ထူးက မွေးကို ချစ်ပါတယ် ဘယ်လိုဆိုဆို…
မွေးဘက်က ပြန်ပြီး ချစ်ပါတယ် တစ်ခါမှ မပြောခဲ့ပါဘူး။
မွေးတို့ ချစ်သူတွေမှ မဟုတ်ကြတာ။
သည့်အတွက် ကိုတိုးတိုးလင်းနှင့် မွေး ခင်ခင်မင်မင် နေကြရင်
ပည်း… ဘာဖြစ်လဲ…။
“ မွေး… မျက်မှန်တပ်ထားတာလား… ပြစမ်းပါဦး ”
“ သည်မှာလေ ထူးရဲ့…”
ထူးက သေချာကြည့်နေတော့ မွေးစိတ်မှာ တကယ်မလုံချင်။
သည်မျက်မှန်လေးက မွေးမျက်နှာနှင့် အလိုက်ဖက်ဆုံး ဆိုပြီး
ကိုတိုးတိုးလင်း ရွေးပေးတာ မဟုတ်လား။
“ သည်မျက်မှန် ဘယ်သူရွေးလဲ ”
“ ဟင် မွေးဘာသာရွေးတာပေါ့ ”
“ အဲဒါကြောင့် ပြောတာပေါ့ ငါလိုက်ခဲ့ပါမယ်ဆို… သည်မျက်မှန်က
ှင်နဲ့မလိုက်ဘူး ”
“ လိုက်လိုက်မလိုက်လိုက်တော်ပြီ မျက်စိမကိုက်ရင်ပဲ တော်ပြီ”

သူ့ဘာသာသူ လိုက်ချင်လိုက်မလိုက်ချင်နေ
မွေးစိတ်မှာတော့ ကျေနပ်နေတာပါလား။

ဒါကြောင့် စကားဖြတ်ပြီး ရိုက်ရမယ့် စာရွက်တွေကို စစ်နေမိတယ်

" ခုတလော ငါ စိတ်အဆင်မပြေဘူး...."

" ကိုယ့်စိတ် အဆင်မပြေမှန်းသိရင် အဆင်ပြေအောင်နေပေါ့

" ဥက္ကာတို့လည်း မရိုးသားဘူးထင်တယ်... အခုဆို နေ့ခင်းပိုင်း အလုပ်က ညလောက်တောင် မများဘူးလိုပဲ ဒါတောင် သူတို့ မပြီးတဲ့ စာတွေကို ငါတို့ဆက်ရိုက်ဖို့ ထားလိုထားနဲ့... သူတို့နှစ်ယောက် ပေါင်းပြီး အရင်စိတ် မရှိသလိုပဲ..."

ဒါတော့ ထူးပြောတာမှန်ပါတယ်။

သူတို့ အပြီးရိုက်ရမည့် စာတွေကို မရိုက်ပဲ ညဘက်ချိန် ချန်ထားခဲ့တာကလည်း ရှိသေးတယ် ထူးက ငွေရေးကြေးရေး ကိုင်တာ ဆိုတော့ အရင်ထက်စာ ငွေဝင်လည်း နည်းသွားတယ်လို့ ပြောပါတယ်

" ငါ တော်တော် စိတ်ပျက်တယ်... ဘာလို့လဲ မသိဘူး ခုတလော ငါ့စိတ်ကိုက ညစ်နေတာ သူတို့က တစ်မျိုး..."

ထူး ဘာစိတ်ညစ်နေလဲလို့ မမေးချင်ဘူး
မေးမိရင် မွေးက ပြန်မချစ်လို့ဆိုမှ...။

" ဥက္ကာနဲ့ငါ အချိန်လဲလိုက်ရမလား..."

" ဘာပြောတယ်..."

" ဥက္ကာနဲ့ အချိန်လဲရမလားမေးတာ... နေ့ခင်းမှာ ငါရှိနေတော့ နှယ်နီလည်း ဘာမှမလုပ်ရဲဘူးပေါ့..."

" ဘာလဲ... နင်က ငါနဲ့အတူ ရှိမနေချင်တော့ဘူးလား "

" ထူး... ငါစေတနာနဲ့ပြောတာ... တော်ပြီဟာ... မပြောတော့ဘူး... နင်နဲ့ စကားပြောရတာ အဆင်မပြေဘူး..."

" ဒါပေါ့လေ... အခုတော့ ငါနဲ့ စကားပြောရတာ အဆင်မပြေ တော့ဘူးပေါ့... တစ်ခုတော့ ငါကြိုပြီး ပြောမယ် မွေး... နင့်ကို

သိပ်ချစ်တယ်... အဆုံးရှုံးမခံနိုင်ဘူး... ဘယ်သူ့မှလည်း မပေးနိုင်ဘူး...
နလုံးသားကို တစ်ယောက်ယောက်က လုယူမယ်ဆိုတဲ့ အခါမှာတော့
စွမ်းကုန် ကာကွယ်ရမှာပဲ... နောက်မှ ငါ့အဆိုးမပြောနဲ့ "

စိတ်မကြည်လင်ခြင်းများစွာနှင့် ထူးကိုကြည့်မိတယ်။

အံ့သြလည်း အံ့သြမိတယ်

ထူးသက်တင်ဆိုတာ သည်လိုလူဖြစ်မယ် မထင်ခဲ့ဘူး။

မွေးစိတ်မှာလည်း... ချစ်သူရယ်လို့ တစ်ခါမှ မစဉ်းစားခဲ့လို့များလား
စ်နေ့နေ့မှာ ချစ်သူဆိုတာ ရှိလာနိုင်ပါလာလို့ မွေးမတွက်ဆပါပဲ
ူးတစ်ယောက်တည်းနှင့်သာ ခင်မင်တွယ်တာစွာ နေခဲ့သမျှ...။

အခု မှားပြီ။ အခု မွေးရင်ထဲကို ဘယ်သူရောက်လာခဲ့ပြီလဲ။

" နင်က ငါ့ကို ခြိမ်းခြောက်နေတာလား "

" ခြိမ်းခြောက်တာမဟုတ်ဘူး... ခံစားရတဲ့အတိုင်း ပြောတာ...
ည့်ထက် သေချာပေါက်ပြောရမယ်ဆို... တိုးတိုးလင်းကို နင် လုံးဝ
ကားပြောစရာ အကြောင်းမရှိဘူး..."

သူ့နာမည်ပါလာပြီ

သူနှင့်မွေးက ဘာလို့စကားမပြောရမှာလဲ

မွေးဘာသာ ဘယ်သူနှင့် ပြောပြောပေါ့... ဖေဖေနှင့် မေမေလည်း
ကယ် မွေးအစ်ကိုလည်း ရှိတယ် တစ်ခါမှ မွေးကို မချုပ်ချယ်ကြပါဘူး။

" ဘာဆိုင်လဲ... မွေးဘာသာ ပြောချင်ပြောမယ် "

" မပြောရဘူး..."

" ထူး... ငါနင့်ကို အရမ်းအံ့သြသွားပြီ ငါကတော့ ငါ့သူငယ်ချင်း
းဆိုတာ စိတ်ဓာတ်တည်ကြည်သလားလို့... အခုမှ သည်လောက်
က်ဓာတ် ညံ့မှန်းသိတယ် "

" ငါ့အချစ်အတွက် ညံ့တဲ့လူဖြစ်ချင်လည်းဖြစ်မယ်... နင့်ကို
ပြောပြီနော်... မပြောဘူးမလုပ်နဲ့... တိုးတိုးလင်းဆိုတဲ့လူကို ငါ လုံးဝ
ည့်မရဘူး... ငါကတော့ နင်နဲ့ တွေ့ကြည့် တွေ့တဲ့နေရာမှာ အသေပဲ"

" ဘာ... ဘာပြောတယ် "

" သူသေကိုယ်သေလို့ ပြောတာ "

ထူးသက်တင်ကို မယုံနိုင်လွန်းစွာ တအံ့တသြ ကြည့်မိတယ် ကိုတိုးတိုးလင်းနှင့် ထားမိတဲ့ သံယောဇဉ်ကို သိသွားရင် စိတ်ဆိုးမယ်ဆိုတာ သိပေမယ့် သည်မျှထိ ရိုင်းစိုင်းလာမယ် မထင်ခဲ့ပါဘူး။

" ကောင်းပြီလေ... နင့်ကိုငါကလည်း ငါ့စိတ်မှာ ရှိတဲ့အတိုင်း ပြောမယ်... နင်က သတ်လို့သူသေပါပြီထားပါ... ငါ့ကို ရပြီမထင်နဲ့... ငါက ပန်းညမွှေးလေ... ငါလည်း ငါဖြစ်ချင်ရာကိုပဲ ငါလုပ်မယ့်လူပါ...

" ငါမရရင် ဘယ်သူမှ မရတာ အကောင်းဆုံးပဲ..."

စိတ်ပျက်လွန်းစွာ ကြည့်မိပါပြီ...။

သည်လောက် ဖြစ်မည် မထင်ခဲ့ပါဘူး။

ချစ်သူလို မချစ်ခဲ့ပေမယ့် အချိန်ကြာမြင့်လွန်းစွာ ခင်မင်ခဲ့ရသည့် သူငယ်ချင်းကောင်းတစ်ယောက်လို ထင်ခဲ့တာ။

မွှေးအရမ်းစိတ်ပျက်သွားပြီ။ ဒါကြောင့် စကားကိုမပြောချင်တော့ဘဲ အလုပ်ပဲ လုပ်နေလိုက်တယ်။

သည်လိုပုံစံနှင့်ဆို ရှေ့ကို ဘယ်လိုဆက်မလဲ။

ပန်းညမွှေး...

သည်လောက် စိတ်ပျက်စရာဖြစ်နေတဲ့ အခြေအနေ တစ်ခုထဲကို ကိုတိုးတိုးလင်းကို နင်ဆွဲခေါ်လာမလား...။ သူလည်း ဘယ်လောက် စိတ်ပျက်သွားမလဲ။ သူ့ကို စိတ်ညစ်စေချင်တာလား။

ဟင့်အင်း...

သူ့ကို မွှေးက... စိတ်ပျော်ရွှင် ချမ်းသာစေချင်နေတာပါ။

" ဘာစားမလဲ..."

" ဘာမှမစားချင်ဘူး..."

" ငါ့ကို စိတ်ကောက်နေတာလား "

" မကောက်ပါဘူး..."

" ဒါဆို စိတ်ပျက်တာလား... စိတ်ကုန်တာလား "

" နှစ်ခုစလုံးပဲ..."

" ဘာ..."

အခင်မင်ရဆုံး သူငယ်ချင်းတစ်ယောက်ဆီက အညံ့ဆုံးသော တ်ကို ရုတ်တရက် မြင်လိုက်ရသလို ခံစားရပြီး စိတ်ကုန် စိတ်ပျက် သွားတာတော့ အမှန်ပါပဲ။ ထူးက ဘာမှမပြောပဲ ထွက်သွားပါပြီ။

ဒါလည်း ကောင်းပါတယ်။ အနားမှာနေပြီး စကားပြောသမျှ ဆင်မပြေတော့ စိတ်ညစ်ရတယ်။ တစ်ယောက်တည်း စာရိုက်နေရင်း ချိန်အကြာကြီး... ထူးပြန်မလာ။

သည်ပုံဆိုရင်တော့ မနက်ပိုင်းအလုပ် ပြောင်းချင်ပြောင်း မပြောင်းရင် ည်အလုပ်ကို ဆက်လုပ်လို့ဖြစ်ပါ့မလား။ ခက်တာက အိမ်မှာ ဖေဖေက င်စင်ယူပြီး ကိုနိုင်တစ်ယောက်တည်း အလုပ်နဲ့က မစားလောက်ဘူး...။ ကိုနိုင့်လခက ဘာမှ ရတာမဟုတ်။ ရုတ်တရက် သည်အလုပ်က ထွက်ပြီး လုပ်ရှာပြန်ရင် အခိုက်အတန့် အဆင်ပြေပါ့မလား။

ညမွှေး စိတ်ညစ်နေပြီလား...

ကျွန်တော့်ကြောင့် ညမွှေး စိတ်ညစ်နေပြီလား...။

အနားမှာ လာမေးနေသလိုပါပဲ...။

မွှေးဘာဖြစ်နေရသလဲ...။

သူနှင့် စကားမပြောတော့ဘူးဆိုရင် အခုကိစ္စတွေ အကုန် အဆင်ပြေ သွားမှာကို သိပါလျက်။

သူနှင့် ဘာလို့ စကားမပြောရမှာလဲ...။

သူနှင့် မတွေ့ရတော့ဘူးဆိုရင်...

မွှေး ချက်ချင်းလို မျက်ရည်တွေ ဝဲလာပြီ...။

ပန်းညမွှေး... သေချာစဉ်းစားစမ်း... နင့်ကြောင့် သူ တစ်ခုခု ဖြစ်သွားရင်

အို... သည်လိုလည်း အဖြစ်မခံနိုင်ပါဘူး...။

သူဘာမှမဖြစ်ရဘူး…။

သူ့ကို… သူ့ကို… မွေးလေ မွေး သူ့ကိုချစ်တယ်။

" ရော့… စား…"

ဆီချက်တစ်ပွဲကို ဘေးနားလာချပေးတယ်။ ထူးရယ် နင်ဟာ ငါ ဘာကြိုက်တယ်ဆိုတာ သိတဲ့ သူငယ်ချင်းပါ… ဒါပေမယ့် နင့်အပြောတွေမှ မွေးအရမ်း စိတ်ကုန် စိတ်ပျက်သွားသလိုခံစားရတယ် ဒါကြော မစားပါဘူး…။ စာရိုက်စရာတွေ အများကြီးရှိပေမယ့် ထူး စာမရိုက်ပါ မွေးဘေးနား လာထိုင်နေပြန်ပါတယ်။

" စားလေ မွေး "

" မစားချင်ဘူး "

" ငါစိတ်မကောင်းအောင် မလုပ်ပါနဲ့ဟာ…"

" အဲသည့်စကား ငါပြောရမှာ… မွေးတကယ် စိတ်မကောင်းဘူး… ထူးနဲ့ခင်ခဲ့သမျှ အချိန်အားလုံးမှာ ထူးကို ခင်မင်စရာအကောင်းဆုံ သံယောဇဉ်အရှိဆုံး သူငယ်ချင်းအနေနဲ့ ထင်ခဲ့တာ… မွေးအထင် လွဲ မှားသွားပြီ…"

" ငါတောင်းပန်ပါတယ် ငါ… နင့်ကိုသိပ်ချစ်လို့ပါ "

" မွေးလည်း အကြိမ်ကြိမ် ဖြေခဲ့ဖူးပါပြီ… သူငယ်ချင် တစ်ယောက်ထက် မပိုနိုင်ပါဘူးလို့…"

ရေရှည် သည်ပုံစံဆို လွယ်ပါ့မလား။

သူနှင့် အတူတွေ့သွားတဲ့တစ်နေ့… ထူး ဒေါသတွေ… မဖြစ်သင့်တာတွေ ဖြစ်လာရင်။

◈ ◈ ◈

ညမွေးပျောက်နေပြန်ပြီ

မနက် မနက် မတွေ့ပြန်ဘူး

ဘာဖြစ်လို့လဲကွာ...။ မတွေ့ရပြန်ရင် အရမ်းရင်မောရတယ်။ ကိုက်ဆိုက်လာဆိုတဲ့ အခြေအနေပျောက်ပြီး မျှော်နေရသလိုပါပဲ...။ ပေမယ့် သည်နေ့မနက်တော့ ညမွေးကို မမျှော်အား... ညဆယ့်နှစ်နာရီ ပက်မှာ ဒွန်းကြီး အူအတက်ပေါက်လို့ ဗိုက်အရမ်း အောင့်တာနဲ့ ဆေးရုံ ပို့လိုက်ရတယ်။

အရေးပေါ်ခွဲစိတ်ထားတော့ ဆေးရုံမှာ ကျွန်တော် စောင့်နေရ ယ်လေ...။

" ဖိုးတိုး "

" ဘာလဲ... ဘာလိုချင်လဲ ဒွန်းကြီး... "

" မင်း ပင်ပန်းတယ် "

" ရတယ်... မင်းသာ နေကောင်းအောင်နေ..."

အိမ်ပြန် ရေချိုး အဝတ်လဲချင်ပေမယ့် ပြန်နေတဲ့ အချိန်မှာ းကြီး တစ်ယောက်တည်း ဖြစ်နေမှာစိုးတော့ သည်အတိုင်း ထိုင်နေရတယ်။ ည်ပုံစံဆို ဆေးရုံမှာ အနည်းဆုံး တစ်ပတ်လောက်နေရတော့မယ် ထင်ပါရဲ့။ ာက်ဆုံး ဆေးရုံမှာ နေရတာ နှစ်ရက်လည်းရှိရော... အစ်ကို့ကို းဆက်ခေါ်ရတယ်

" အစ်ကို ခဏစောင့်ပေးပါလား ကျွန်တော် ရေပြန်ချိုး ဝတ်လဲချင်တယ် ဒွန်းကြီးအတွက် လိုတာလေးတွေလည်း ယူရင်း..."

အစ်ကို့ကို ခဏထားခဲ့ရတယ် ဒွန်းကြီးကတော့ ဖိုးတိုး

ပင်ပန်းနေပြီတဲ့။

သူငယ်ချင်းကောင်းတွေဆိုတာ ခုလောက်တော့ အနစ်နာခံ ပင်ပ
ဦးမှပေါ့...။ အိမ်အမြန်ပြန်ပြီး ရေချိုး အဝတ်လဲရင်း ဘေးဝရန်တာလေးမှ
ပုဆိုးထွက်လှမ်းတော့ လက်ဖက်ရည်ဆိုင်လေးကို မြင်ရတယ်။

မတွေ့ရတာ ရှစ်ရက်ရှိပြီ ညမွှေး
တိုးတိုးလင်းကို မေ့ရောပေါ့...

အချစ်သစ်ပင်လေး မသေဆုံးနိုင်ပါဘူး ရင်မှာ အမြစ်တွယ် ရှင်သ
နေပြီလေ...။ အစ်ကိုစောင့်နေရမှာ စိုးတာနဲ့ အမြန် ပြန်လာခဲ့တာ

လမ်းသွယ်လေးထဲကို ဖြတ်အလျှောက်
" ဖိုးတိုး... ဖိုးတိုး... "
" ဟင် ဦးလေးကောင်း "
" မင်း ဘယ်လဲ "

အဲသည်တော့မှ ဦးလေးကောင်းကို ကျော်ကျော်ဒွန်း ဆေး
တက်ရတာနဲ့ စောင့်နေရတဲ့အကြောင်း ပြောရတယ်။

" ဟာ ဒွန်းကြီး ဆေးရုံတက်ရတယ်လား ငါလိုက်ခဲ့မယ်
မိညိုရေ... ငါ အပြင်သွားမလို့..."

ဦးလေးကောင်းက ပြောပြောဆိုဆိုနှင့် လိုက်လာပြီလေ။ ဟုတ်သား
သည်နားမှာ ဦးလေးကောင်းတို့အိမ် နီးနီးလေးရှိနေတာ ကျွန်တေ
မေ့သွားတယ်။

" မင်း နောက်ရက်ဆို ငါတို့အိမ်လာ ရေချိုးပါလား... အိမ်ပြ
ဝေးတယ်..."

" ရပါတယ် "

" အားနာစရာလား... အိမ်မှာ ငါတစ်ယောက်ပဲ ရှိတာ မိညို
ကိုအောင်က အပြင်သွားနေတာ..."

ဟုတ်တော့ ဟုတ်ပါတယ်။

အိမ်ပြန်နေရင် အချိန်က ပိုကုန်တယ် အခြေအနေအရပေါ့လေ။

းလေးကောင်းအိမ်မှာ ရေချိုးရုံလေးသွားချိုးလို့လည်း ဖြစ်ပါတယ်။

" ဒွန်းကြီး ဦးလေးကောင်း ပါလာတယ် "

" မင်းတို့ကွာ... ငါ့ အကြောင်းကြားရောပေါ့ ငါဆေးရုံစောင့်ပေးမယ် "

" ဦးလေး ပင်ပန်းပါတယ်... ဖိုးတိုးက နေ့ရောညပါ စောင့်ပါတယ်"

" သူလည်း ရေချိုးချင်မှာပေါ့ သည်လိုလုပ် ဖိုးတိုးက ရေချိုးဖို့ ါတို့အိမ်လာ ငါက သည်မှာလာစောင့် မကောင်းဘူးလား..."

" ဒါလည်းကောင်းပါတယ်..."

တစ်နေ့တစ်ခေါက်လောက်မှ ရေမချိုးရရင် မနေတတ်တော့ သည် စီအစဥ်ကိုပဲ ကြိုက်ရမှာပါပဲ... ဦးလေးကောင်းတို့ အိမ်ကလည်း နီးလေးပဲလေ အမြန်ရေချိုး အမြန်ပြန်လို့လည်း အဆင်ပြေပါတယ်။

" အဖွားရော... နေကောင်းလား ဦးလေး..."

" ကောင်းပါတယ်... အရင်တစ်ခါ လျှောက်ထွက်သွားတာ ကောင်းလို့ မင်းနဲ့တွေ့ပြီးတည်းက ကြည့်နေရတာပေါ့ကွာ ငါ့မရီးလည်း ပင်ပန်းတာပေါ့..."

ဒွန်းကြီးက သက်သာတယ်ဆိုပေမယ့် အိပ်ယာပေါ် ပက်လက် လေးပဲ ရှိသေးတာ။ အလုပ်တွေအကုန်ပျက်ပါပြီဆို ညည်းနေသေးတယ်။ ဖြစ်လာပြီပဲကွာ ကျန်းမာရေးက အဓိကပါ တစ်ပတ်ဆယ်ရက်ဆို ပြန်ကောင်း သွားမှာပဲဟာလို့ ပြောရတယ်။

" ဖိုးတိုးကြာရင် ပင်ပန်းမှာ... ငါ ကိုအောင့်ကိုလည်း လွှတ်ပေးမယ်"

" ဟာ မလွှတ်ပါနဲ့ ဦးလေး... ကိုအောင်က နဂိုရ်ကမှ ရင်ကျပ် မား... သည်မှာက အိပ်ရတာ ပင်ပန်းတယ်... မလွှတ်နဲ့..."

" ဖိုးတိုးတစ်ယောက်တည်းမို့ပါ "

" ရပါတယ် ဦးလေးကောင်း ကျွန်တော် ရေချိုးလို့ရရင်ပဲ တော်ပြီ"

" ဒါဆိုရင်တော့ လာသာလာခဲ့ မင်းရောက်လာရင် ငါ ည်လာမယ်... မင်း ရေချိုးပြီးမှ ပြန်လာ "

" ဟုတ်ကဲ့ ဦးလေးကောင်း..."

ဦးလေးကောင်းက ဒွန်းကြီးနဲ့ စကားပြောပေးနေပါတယ်။ ဂျာနယ်တိုက်က တောင်းထားတဲ့ ဆောင်းပါးတွေ အပြီး ရေးရတော့မယ်။ ညမွှေးနဲ့လည်း မတွေ့ရတာ ကြာပြီ။ စိတ်က ဟိုရောက်သည်ရောက်ပါလား။ ဒွန်းကြီးကို လာကြည့်တဲ့ ဆရာဝန်မလေး တစ်ယောက်က ညမွှေးပုံစံလေး ဆင်တော့လည်း ပိုအမှတ်ရသွားသလိုပါပဲ။

" ဖိုးတိုး... ဆရာဝန်မလေးက အဖွားလေးနဲ့ တူတယ်နော်" ဒွန်းကြီး ပြောလို့ ပြုံးရတယ်။

" ငါ့မျက်စိထဲတော့ ငါ့တူမတွေလည်း သည်ပုံစံတွေပါပဲ... မန္တလေးလောက်တော့ ကြည့်မကောင်းပါဘူး..."

ဦးလေးကောင်း အပြောကြောင့် ဒွန်းကြီးက ရယ်တယ်။

သူ့မိန်းမကို ခုထိ သတိတရရှိဆဲပါလားဆိုတော့

" တစ်သက်တစ်ချစ်လေကွာ... တစ်ယောက်ဆိုတစ်ယောက်ကိုး" တဲ့။

ကျွန်တော် ပြုံးရင်း နှစ်သက်စွာ ကြည့်နေမိပါပြီ။

◈ ◈ ◈

သတိရမိတယ်

ပြင်းစွာသော သတိရခြင်းပါပဲ... ဒါကို အလွမ်းလို့ခေါ်ပါသလား။

သတိရလိုက်တိုင်းလည်း... မဖြစ်ပါဘူး သူ့ကိုသတိရ သူ့ကိုချစ်မိခြင်းက သူ့အတွက် ဒုက္ခတွေပေးရာပဲ ရောက်လာမယ် ဆိုတာ သိနေလေတော့ မွေးဘာသာပဲ ခံစားပါတော့မယ်။ သူနှင့်တွေ့တတ်သော လက်ဖက်ရည်ဆိုင်လေးကို ရှောင်နေမိတယ်...။ သူနှင့် နှစ်ယောက် အတူတွေ့ရင် ထူးက ဘယ်လိုအန္တရာယ်ပေးမယ်မသိ...

" မွေး... ငါတို့ တစ်ခုခု အတူသွားစားမယ်..."

" ငါ မစားချင်လို့ပါ နင်ဆာရင် သွားစားလိုက်ပါ ထူး "

" ငါ့ကို စကားမပြောချင်တော့တာလား "

" မဟုတ်ပါဘူး "

တတ်နိုင်သရွေ့လည်း ထူးနှင့် စကားမပြောမိအောင် နေရတယ်။

ခင်မင်စိတ်တွေ လျော့သွားတာလည်းဝန်ခံပါတယ်။ ဘာလို့များအဲလောက် စိတ်ဓာတ် ညံ့ပါလိမ့်ဆိုပြီးလည်း တွေးမရ။

ဟိုးအရင်က ထူးသက်တင်ဆိုတာ အရမ်းဟန်ဆောင် ကောင်းခဲ့တာလားလို့လည်း တွေးမိတယ်။

" နင်... နီနီကျော့်ကို ဘာပြောလဲ..."

" ငါက နီနီကျော့်ကို... ဩော် "

ဟိုနေ့က မမျှော်လင့်ပဲ လမ်းမှာ နီနီကျော်နဲ့တွေ့တယ်။ အခင်မင်ဆုံးသူငယ်ချင်းဆိုတော့ အလုပ်မေးမိတာ။ နီနီကျော်တို့မှာလည်း ကွန်ပျူတာမိတ္တူတွေနဲ့ ဆိုင်အကြီးကြီး တစ်ခုရှိတယ်။

" နင် သည်အလုပ်က ထွက်ချင်နေပြီလား..."

" ငါမှ မပျော်တော့တာ... နင်နဲ့စကားပြောရင် ငါ့ရင်ထဲမှာ ဒေါသတွေဖြစ်ရတယ် ခုလိုမျိုး အခြေအနေမှာ ငါကြာကြာ မနေနိုင်ဘူး..."

" ငါကတော့ နင်နဲ့ခွဲမနေချင်ဘူး... မွေး... ငါတို့ လက်ထပ်ကြရအောင်... အန်ကယ်နဲ့ အန်တီ့ဆီမှာ ငါဒက်ဒီ့ကို လာတောင်းခိုင်းလိုက်မယ်"

အံ့သြပါတယ်

မချစ်ပါဘူးလို့ တွင်တွင် ပြောထားတာ လက်ထပ်ရဦးမတဲ့။

" နင့်ကိုငါလက်ထပ်ရအောင်... ချစ်ပါတယ်လို့တောင် ပြောလို့လား"

" မွေးရယ် နင့်ကို ငါသိပ်ချစ်တယ် "

အချစ်ဆိုတာ တစ်ယောက်တည်းက ချစ်နေလို့ရသလား။

မွေးရင်ထဲက ဘယ်သူ့ကိုချစ်တယ်ဆိုတာ မွေးသေချာသိနေမှတော့။ ကြာရှည်စွာ သည်သို့ စကားပြောလည်း အဆင်မပြေနေရမှာ မဖြစ်နိုင်။ ဒါကြောင့် မွေး အလုပ်ပြောင်းဖို့ စဉ်းစားရပြီ။

" အခုဆို ငါတို့ကို လူတိုင်းက ချစ်သူတွေပဲ ထင်ကြတာပါ ငါတို့ လက်ထပ်ကြရအောင် "

" ဘယ်သူတွေဘာထင်ထင် ငါမှ လက်မခံနိုင်ပဲ... နင့်ကို ငါ အရင်က အခင်မင်ဆုံး သူငယ်ချင်းတစ်ယောက်လို့ သဘောထားတာ အခုတော့ ဘယ်လိုမှ မခင်တော့ဘူး... စိတ်ဓာတ်ညံ့ရင် ငါမုန်းတယ် "

" မွေး... မုန်းတယ်လို့တော့ မပြောပါနဲ့ ဟာ "

" တကယ်ဆို ငါတို့ဟာ ချစ်သူတွေ မဖြစ်ကြရင်တောင် အခင်ဆုံးသူငယ်ချင်း နှစ်ယောက်အဖြစ် တစ်သက်လုံး နေလို့ရပါတယ် နင်ပြောတဲ့ စကားတွေကြောင့် ငါ သိပ် စိတ်ပျက်သွားပြီ..."

သည်လိုပြောရတာ စိတ်မကောင်းပါဘူး ။

မပြောချင်ပါဘူး။ ဒါပေမယ့် ရေရှည်ကြည့်ရတော့မယ်လေ...

ခုရက်ပိုင်းမှာ မွေးမျက်နှာမှကြည်လင်တာရယ် စကား သိပ်မပြောတာရယ်ကြောင့်သာ... သူ့ပုံစံက နည်းနည်း ပြန်ကောင်းနေတာနေမှာပါ။

" နင် အလုပ်မထွက်ပါနဲ့ဟာ "

မွေးလည်း မထွက်ချင်ပါဘူး။ အခု အလုပ်ကလေးက ဘာပဲပြောပြော အဆင်ပြေနေပြီ... သူငယ်ချင်းလေးယောက် စပ်တူရှယ်ယာဆိုတော့ မွေးငွေတွေကလည်း သည်ဆိုင်ထဲမှာ ကျန်နေရစ်ဦးမယ်လေ...။

" ငါမထွက်ချင်ပါဘူး... ဒါပေမယ့်... နင် ခုလိုပုံစံ ဖြစ်နေရင် ငါမနေနိုင်ဘူး... ငါတို့တွေက အကောင်းဆုံး သူငယ်ချင်းတွေ ဖြစ်သင့်တယ်"

အဲလိုမျိုး ငိုင်တွေနေတော့လည်း စိတ်မကောင်းပါဘူး။

" ငါ... ငါအတတ်နိုင်ဆုံးကြိုးစားပါမယ် နင် အလုပ်မပြောင်းပါနဲ့"

" တကယ်နော်... ငါစိတ်တိုလာအောင် နင်လုပ်ရင်တော့ ငါက ချက်ချင်း အလုပ်ပြောင်းမှာ..."

သည်သို့ပြောထားမှဖြစ်မယ်။

မွေးက ပြောသာပြောရတာ ရုတ်တရက် အလုပ်မရှိလို့ကတော့ မဖြစ်။ မေမေက မွေးကိုသာ မျှော်ဖိုးတောင်းနေတော့တာ။

" နင် သည်လူနဲ့ မခေါ်လို့ မရဘူးလား "

" ထူး... ငါ ခေါင်းအေးအေး နေပါရစေ... နင်လည်း နင့်ဘာသာနေ... သူလည်းသူ့ဘာသာနေ အကောင်းဆုံးပဲ... သူ့ကို နင်ကြည့်မရရင် ငါနဲ့တွေ့တဲ့အခါမှာ မျက်နှာလွှဲရှောင်နေလိုက်..."

" ရရင်တော့ ကောင်းတာပေါ့..."

" ရအောင်နေ... မဟုတ်ရင် ငါ ခေါင်းရှုပ် သိပ်မခံနိုင်ဘူး..."

ကိုတိုးတိုးလင်းအကြောင်းက သည်မှာရပ်သွားလို့ တော်သေးတယ်။ အလုပ်အကြောင်းနှင့် ဥက္ကာနှင့် နွယ်နီက အရင်လို မဟုတ်ဘူးတဲ့။

" ဒါဆိုသည်လိုလုပ်ပေါ့... နေ့ဝင်ငွေ ညဝင်ငွေကို ပေါင်းပြီးမှ လေးယောက်စာ ခွဲမနေနဲ့တော့ သူတို့ မရီးမောင် ဖြစ်လာရင်... ကိုယ်ရိုက်တာ ကိုယ်ယူဆိုရင်ရော..."

" ဒါဆို ငါတို့က ညရိုက်ရတာ... ညမှာ အလုပ်ကလည်း အမြဲမရှိဘူး ငါတို့ နစ်နာမှာပေါ့ မွေးရဲ့ "

" ငါ နေ့ခင်းပိုင်း ပြောင်းမယ် နင်နဲ့ ဥက္ကာ ညပိုင်းယူဆိုတော့လည်း

နင်ကမှ လက်မခံတာ..."

" နင်က နေ့ပိုင်းယူ ငါက ညပိုင်းယူဆိုရင် ငါနဲ့နင် ခွဲနေရတော့မှာ"

" ဘာဆိုင်လဲ... နင် အပေါ်ထပ်မှာတင် နေတာပဲ... အိပ်ရေးဝရင် အောက်ထပ်က ဆိုင်ကို ဆင်းလာလိုက်ရင် တွေ့နေရတာပါ ထူးရယ်... တွေ့တွေ့မတွေ့တွေ့ နင်နဲ့ငါက ထာဝရ သူငယ်ချင်းပဲဟာ..."

" ဟင့်အင်း... မီးဝေးချိတ်လို နင်နဲ့ဝေးနေရင် နင့်သံယောဇဉ်က ငါ့အပေါ် နည်းသွားမှာပေါ့... နဂိုရ်ကမှ..."

ခက်တဲ့ ထူးသက်တင်ပါပဲလေ...။

မွေးကတော့... ခုချိန်မှာ နေ့ခင်းအချိန်ကို မွေးပြောင်းလိုက်တာ အကောင်းဆုံးလို့ ထင်ပါတယ်။ ဥက္ကာတို့နှင့် ငွေကြေး အလုပ်ကိစ္စလည်း အဆင်ပြေမယ် ထူးသက်တင်ရဲ့ သူနှင့် ပတ်သက်သော မကျေလည် စကားတွေလည်း ကြားမနေချင်။

" ငါ နေ့ခင်း ပြောင်းချင်တယ်... သည်တော့ သည်တစ်ရက် နှစ်ရက်မှာ ဥက္ကာနဲ့ နင် ငွေအပ်ကြရင် ကြည့်ပြောထား..."

မလှုပ်မယှက်နဲ့။

ဥက္ကာတို့ ငွေအပ်တာ အရမ်းနည်းတယ်လို့ အခြေအနေ ဖြစ်လာတာပဲ ကျေးဇူးတင်ရမလိုဖြစ်နေပြီ။

ထူးနှင့် မွေးစိတ်မှာ စကားပြောရတာ အဆင်မပြေ။

ဟိုးအရင်ကလို ခင်ခင်မင်မင် သူငယ်ချင်းလိုနေရင်တော့ တစ်မျိုးပေါ့။

ဟိုးအရင်က... အင်းလေ... မွေးစိတ်ကရော ဟိုးအရင်ကလို ဖြူစင်နေလို့လား။ သူနှင့်တွေ့မှ... ခံစားလာတဲ့ နှလုံးသားတွေ...။

မတွေ့ရရက်မှာ အလွမ်းများစွာရှိနေပါတယ်

မွေး ဘာလို့ မလာလဲလို့ သူထင်မလား။ သတိရော ရမှရပါလေစ။ မွေးကတော့ သူ့ကို သတိရရင် မျက်မှန်လေးကို လှည့်ပတ် ကြည့်နေမိ တတ်ပါပြီ။ သည်အခါ သူနှင့်အတူသွားရသော ရက်တွေဆီ စိတ်က

သတိရမိတယ်။ အခုဆို တွေ့ချင်ပါလျက်။

ထူးက ပြောနိုင်သည် မဟုတ်။

မွေးနှင့်သူ့ကို အတူတွေ့ရင် သူ့ကို တစ်ခုခုလုပ်လိုက်လေမလား။

“ နင်က နေ့ခင်းပိုင်းယူချင်နေသလား ငါနဲ့ ခွဲနိုင်တယ်ပေါ့လေ”

“ ထူး... နင်နဲ့ငါစကားပြောရတာ ဂျာအေး သူ့အမေရိုက်နေပြီ... နင်ဟာ ငါ့အခင်မင်ဆုံး သူငယ်ချင်း... သူငယ်ချင်း တစ်ယောက်အနေနဲ့ ခင်ခင်မင်မင် ရှိသင့်ပေမယ့် တစ်ချိန်လုံး တစ်ပူးတွဲတွဲ ဖြစ်နေစရာလိုလား လင်မယားတွေတောင် သူ့အလုပ်ကိုယ့်အလုပ်နဲ့ သူငယ်ချင်းဟာ ဘာမှ မခွဲနိုင်စရာမရှိဘူး... နင်သာ အဓိပ္ပါယ်မရှိဖြစ်နေတာ... ငါပြောမယ် မနေ့က ဥက္ကာတို့အပ်တဲ့ ငွေဟာ သိပ်နည်းတယ် အရင်ဝင်ငွေရဲ့ တစ်ဝက် မရှိချင်တော့ဘူး... သည်တော့ ငါ နေ့ခင်းပိုင်း ပြောင်းမယ်...”

သည်လို ပြတ်ပြတ်သားသား ပြောမှပါ။

“ အင်းလေ... ဥက္ကာနဲ့ ငါပြောလိုက်မယ် နင် ခုတလော နေမကောင်းဘူး ဆရာဝန်က ညဘက် အိပ်ရေးပျက်များလို့ဆိုပြီး နေ့ခင်းပိုင်း ပြောင်းပေးမယ်လို့ ပြောမယ် ”

“ အေးပါ ငါ့မေးရင်လည်း ကြည့်ပြောလိုက်မယ်...”

“ နင့်ကို ငါချစ်တာကတော့ မပြောင်းလဲဘူးနော်...”

ပြောလည်း နားမလည်တော့ မပြောချင်တော့ဘူး။

မနက်ပိုင်း အလုပ်ပြောင်းပြီးရင်တော့ တစ်ဖြည်းဖြည်း ဝေးသွားမှာပါလေ...။ သည်လိုပဲ တွက်ဆရတာပါပဲ။ နောက်ထပ် အလုပ်ကိုလည်း ကောင်းမယ်ဆို ပြောင်းပစ်လိုက်မယ်ပဲ တွေးထားမှ...။

သူနှင့်ပတ်သက်လာလျှင် မွေး အားလုံးကို ရင်ဆိုင်ကြည့်ချင် သလိုပါပဲ။

" ငါလည်း ဆေးရုံဆင်းချင်နေပါပြီ "

" အနာတောင်ကျက်ကာနီးပြီ ဆင်းရမှာပေါ့ မင်းက ဘာဖြစ်နေလဲ ဒွန်းကြီးရာ..."

" မင်း ပင်ပန်းတယ် ဖိုးတိုး..."

" ရပါတယ် တစ်ခုပဲ ငါရေချိုးချင်တယ် မင်းခဏနေခဲ့လို့ရမလား... ငါ ဦးလေးကောင်းတို့ဆီပဲ သွားချိုးလိုက်ပါမယ်..."

" သွားလေ ရတယ် "

ရေမချိုးရ မနေနိုင်တာ တစ်ခုပဲ စိတ်ပျက်တာ။ ဒါကြောင့် လဲစရာ အင်္ကျီလေး ကမန်းကတန်းယူပြီး ထွက်ခဲ့တယ်။ အိမ်ပြန်ရင် အတော်ဝေးတယ် ဒွန်းကြီးတစ်ယောက်တည်း မထားခဲ့ချင် ဦးလေးကောင်းတို့ အိမ်က ဆေးရုံကနေ ငါးမိနစ်သာသာဆို ရောက်ရော။

" ဦးလေးကောင်း "

" ဖိုးတိုး လာ... ဒွန်းကြီး နေကောင်းလား "

" ကောင်းပါတယ် ကျွန်တော် ရေချိုးချင်လို့ "

" ချိုး... ငါဒွန်းကြီးကို သွားစောင့်ဦးမယ်... ဘယ်သူမှ မရှိဘူး... ရော့ သော့ မီညိုက ဖျားပုံပြန်တယ် "

ဦးလေးကောင်းက အခန်းသော့ခပ်ဖို့ ပေးထားပြီး ထွက်သွားပြီ။ ရေချိုးရမည့် ရေတိုင်ကီက အိမ်ရှေ့မှာ...။ ယုဇနပန်းပင်၊ ဇီဇဝါပင်းပန်တွေရဲ့ ကာထားပါတယ်။ ဘေးဘက်အခန်းမှ ဦးလေးသောင်းတို့ မိသားစုကရော မရှိကြဘူးလား တိတ်တိတ် ဆိတ်ဆိတ်ပါပဲ။

ရေချိုးမည်လို့ စည်ပိုင်းအဖုံးဖွင့်ကြည့်တော့ ရေက သုံးပုံနှစ်ပုံ လောက်ပဲရှိတယ်။ ရေရောပေါ်ရဲ့လား မသိ...။

" ဟယ် မောင်တိုးတိုးလင်း "

" ကျွန်တော် ရေလာချိုးတာပါ အန်တီခင် "

" ဟဲ့ ရေရှိရဲ့လား... အန်တီတို့ဆီ လာချိုး... သူတို့ သားအဖတွေက ပျင်းတော့ ရေလာတဲ့အချိန် ရေမဖြည့်ကြဘူး... လာ သည်မှာချိုး ရေတွေ အများကြီး..."

အန်တီခင်တို့မှာ ရေစည်ပိုင်းက လေးလုံး... ရေတွေကလည်းအပြည့်...

" လာ အားမနာနဲ့ ချိုး... သည်နေ့က ရုံးပိတ်ရက်ဆိုတော့ သားနဲ့ ချွေးမက သူတို့အမေအိမ် တစ်နေကုန်သွားတာ မင်း ဦးလေးသောင်း ကလည်း ဘုရားတွေ သွားမယ်ဆို သွားရော အိမ်မှာ အန်တီတို့ပဲရှိတယ်"

" အဖွားရော "

" အမေလား အိပ်နေတယ် အိပ်ပါမှ မဟုတ်ရင် လျှောက်သွားချင် နေတယ်... သမီး... အဝတ်လျှော်မလို့လား... ခဏနေဦး သည်မှာ မောင်တိုးတိုးလင်း ရေချိုးရုံလေး..."

" ရှင်..."

ဦးလေးသောင်းတို့မှာ သမီး ရှိတာလား

အားနာလိုက်တာ မိန်းကလေးတစ်ယောက်ရှိမှန်းသိရင် ဦးလေးကောင်းရဲ့ တိုင်ကီထဲက ရှိတဲ့ရေပဲချိုးပါတယ်။ ဒါကြောင့်မို့ အားနာနာနှင့် မော့ကြည့်မိပါတယ်။

အံ့ဩလွန်းစွာဖြင့် ကျွန်တော် ငေးနေမိပါပြီ

" ကိုတိုးတိုးလင်း..."

" ညမွေးပါလား..."

" ဟဲ့ မောင်တိုးတိုးလင်းနဲ့ မွေးသိတယ်လား..."

" ဟုတ်တယ်မေမေ..."

ကျွန်တော့်မှာဖြင့် ပျောက်နေရာကနေ မျက်ဝန်းရှေ့ အံ့ဩဖွယ်ရာ

[illegible]ရှိသာသော ညမွှေးကို အရိပ်မျှပင် ပျောက်ကွယ်သွားမှာ ကြောက်နေ[illegible]လိုပါပဲ။

" ညမွှေးက အိမ်နဲ့ အတော်ကြီးဝေးတဲ့ လက်ဖက်ရည်ဆိုင်မှာ ထိုင်တယ်လား..."

" ဆိုင်ကအပြန် ကားမစီးချင်ရင် လမ်းဖြတ်လျှောက်တဲ့ အခါမှာ အဲသည့်လက်ဖက်ရည်ဆိုင်လေးမှာ ထိုင်မိတယ်... အိပ်ချင်တာ ပြေအောင် မုန့်ဝင်စားရင်းက ခင်မင်နေမိလို့ပါ "

" ညမွှေး အဝတ်လျှော်မလို့လား..."

" ရပါတယ်... ကိုတိုးတိုးလင်း ရေချိုးမလို့မဟုတ်လား... ချိုးလေ ချိုး နောက်မှ မွှေး အဝတ်လျှော်လည်း ရပါတယ် "

ကျွန်တော် ရေချိုးမှာမို့ အားနာပြီး ညမွှေးက သူ့ အိမ်ခန်းထဲ ဝင်သွားပြီ။ ရေချိုးရင်း စိတ်မှာပျော်ရွှင်လို့ ရင်တောင်ခုန်တယ်... ညမွှေး ပျောက်နေတဲ့လူကို ဖမ်းမိပြီ ဘာလို့လဲလို့တော့ မေးခွင့်ရတော့ဦးမည်မဟုတ် ဒါပေမယ့် ညမွှေးဖေဖေနှင့်မေမေ့ကိုပါ ကျွန်တော် ခင်မင်နေပြီဆိုမှ မွှေးနှင့် ရေ့ဆက်ခင်မင်ဖို့ လွယ်ကူသွားပြီပေါ့...။

ရေချိုး အဝတ်လဲပြီးတော့ ဦးလေးကောင်းရဲ့ အခန်းတံခါးကို ပိတ်လိုက်တယ်။ ပြီးတော့မှ မွှေးတို့အခန်းဘက်ကို အသာချောင်း ကြည့်ရတာပေါ့။

" ညမွှေး ကျွန်တော် ပြန်တော့မလို့ "

" ကိုတိုးတိုးလင်း ဘယ်လိုရောက်လာတာလဲ... ဦးလေးကောင်း နဲ့က..."

" ကျော်ကျော်ဒွန်း ဆေးရုံတက်ရလို့ ကျွန်တော် ဆေးရုံစောင့်နေရ တာ... ဦးလေးကောင်းက ကျော်ကျော်ဒွန်း ဦးလေးလေ သူက ဒေါ်လေးနွဲ့ရဲ့ တူ... ကျွန်တော် ဆေးရုံမှာ နေ့ရော ညရောပဲ... ရေချိုးချင်လို့ ဦးလေးကောင်းက တလဲ ဆေးရုံစောင့်ပေးတယ် အခု ဆေးရုံကို ပြန်မှာ... ညမွှေးနဲ့ မတွေ့ရတာကြာပြီ... ကျွန်တော် သတိရနေမိတယ်..."

ညမွှေးပြုံးသွားတယ်။ တကယ်သတိရတာပါ။ အမှန်ဆို
သတိရတယ် ဆိုတာ ကြည့်ကောင်းအောင်ပြောတာပါ။ သတိရစိတ်ပြင်း
ပြလွန်းလို့ အလွမ်းတွေဖြစ်ကုန်ကြပြီ... ညမွှေးရဲ့...။

" ဒွန်းကြီး ဆေးရုံဆင်းရပြီဆို ကော်ဖီ အတူသောက်ချင်တယ်"

" မွှေးလည်း ဆေးရုံ လာခဲ့ပါဦးမယ် "

" အခုလိုက်ခဲ့ "

" အခု... မွှေးအဝတ်တွေလျှော်ပြီး ဆိုင်သွားရဦးမှာ... မနက်ကို ဆိုင်ကအပြန် ဝင်ခဲ့မယ် နေရာပြောထား..."

ဒွန်းကြီးတက်နေတဲ့ အဆောင်နဲ့ ကုတင်နံပါတ် ပြောပြလိုက်တယ် ရင်ထဲမှာ ညမွှေးနဲ့ တွေ့ရတာ ပျော်တယ်ကွာ...။ တွေ့လား... ဖူးစာဆိုတာ ါကိုခေါ်တာနေမှာပါ... ကျွန်တော့်ကို ချစ်သူရှိရာနေရာကို အရောက် ပို့ပေးတာပါလား။။ အပြန်ခြေလှမ်းတွေက ပျော်ရွှင်တက်ကြွခြင်း အပြည့် ရှိတယ်။

ဒွန်းကြီးကို ပြောပြရမယ်...

ပျောက်နေတဲ့ အချစ်က မျက်ဝန်းရှေ့ ဘွားခနဲ ရောက်လာတဲ့ ျနံ့ခုန်မှုတွေလေ...။

◈ ◈ ◈

အံ့ဩရပြီ အဝတ်လျှော်ရင်း မွေးစိတ်မှာ အတွေးများနေပေါ့။ သူနှင့်မတွေ့ရတာ ကြာပြီလို့ သတိရစိတ်ပြင်းပြစွာ တမ်းတမိပါတယ်။ ဒါပေမယ့် သူ့ကို မွေးနဲ့ ပတ်သက်ပြီး ရလာမယ့် ဒုက္ခတွေကိုမပေးရက်ပါဘူး။ ထူးက မွေးတို့ကို ဘယ်လိုမှ နားလည်ပေးမှာ မဟုတ်ဘူး...။ အခုအချိန် ထူး ငြိမ်နေပေမယ့် ကောင်းသော ငြိမ်သက်ခြင်း မဟုတ်တာ မွေးသိတယ်။

" သမီး... မွေး... အဝတ်လျှော်သံမကြားလို့ ဘာထိုင်ငေးနေလဲ"

" မေမေ... တီကောင်များရှိသလား မွေးကြည့်နေတာ ရှုံလို့ "

" မရှိပါဘူး... တစ်နေ့ကပဲ ကိုနိုင် ထုံးတွေ ဖြူးထားပါတယ်..."

" မေမေ... ကိုတိုးတိုးလင်းကို မေမေတို့သိတာ ကြာပြီလား "

" သိပ်မကြာသေးပါဘူး နှင့်အဖွား လျှောက်ထွက်သွားတာ အဲသည့်ကောင်လေးတွေလာပြီး လာပို့တာပေါ့ လာပို့ရင်းက သမီးဦးလေးကောင်းရဲ့တူရဲ့ သူငယ်ချင်း ဖြစ်နေတာ... အဲသည်တုန်းကမှ သိတာ "

" သြော်..."

အဖွားကိုတွေ့လာတယ်ဆိုတော့ အကြာကြီးမှ မဟုတ်သေးတာပဲလေ။ သူကလည်း မွေးကိုတွေ့တာ အံ့ဩမှာပါပဲ။

" သမီးတို့ကရော ဘယ်တုန်းက ခင်သွားတာလဲ "

" သိပ်မကြာသေးပါဘူး... ခင်တော့ခင်ပါတယ် ဒါပေမယ့် မခင်ရဲဘူး ဖြစ်နေတယ် "

" ဘာလို့လဲ သမီးရဲ့ "

" ထူးက မကြိုက်ဘူး " .

မွေးခုလိုပြောတော့ မေမေပြုံးသွားတယ်။ ပြီးတော့ဘာပြောမှတ်လဲ။ အူနုကျွဲခတ်သလို ဖြစ်နေရှာမှာပေါ့လေတဲ့။

" တကယ်ဆို ထူးနဲ့သမီး သူငယ်ချင်းတွေပါ မေမေရယ်... အဲဒါ ကိုတိုးတိုးလင်းကိုလည်း သူငယ်ချင်းလို ခင်မင်မယ်လည်းဆိုရော... စိတ်ညစ်ရတော့တာပါပဲ..."

" ဒါကတော့ သမီးရယ်... သူလည်း... သမီးနဲ့ဆို ငယ်တည်းက ပံယောဇဉ်ဆိုတော့လည်း တစ်ခြားလူအပေါ် သူ့ထက်ပိုသွားမှာ စိုးရိမ်တယ် ထင်ပါရဲ့..."

" မေမေကရော မွေးနဲ့ ကိုတိုးတိုးလင်းခင်တာကို မပြောပါဘူးနော်"

" သူငယ်ချင်းအဖြစ် ခင်မင်တာကတော့ ဘယ်သူနဲ့ခင်ခင် ဖြစ်ပါတယ် ဒါပေမယ့် သမီးရယ်..."

မေမေကတော့ ဟိုအရင်တုန်းကအတိုင်း မွေးကို ရှင်းပြဆုံးမပါတယ်။ အိမ်ထောင်ပြုတယ်ဆိုတာ မလွယ်ကူတဲ့အကြောင်းတွေရော ...ကိုနိုင်နှင့် မယုသာကြည့် ကိုအောင်နှင့်မညိုသာကြည့်ဆိုပြီး ပြောတာပေါ့။

" သမီး စဉ်းစားပေါ့... အကောင်းဆုံးကတော့... မိန်းကလေးဆိုတာ စဉ်းစားနိုင်မှ... ဘဝခရီးဖော်ဆိုတာ တစ်သက်လုံး အတူနေရမှာ... နောက်မှ ပြင်ချင်လို့ မရဘူးလေ... မောင်ထူးနဲ့လည်း အဆင်ပြေအောင်နေ... သူကလည်း ငယ်တည်းက ခင်ခဲ့တာ မဟုတ်လား "

" သမီးက ထူးကို သူငယ်ချင်းတစ်ယောက်လို ခင်ပါတယ် ါပေမယ့်..."

" အဆင်ပြေအောင် ကြည့်နေပေါ့ သမီး... မိန်းကလေးဆိုတာ... နစ်နာစရာရှိ ကိုယ်ပဲ နစ်နာတာ..."

နောက်ဆို သူ့ကို မတွေ့အောင် မွေး ဘယ်လိုရှောင်ရမှာတဲ့လဲ။ မွေးကိုတွေ့ချင်ရင် သူ မွေးရှိရာကို ရောက်လာလေမလား။ မွေး သိချင်ပါတယ်...။

မွေး သူ့ကို ဘယ်လို ရှောင်ပုန်းနေရပါ့။

◈ ◈ ◈

" ဖိုးတိုး... ဘယ်လို ဘယ်လို... ပန်းညမွှေးဟာ ဦးလေးကောင်း တူမ... ဟုတ်လား..."

" အင်းလေ... ငါလည်း တွေ့တော့ အရမ်းအံ့ဩပါတယ်... ပြီးတော့ ပျော်တယ်... ငါတို့ ဖူးစာမှန်လို့ ပြန်ဆုံရတယ်လို့လည်း ခံစားမိတယ်..."

သူကရော မင်းကိုတွေ့တာ ဘယ်လို ပုံစံရှိလဲ ခင်မင်တဲ့ပုံ လှိုက်လှိုက်လှဲလှဲရောရှိရဲ့လား "

" ငါ့ကိုမြင်တော့ ဝမ်းသာသွားတဲ့ပုံတော့ ရှိပါတယ်... သူ့မေမေ ကလည်း အရင်တည်းက သိနေနှင့်တာပဲလေ..."

" ယောက္ခမလောင်းကြီးတွေနဲ့ပါ ခင်ပြီဆိုတော့ အရင်ထက် ဝင်ရထွက်ရ အဆင်ပြေလာပြီ ဆိုပါတော့..."

" ဘယ်လိုပဲ ခင်ခင်... ထူးသက်တင်ကို ပိုခင်မှာပါ "

" အမိက က ပန်းညမွှေးရဲ့ အချစ်ပါ..."

သည်တစ်ခါတော့ ဒွန်းကြီးက အားပေးစကားပြောလို့လေ။

" ဘာလို့ ပျောက်နေလဲ မင်းက မမေးဘူးလား "

" ငါရေချိုးရုံလေးမှာ သူ့အမေလည်း ရှိနေတော့ အဲလောက် အသေးစိတ် မမေးမိပါဘူး.... နောက်တွေ့ရမှာပဲလေ "

" ဟုတ်ပါပြီ... မတွေ့ရတော့လည်း ဦးလေးကောင်းဆီ အကြောင်းပြ သွားလိုက်ကြတာပေါ့ မဟုတ်ဘူးလား...."

" မင်းကို သူ မနက်လာမေးမယ် ပြောပါတယ်..."

" တွေ့မှမေးပေါ့ ဘာလို့ လက်ဖက်ရည်ဆိုင်မလာလဲလို့..."
" အင်း... မေးကြည့်လည်း အားနာလို့ အမှန်ပြောပါ့မလား "
" ဟုတ်ပါတယ်လေ..."

ဒွန်းကြီးကတော့ ဆေးတွေသောက်ပြီး အိပ်ချင်တယ်တဲ့... ပြီးတော့ အိပ်နေရော... သူ့မှာသာ ရေးပြီးသား ဆောင်းပါးတွေ ပြန်ဖတ်နေမိတယ်။ ဂျာနယ်တိုက်သွားရင် ဦးလေးကောင်းကိုပဲ စောင့်ခိုင်းခဲ့ရ ကောင်းမလား။ လူကြီးကို သွားသွားခေါ်နေရတာတော့ မကောင်းဘူး ထင်ပါရဲ့...။ ကျန်နေတာက ဆောင်းပါးကို အချိန်မီပေးရဦးမှာ။

" ဒွန်းကြီး "
" ဟင် "
" ငါ အပြင်ခဏသွားချင်တယ် တိုက်ကို ဖုန်းသွားဆက်မလို့..."
" သွားလေ ငါ အိပ်နေပါမယ် နေကောင်းတယ်သွား "

တယ်လီဖုန်းဆက်မယ်ဆို ထွက်လာခဲ့တယ်။

ဂျာနယ်တိုက်မှာ သူငယ်ချင်း ညိုဇော်ရှိတယ် သူလည်းပဲ ကျော်ကျော်ဒွန်း ဆေးရုံတက်ရတာ သိနေတာပဲဟာ... ဆောင်းပါး လာယူပေးပါဆို လာမှာပါ။

ဒါကြောင့်မို့ တယ်လီဖုန်း ထွက်ဆက်ရတယ်။ ကိုယ့်နေရာ မဟုတ်လေတော့ တယ်လီဖုန်း ဘယ်နားရှိမှန်းမသိ... စတိုးဆိုင်ထဲ ဝင်မေးရတယ်။

" ကိုတိုးတိုးလင်း "
" ဟင် ညမွှေး... တစ်ယောက်တည်းလား..."
" အဖွားပါတယ်လေ... အဖွားကို မုန့်ထွက်ဝယ်ပေးတာ..."
" အဖွား... ကျွန်တော့်ကို မှတ်မိလား "

ကျွန်တော့်ကို သေချာကြည့်ပြီးတော့ ရယ်ပဲနေတယ်။ ကြည့်ရတာ မှတ်မိပုံမရပါဘူး... ကျွန်တော် ဖုန်းဆက်နေတော့ သူတို့ မြေးအဖွား ကိုမုန့်ဝယ်မယ် သည်မုန့်ဝယ်မယ်နဲ့ ရွေးနေကြလေရဲ့။ အခု ညပါလား။ ညမွှေး ဆိုင်မသွားဘူး ထင်ပါတယ်။

" ပန်းညမွှေး... ဆိုင်မသွားဘူးလား..."

" မသွားဘူး... မွှေး မနက်ပိုင်းပြောင်းမလားလို့..."

" မနက်ပိုင်း... ကောင်းတာပေါ့ ညဘက်က အိပ်ရေးပျက်တယ် ညမွှေး သွားရလာရတာလည်း ခက်တယ်... ဘာဖြစ်လို့လဲဟင်..."

" ဘာမှမဖြစ်ပါဘူး... ဥက္ကာကို ညဘက်ပြောင်းခိုင်းထားတယ် နောက်ရက်တော့ မပြောင်းရသေးရင် အလုပ်က ပြန်ဆင်းရမှာပါပဲ..."

ညမွှေးတို့ မုန့်ဝယ်ပြီး ကျွန်တော်လည်း ဖုန်းဆက်ပြီးတော့ အတူ ထွက်လာခဲ့ကြတယ်။ သူတို့က သူတို့အိမ်ရှိရာ လမ်းသွယ်ဘက်သွားမယ် ကျွန်တော်က ဆေးရုံဘက်ပြန်ကွေ့ရမယ်။ ဒါပေမယ့် ကျွန်တော့်ခြေလှမ်း တွေက မခွဲခွာချင်သေးဘူး...။

" ညမွှေး... အအေးသောက်ရအောင်လေ..."

" ဟင့်အင်း..."

" မမ... လုလု အအေးသောက်မယ် "

" အဖွားကလည်း... ဖေဖေနဲ့ မေမေ မျှော်နေမယ် "

" ခဏလေးပါ ပန်းညမွှေးရယ် တကယ် ခဏလေး "

ခဏလေးပဲ အချိန်ရရ မခွဲချင်သေးဘူးလေ...။ ဒါကြောင့် သူတို့ လမ်းသွယ် မရောက်ခင် အအေးဆိုင်မှာ ထိုင်မိကြတယ်။

" ဘာလို့ လက်ဖက်ရည်ဆိုင်ကို မလာတာလဲ... ကျွန်တော်နေ့တိုင်း သတိတရ မျှော်နေတာ... ဒွန်းကြီး ရတ်တရက် ဆေးရုံတင်လိုက်ရလို့သာ"

" ဘာမှ မဖြစ်ပါဘူး "

" တစ်ခုခုတော့ရှိမှာပါ "

" မရှိပါဘူး..."

" သေချာလား "

" သေချာပါတယ် "

" ကျွန်တော့်မှာဖြင့် ညမွှေးကို မတွေ့ရတော့ အတွေးတွေ အမျိုးမျိုးနဲ့ ပူပန်နေရတယ် ကျွန်တော်တို့ မျက်မှန်သွားလုပ်ကြတာများ ထူးသက်တင်

တွေ့ပြီး ညမွှေးတို့ စကားများရန်ဖြစ်ကြသလား ဒါကြောင့်များ ညမွှေး ရှောင်နေသလားလို့လည်း တွေးပူတယ်..."

ကျွန်တော် သည်လိုပြောတော့ ညမွှေးရယ်နေတယ်

သူရယ်တာလေးက လှမိသွားတဲ့ပုံလေး... ကြည့်ရတာ ကျွန်တော် ပြောတာ တကယ်ဖြစ်နေပြီ ထင်ပါရဲ့...။

" ဟုတ်တယ် မဟုတ်လား..."

" ဟုတ်တော့ရော ဘာဖြစ်လဲ... ပြောပြီးပြီပဲ ထူးနဲ့သူငယ်ချင်းပါ... မွှေးကိုယ်မွှေး ပိုင်တာပဲ... တစ်ခုတော့ ပူပန်တယ် အဲဒါက ထူးက ဒါသများတယ် ကိုတိုးတိုးလင်းကို လက်နဲ့ ဖြေရှင်းရင် မွှေးကြားထဲက ဂိတ်မကောင်းဖြစ်ရမှာတော့ ပူပါတယ်..."

" ကျွန်တော် တတ်နိုင်သရွေ့ သည်းခံမှာပါ "

" ဘယ်လောက်သည်းခံပါမယ်ပြောပြော လက်ပါလာရင် ရှင်လည်း ယောကျ်ားလေးပဲ ဘယ်ငြိမ်ခံပါတော့မလဲ... သည်အခါမှာ ရှင်တို့နှစ်ယောက် ပုံးက မွှေး ခင်မင်ရတဲ့သူတွေပါ တစ်ယောက်ကိုမှ မထိခိုက်စေချင်ဘူး..."

" ဒါနဲ့ပဲ ရှောင်နေတာလား "

" မရှောင်ပါဘူး မတွေ့အောင်နေတာ "

" ဘာထူးလဲ... မဆိုင်ပါဘူး ညမွှေး... ထူးသက်တင်ကို ကျွန်တော် တတ်နိုင်သရွေ့ ရှောင်မယ် သည်းခံမယ်... ဒါဆိုရပြီမဟုတ်လား... ကျွန်တော်တို့ ခင်ခင်မင်မင်တွေ့ချင်တယ်... မတွေ့ရတော့ အရမ်း သတိရတယ်..."

သက်ပြင်းတစ်ရှိုက်ကို မြင်မိအောင်မြင်ပါတယ်။

ပြီးတော့... မွှေးတို့ကြာနေပြီ သွားမှပဲ... တွေ့ကြမှာပါ ကိုတိုးတိုးလင်းရယ်... ရှင်က ထူးကို သည်းခံမယ်ဆိုပေမယ့် ဘယ်အတိုင်း အတာထိ သည်းခံနိုင်မှာလဲ...။ လူဆိုတာ အတိုင်းအတာတစ်ခုထိသာ သည်းခံနိုင်ကြတာပါ...။ အတိုင်းအတာကျော်ရင် ပြဿနာဖြစ်လာ မယ်တဲ့လေ။

" ကျွန်တော်... ပန်းညမွှေးအတွက်ဆို အားလုံးသော အခက်အခဲ မှန်သမျှ ရင်ဆိုင်ရဲဝံ့ဖို့ ဆုံးဖြတ်ထားပါတယ် "

" တစ်ခါတစ်ရံ လက်တွေ့ရင်ဆိုင်တဲ့အခါ မျှော်လင့်ထားတာထက် ပင်ပန်းပါတယ် ကိုတိုးတိုးလင်းရယ်... "

မခွဲခွာချင်သေးလည်း ခွဲခွာရဦးမှာပါပဲလား...။

ခုချိန်တော့ တစ်ယောက်တစ်လမ်းဆိုပေမယ့် တစ်နေ့နေ့မှာ ကျွန်တော်တို့နှစ်ယောက် ဘဝခရီးလမ်းကို လက်တွဲလျှောက်ချင်ပါတယ်။

◈ ◈ ◈

မွေးအတွက်ဆို အားလုံးကိုရင်ဆိုင်ရဲဝံ့ဖို့ ဆုံးဖြတ်ထားသတဲ့လား။ မွေး စိတ်ရှုပ်ထွေးနေတဲ့ကြားက ကြည်နူးရတာ အမှန်ပါပဲ။ ထူးကို ည်းခံမယ်ဆိုပေမယ့်... ထူးပြောတာတွေ မကြားသေးလို့ပါ။ သူသေ ကိုယ်သေပဲဆိုတဲ့ စကားဟာ ဘယ်လောက် စိတ်ပျက်စရာကောင်းသလဲ...။ ခဲ့လိုအဖြစ်မျိုးတွေကို သည်းခံဖို့ဆိုတာ လွယ်မှာလား...။

" မွေး... အပြင်မှာ ထူးသက်တင်ရောက်နေတယ် "

မယုလာပြောတော့ နောက်ဘက်မှ သစ်ပင်လေးတွေကို ရေလောင်း နေရာက အိမ်ရှေ့ထွက်လာခဲ့ပါတယ်။ ထူးက မေမေနှင့် စကားပြောနေ တယ်။ အနားမှာ အဖွားကတော့ နံကထိုင်တစ်ထုပ်ကို ဖွင့်ပြီး သေချာ စားနေတော့တာပါ...။

" အဖွား အကုန်စားမပစ်နဲ့လေ ချောင်းတွေဆိုးမယ် "

" ကိုကိုထူးဝယ်လာတာ "

" မေမေ အဖွား ချောင်းဆိုးမယ် "

" အင်းပါ မွေးရယ် တစ်ခုနှစ်ခုတော့စားပါစေ စားပြီးရင် မေမေ ချော့သိမ်းလိုက်ပါမယ်..."

" မွေး... ငါတို့ တစ်ခုခုသွားစားရအောင်..."

မေမေ့ကို ပြောခဲ့ပြီး အိမ်နားက မုန့်ဆိုင်ကိုပဲ ထွက်လာခဲ့ပါတယ်။ ထူးနှင့်အတူ သွားတာလာတာရှိခဲ့တာ နှစ်တွေကြာခဲ့ပါပြီ။ ဘာလို့များ ကြည်နူးပီတိဖြစ်ရခြင်းတွေမရှိပါလိမ့်။ သူနှင့်အတူသွားရတိုင်း ခံစားရတဲ့ ပြည့်စုံရင်ခုန်ရခြင်းတွေ...။

ခံစားချက်တွေက တစ်ခြားစီပါပဲလား။

" ငါ ဥက္ကာနဲ့တော့ စကားပြောကြည့်တယ်..."

" ဘာတဲ့လဲ..."

" မျက်နှာပျက်သွားတယ်... ဒါပေမယ့် သူနဲ့နွယ်နီလည်း ချစ်သူတွေ မခွဲချင်ဘူးပေါ့ဟာ... နင်နဲ့ငါလည်း ခွဲနိုင်လား ဘာညာပြောတာပေါ့

" ဘာဆိုင်လဲ... သူတို့ မခွဲချင်ရင် အလုပ်ပေါ်မှာ မှန်အောင်နေဖို့လည်း လိုတယ်လေ..."

" အလုပ်ကြောင့် ငွေတွေလျော့လို့ဆိုရင်တော့ ထားလိုက်ပါဟာ... နင် မနက်ပိုင်း မပြောင်းပါနဲ့... ငွေကအရေးမကြီးဘူး... နင်... ငါ့အနားမှာ ရှိဖို့ပဲလိုတယ်..."

" ဘယ်ဟုတ်မလဲ ဥက္ကာတို့ လိမ်ညာနေတာကို သိသိကြီးနဲ့ဟယ်"

" နင်က မနက်ပိုင်း သိပ်ပြောင်းချင်နေတယ်ပေါ့ ဟုတ်လား"

" ဘာလဲဟာ... ငါက အကောင်းပြောနေတာ "

" မပြောနဲ့တော့ တော်ပြီ နင်လည်း ခုအတိုင်း ငါနဲ့ပဲနေ... တစ်ခြားအလုပ်လည်း ပြောင်းဖို့ စိတ်မကူးနဲ့..."

" နင့်လေကို နည်းနည်းလျှော့နော်... ငါ့ကို ဖေဖေနဲ့ မေမေတောင် သည်လိုလေသံမျိုးနဲ့ မပြောဘူး။ နင့်ကို အရင်ကတော့ ထူးသက်တင်ဆိုတာ သူငယ်ချင်းကောင်းတစ်ယောက် နားလည်မှုလည်းအရမ်းရှိမယ်လို့ ထင်ခဲ့တာ... အခု နင်ပြောင်းလဲသွားပုံက အရမ်းအံ့သြစရာပဲ..."

" နင်မပြောင်းလဲရင် ငါလည်းမပြောင်းလဲပါဘူး "

" ငါက ဘာမှ မပြောင်းလဲဘူး နင့်အပေါ်မှာ တစ်သက်လုံး အခင်မင်ဆုံးသူငယ်ချင်းပဲ ပြောင်းလဲစရာ တစ်ခုမှ မရှိဘူး..."

" ငါ... နင့်ကို ချစ်တယ် မွေး လုံး၀ စွန့်လွှတ်မှာမဟုတ်ဘူး "

အံ့သြစရာပါပဲ သည်မျှ ပြောနေလည်း ဘယ်လိုမှ မရပါလား ဒါကြောင့်မို့လည်း ထူးသက်တင်အပေါ် စိတ်ပျက်လာသလိုလို စိတ်ကုန်လာသလိုလို... စကားပြောရတာလည်း အဆင်မပြေတော့ စကားလည်း ပြောမနေချင်တော့ပါဘူး...။ ရေရှည် သည်လိုသာ သွားနေရရင်...။ အလုပ်ကို

ကိုက်ပိုင်း ပြောင်းလိုက်ချင်ပေမယ့် နားလည်ပေးမည့်ပုံမရှိ။

" ငါပြန်မယ် "

" မွေး..."

" နင့်လို နားလည်မှုမရှိတဲ့သူနဲ့ စကားဆက်ပြောနေလည်း ဆင်ပြေမှာမှ မဟုတ်တာ..."

" ငါ့လောက် နင့်ကို နားလည်တဲ့လူ ဘယ်မှာမှ မရှိဘူး မွေး ားလည်လွန်းလို့ ခက်နေတာ နင့်နှလုံးသားတွေ ဘာဖြစ်နေပြီ င့်နှလုံးသားက ဘယ်ကို ထွက်ခွာသွားလဲက အစ ငါနားလည်တယ် ကြောင့် မဖြစ်သင့်တာတွေ မဖြစ်ရအောင် ကြိုတင်တားဆီးနေတာ "

" မဖြစ်သင့်တာ... ဘာကမဖြစ်သင့်လဲ..."

" ငါမဟုတ်တဲ့ ဘယ်ယောကျ်ားလေးကိုမှ နင်မချစ်ရဘူးလေ... သည့်အဖြစ်က ဖြစ်ကိုမဖြစ်သင့်ဘူး "

" တော်စမ်းပါ... နင်နဲ့စကားမပြောတော့ဘူး မုန့်လုံး စက္ကူကပ်နေပြီ စ်ခုပဲပြောမယ် ထူး ငါ့နှလုံးသားကိစ္စ ငါ့ဘဝရဲ့ လက်တွဲဖော်ကို မိဘကတောင် ဝင်မစွက်ဘူး ငါလက်တွဲမယ့် ခရီးဖော်ကို ငါ့စိတ်ကြိုက်ရှာဖို့ ဖေနဲ့ မေမေကတောင် ခွင့်ပြုထားတယ်..."

ထူးသက်တင်ကို ထားပြီး ထွက်လာခဲ့ပါတယ်။

ဘယ်လိုရှေ့ဆက်မလဲ။ ကိုတိုးတိုးလင်းနှင့် သံယောဇဉ်မရှိရ လအောင် ပြတ်သားစွာ ခွဲခွာမလား။

ဟင့်အင်း... သည်သို့လည်း မွေးမပြုနိုင်ပြန်။

သူကတော့ ထူးကို သည်းခံမတဲ့။ ဆိုးတဲ့လူက ဘယ်အတိုင်း အတာအထိ ဆိုးပြီး သည်းခံတဲ့ လူက ဘယ်အတိုင်းအတာအထိ သည်း နိုင်မှာတဲ့လဲ။ အိမ်ပြန်လာတဲ့ လမ်းမှာတော့ သက်ပြင်းတွေသာ အခါခါ က်မိပေါ့...။ ထူးနှင့် ရေရှည် ခင်ခင်မင်မင် နေခဲ့မိတာ မှားပြီလား...။ ပွးဘက်ကလည်း မချစ်နိုင်ပါပဲ အလုပ်ကအစ အတူတွဲခဲ့မိတာတွေဟာ မှားတွေပဲ။

အလုပ်မသွားတော့ဘူးဆိုပြန်ရင်... မေမေ့ခများ... ဖေဖေ့ပင်စင်... ကိုနိုင့်လခနည်းနည်းလေးနဲ့ မဖြစ်သေးပါဘူး...။ တစ်ခြားအလုပ်ကို ရုတ်တရက် ပြောင်းဖို့ဆိုတာလည်း မလွယ်...။

" မွေး "

" ဟင် "

နောက်ကလိုက်လာပြန်တာကိုး။

" ညဘက် ဆိုင်တော့ ပြန်လာခဲ့ပါဟာ... နင် စိတ်ဆိုးမယ့်စကား ငါမပြောပဲ နေမိအောင် ကြိုးစားနေပါမယ်... နင်မလာတော့ ငါတစ်ယောက်တည်း မနေတတ်ဘူး..."

" နင် ကတိနော် "

" အေးပါ..."

" ဒါဆို ငါ ညနေ လာခဲ့မယ် နင်ပြန်တော့..."

သည်တော့မှ ပြန်သွားတာ။

လောလောဆည်တော့ အေးသွားသလိုပါပဲ ဒါပေမယ့် ထူးသက်တင်က ကတိပြောပေမယ့် အင်းလေ... အခြေအနေ ကြည့်ရသေးတာပေါ့... ချက်ချင်း အလုပ်ပြောင်းဖို့ကမလွယ်။ ခြံထဲလည်း ဝင်ရော။

" မေမေ..."

" အဆင်ပြေရဲ့လား မွေး... ရန်မဖြစ်နဲ့နော်... မေမေက စကားများ ရန်ဖြစ်နေမလား စိတ်ပူနေတာ "

" စိတ်ချပါ... တတ်နိုင်သရွေ့ အဆင်ပြေအောင် နေပါမယ်..."

အလုပ်က မပြောင်းနိုင်သေးရင် ထူးနဲ့က တွေ့နေရမယ်လေ...။ အဆင်မပြေ အမြဲ စကားများနေရရင် စိတ်ညစ်စရာပေါ့။ အဆင်ပြေအောင် တတ်နိုင်သရွေ့ ကြိုးစားနေပြီး အလုပ်ရွှေ့လို့ရတော့မှ တစ်မျိုးလေ...။

အလုပ်ရွှေ့ဖို့ စုံစမ်းရင် ထူးကလည်း သတင်းကြားမှာပါပဲ။

◈ ◈ ◈

ဒွန်းကြီး ဆေးရုံက ဆင်းပြီး အိမ်ပြန်ရောက်နေပါပြီ။ သည်တော့မှ ကျွန်တော်လည်း အေးအေးဆေးဆေး စာတွေရေးနိုင်တော့မယ်။ သူ့ခမျာတော့ နားနေရတုန်းပါပဲ။ အိပ်ယာပေါ်မှာ လှဲနေတုန်းပါ။ သူ့ဘာသာ သွားရင် သွားနိုင်နေပြီဆိုပေမယ့် အဝေးကြီးတွေ မသွားနဲ့ဦးလို့ မှာထားရတယ်။

" ဖိုးတိုး..."

" ဒွန်းကြီး နိုးသွားသလား... ငါ ဒါတောင်တိတ်တိတ်လေး လာတာပါ... ငါ..."

" ငါ့ဘာသာ နိုးနေတာပါ... အိပ်ရာပေါ်မှာချည်း စားလိုက် အိပ်လိုက် နေရလွန်းလို့ထင်ပါရဲ့ အိပ်ရာတောင်မုန်းနေတယ်... မင်း လက်ဖက်ရည်ဆိုင် ဆင်းမှာ မဟုတ်လား "

" အင်း..."

" ပန်းညမွှေး လာမလား..."

" မပြောတတ်ဘူး..."

ဒွန်းကြီးနှင့် စကားပြောပြီး လက်ဖက်ရည်ဆိုင်လေးဆီ ဆင်းလာခဲ့တယ်။ လက်ဖက်ရည်ဆိုင်လေးမှာ တစ်ယောက်တည်း ထိုင်နေရင်းမှ တွေ့ရရက် အနည်းငယ်ပဲ ဆိုဆို... သတိရနေမိပါပြီ။

ညမွှေးရယ်

ထူးသက်တင်နှင့် စကားတွေများနေလို့ ကျွန်တော့်ကို ရှောင်နေပြန်တာလား။

" အစ်ကိုကြီး အပေါ်ကခေါ်နေတယ် "

ဝရန်တာကနေ မနန်း လှမ်းခေါ်ပါတယ်။

ဖုန်းလာနေတယ်တဲ့
စောစောစီးစီးပါလား။ ဒါကြောင့် အိမ်ပေါ်ပြန်တက်ခဲ့ရ
ပြန်ပါတယ်။
" ဘယ်သူလဲ မနန်း "
" မသိဘူး ကောင်မလေးတစ်ယောက်အသံ "
ရင်ထဲ ထိတ်သွားတယ်
" တိုးတိုးလင်းပါ..."
" ပန်းညမွှေးပါ "
" ညမွှေး ပြော... ကျွန်တော်က လက်ဖက်ရည်ဆိုင်မှာ ထိုင်စော
နေတာ..."
" မွှေး မလာတော့ဘူး... ထူးက အဖွားဖို့ မုန့်ပေးချင်တယ်ဆို
လိုက်လာလို့ပေါ့... အခုပြန်သွားမှ ဖုန်းဆက်တာ... ညနေကို မွှေး စောထွက်
ခဲ့မယ်... ဆေးရုံမှာ မေမေ့သူငယ်ချင်းဆရာမကိုသွားမေးချင်လို့ လိုက်ခဲ့ပါနော်"
" သွားလေ... ကျွန်တော် လာခေါ်ရမလား..."
" ဟင့်အင်း... မွှေးလာခဲ့မယ်... ဝရန်တာက ထွက်ကြည့်နေ..."
ညမွှေးကို ဖုန်းနံပါတ်ပေးထားမိတာ တော်ပါသေးရဲ့။
ဖုန်းပြောပြီးတော့ ဆိုင်ကို ပြန်မဆင်းတော့ပါဘူး။
ဒွန်းကြီးကတော့ ဖုန်းပြောနေသံကို ကြားတယ်ထင်ပါရဲ့။
" မင်းတို့က အတူသွား အတူလာတွေတောင် ဖြစ်ကုန်ပြီလား...
ပန်းညမွှေးကနေ ဦးလေးကောင်းကို ငါဆေးရုံဆင်းပြီ ဆိုတာတော
ပြောပြလိုက်ပါဦး... ပြီးတော့ ထူးသက်တင်နဲ့ တွေ့နေဦးမယ် "
" တွေ့လည်းတွေ့ပေါ့... တစ်နေ့တွေ့မှာပါပဲ ငါတို့သွားအတူလာ
အတူရှိနေပြီဆို တစ်နေ့မဟုတ်တစ်နေ့ တွေ့မှာပဲ..."
ကျွန်တော်ကတော့ ထူးသက်တင်ကိုတွေ့လည်း တွေ့လိုက်ရပါ
ထူးသက်တင်ဘက်က ပြုမူလာတဲ့ အခြေအနေပေါ် မူတည်ပြီး ရင်ဆိုင်
ဖြေရှင်းရုံပေါ့...။ ပန်းညမွှေးရဲ့အဖေ ဦးလေးသောင်းနဲ့ ကိုနိုင်ဆို

အစ်ကိုကိုတောင် ခင်မင်လို့ရနေတာ။

" သတိတော့ ထားပါ ဖိုးတိုး... ငါ စိတ်ပူတယ် ငါတို့မြို့မှာ အဲလိုပဲ ကောင်မလေးတစ်ယောက်ကြောင့် စကားများပြီး ချောင်းရိုက်တာ သေသွားတယ်..."

" ငါ့ကို ထူးသက်တင်က ချောင်းရိုက်မှာစိုးလို့လား... ငါသတိထား ပါမယ် မင်းတို့တွေးသလောက်တော့ ငါမပူပါဘူး... မဖြစ်နိုင်ပါဘူး..."

ဒွန်းကြီးတို့ စိတ်ပူတယ်ဆိုတာ စေတနာပါပဲ။ ဒါပေမယ့် အဲလောက် တစ်ဖက်စွန်း ရောက်သည်ထိတော့ ကျွန်တော် မတွေးထားပါဘူး။

" အလွန်ဆုံး လက်သီးနဲ့ထိုးရုံပေါ့ သည်တော့လည်း ကြည့်ရသေး တာပေါ့... ပန်းညမွှေးဆိုတဲ့ ကောင်မလေးက ဘယ်သူ နာသွားမှာ ကြောက်သလဲဆိုတာလေ..."

" မင်းကို ခင်မင်နေရင် ထူးသက်တင်နဲ့ ရန်ဖြစ်ရမယ်ဆိုတာ သိသိကြီးနဲ့... မရရအောင် ခင်မင်သွားလာနေတာ အကြောင်း တစ်ခုခု ရှိရမယ် "

" ဘာအကြောင်းလဲ ဒွန်းကြီးရာ "

" တစ် မင်းကို တကယ်ချစ်လို့ နှစ်..."

" နေပါဦး... ငါ့ကို တကယ်ချစ်လို့ဆို ပြီးရောပေါ့ "

" မပြီးဘူး... နှစ်... ဥပမာ... ထူးသက်တင်နဲ့ သံယောဇဉ်လည်းရှိ ချစ်လည်းချစ်ပါလျက်... အကြောင်းတစ်ခုကြောင့် ထူးသက်တင်ကို မကျေလည်တာရှိတဲ့အခါ မင်းကို ဓားစာခံလုပ်ပြီး ထူးသက်တင်ရဲ့ မနာလိုမှုကို လိုချင်တာမျိုး... မင်းကို အသုံးချတာပေါ့လေ..."

" ဟာကွာ..."

ဒွန်းကြီးပြောတာကြီးကလည်း နားဝင်ဆိုးလိုက်တာ။ ခံစားရတာ မကောင်းပါလား။ ကျွန်တော့်ကို အသုံးချဖို့တဲ့လား။ တကယ်တွေးကြည့်ရင်... ဒွန်းကြီးက ဖြစ်နိုင်တာတွေ ပြောတာပါ ဖြစ်နိုင်တယ်လို့ သိပေမယ့် သည်သို့ မဖြစ်ချင်ပါ။

“ နံပါတ် တစ် ဖြစ်ပါစေ နှစ်မဖြစ်ပါစေနဲ့လို့ ငါက ဆုတောင်းပေ တယ် ဖိုးတိုး... ဒါပေမယ့် ဆုတောင်းတိုင်း ပြည့်ချင်မှ ပြည့်တယ်နော်...

“ ငါကတော့ နံပါတ်တစ်လို့ပဲ ယုံတယ် ”

“ ဒါကတော့... လူတိုင်း ချစ်သူကို ယုံကြည်ကြတာချည်းပါပဲ လူယုံသတ်လို့ သေရတဲ့လူလည်း မနည်းဘူးလေ... ”

တကယ်ဆို ကာယကံရှင်ထက် ဘေးလူတွေက အမှန်မြင်သတဲ့။ ခုလည်း ဒွန်းကြီးအမြင်က ကျွန်တော့်ထက် ပိုမှန်လေမလား။

ညမွှေး

ချစ်သူကို ချစ်တော့လည်း ယုံကြည်မိတာပဲလေ။

ကျွန်တော့်ကို အသုံးချခံနေရတာမျိုး မဖြစ်ချင်ဘူးဗျာ။ ပန်းညမွှေးက ကျွန်တော့်ကို တကယ်ချစ်တာဆိုရင်တော့ ဘယ်လိုအခက်အခဲမျိုးမဆို ရင်ဆိုင်ရဲဝံ့ဖို့ကတော့ အသင့်ပါပဲ။ ကျွန်တော့်လက်ကိုသာ မြဲမြဲတွဲလို့ လိုက်ခဲ့ပါ ပန်းညမွှေး။

◈ ◈ ◈

ဆရာမ ဒေါ်ဝေလွင် ဆေးရုံတင်ထားရတယ်ဆိုတော့ မွေးရဲ့ ဆရာမလည်းဖြစ် မေမေ့သူငယ်ချင်းလည်းဖြစ်လို့ သွားမေးမယ်ဆိုတာနှင့် အတူသွားဖို့ သတိရလိုက်တာက သူ့ကိုပါ။ ဘာဖြစ်လို့လဲ။ မွေး ဘာလို့ ည်လိုဖြစ်နေရပါလိမ့်။ တကယ်ဆို ဘယ်နေရာမဆို သူနှင့် အတူသွားချင်နေပေမယ့် ထူးကိုလည်း လန့်နေရတာပဲ မဟုတ်လား။

တကယ်လို့ သူနှင့်အတူသွားတာများ ထူးတွေ့ခဲ့ရင်...။ ထူးက ယ်လို ပြုမှာလဲ။ မွေးထိတ်လန့်ပါလျက် ဘာလို့ သူ့ကိုမှ အနားမှာ နေစေချင်တာလဲ။

သူ့ကို မွေးချစ်တယ်။

ဒါပေမယ့် သူ့ကို ချစ်တာဟာ ချစ်ရာကော ရောက်ရဲ့လား။ သူ ကွရောက်အောင်များ ပြုမိနေသလား။

" မေမေ... မွေး စောထွက်မယ်နော် ဆရာမဆီဝင်ဦးမယ်..."

" သမီး... ဘယ်သူနဲ့သွားမှာလဲ "

" ကိုတိုးတိုးလင်းနဲ့ပါ..."

မေမေက နည်းနည်းတော့ စဉ်းစားနေပါသေးတယ်။ ပြီးတော့မှ...

" သမီးစိတ်မှာ ပြတ်ပြတ်သားသား ရှိဖို့တော့လိုတယ်... စ်ယောက်ယောက်ကို အသေအချာ အတိအကျ ဆုံးဖြတ်ပေါ့... ကျန်တဲ့ ကိုလည်း စိတ်ဒုက္ခပေးရာရောက်နေရင် မကောင်းဘူး..."

" ဟုတ်ကဲ့..."

" မောင်ထူးနဲ့ ဘာလို့ မသွားလဲ "

" ဟို... ဟိုလေ..."

မေမေ့ကို သူနှင့်မှ သွားချင်လို့ပါလို့ မွေး ဘယ်လိုပြောရမလဲ။

ထူးနှင့်သွားမယ်ဆို ရတာပါပဲ။ ထူးက ပိုတောင် ပျော်ရွှင်နေလိမ့်ဦးမယ်။ မွေးကတော့ အနားမှာ သူ ရှိနေစေချင်ခဲ့ပြီကိုး…

" သမီး နောက်ကျနေတယ် သွားမှာဆိုသွားပါ… မေမေ့ အေးအေးဆေးဆေးမှ စကားပြောကြသေးတာပေါ့…"

မေမေ ဘာတွေပြောမှာလဲ

တစ်ခုတော့ရှိပါတယ် ကိုနိုင်နှင့် မွေးတို့ အရွယ်ရောက်ပြီး တက္ကသိုလ်တွေတက်ကြတဲ့အချိန်မှာ ဖေဖေနှင့် မေမေက ပညာပြည့်စုံအောင် ကြိုးစားပြီးရင် ဘဝမှာ ကိုယ့်ဘဝခရီးဖော်ကို ကိုယ့်ဘာသာ ရွေးချယ်ဖို့ မွေးတို့ မမိုက်ဘူးလို့ ယုံတယ်လို့ ပြောထားပြီးသားပါ။ ကိုတိုးတိုးလင်းကို မွေးနှစ်သက်စွာ ရွေးချယ်ရင်လည်း ဖေဖေနှင့် မေမေက ခွင့်ပြုမှာပါလေ။

" ညမွေး… ကျွန်တော် အဝေးတည်းက ကြည့်နေတာ ဘာတွေ တွေးနေလဲ…"

" ကိုတိုးတိုးလင်း စောင့်နေရတာကြာပြီလား… မွေး"

" ကျွန်တော်နဲ့ သွားရမှာကို မွေး စိတ်ညစ်နေသလား… ဒါပေမယ့် ကျွန်တော့်ကို ခေါ်တဲ့အတွက်တော့ ကျွန်တော် ဝမ်းသာမိတယ်…"

" စိတ်မညစ်ပါဘူး… ကိုတိုးတိုးလင်းနဲ့သွားရမှာကို စိတ်ညစ်တယ် ဆိုရင် ဘယ်ခေါ်ပါ့မလဲ…"

" အဲလိုပဲ ဖြစ်ပါစေဗျာ…"

နှစ်ယောက်အတူ ဘတ်စ်ကားစီးလာတဲ့အခါမှာ ပတ်ဝန်းကျင် ကိုတော့ မွေး မျက်စိရှင်ရှင်ထား ဂရုစိုက်ရပါတယ်။ တစ်နေရာရာက ထူးပေါ်လာမှာကိုတော့ မွေး ထိတ်လန့်နေမိသလိုပါပဲ။ ဒါကြောင့်လည် အနီးဝန်းကျင်ကို သေချာ လိုက်ကြည့်နေရတယ်။

" ဘာတွေ သည်လောက် ကြည့်နေလဲ ရန်ကုန်ကို ခုမှ တက်လာတဲ့ ကောင်မလေးလား…"

" ကိုတိုးတိုးလင်း…ခုနေ ထူးနဲ့ဆုံပြီဆိုပါတော့ ဘယ်လိုလုပ်မလဲ" မွေး အဲသည်လိုပြောတော့ သူရယ်တယ်… ပြီးတော့မှ

" အခြေအနေကြည့်ရမယ်လေ ညမွှေးရဲ့ သူဘယ်လို ဆက်ဆံမလဲ က အဓိကကျပါတယ်... မီးစင်ကြည့်ကတယ်ဆိုတာမျိုး..."

" လက်သီးနဲ့ထိုးရင်ကော "

" ကျွန်တော် ရှောင်တတ်ပါတယ် တက္ကသိုလ်မှာတုန်းက ကျွန်တော် ပိုင်းသင်ဖူးတယ် မပူပါနဲ့ ဘာမှ စိတ်ပူစရာမရှိဘူး..."

သူကတော့ ပြောနေတာ အေးအေးဆေးဆေးပဲ မွှေးကသာ စိတ်ပူနေတာ။ သူက စိတ်မပူနဲ့ဆိုပေမယ့် မွှေးရှေ့မှာ သူတို့နှစ်ယောက် ရန်ဖြစ်မှာကို မွှေးဘယ်လိုရင်ဆိုင်ရပါ့မလဲ...။ ဆေးရုံသွားမယ့် မှတ်တိုင် ရောက်လို့ ကားပေါ်က ဆင်းပြီး လမ်းလျှောက်လာတုန်းမှာမှ...။

ထူးက ဟိုဘက်လမ်းပေါ်မှာပါလား။

မွှေးတို့ကို မမြင်သေးဘူး

" ကိုတိုးတိုးလင်း... လာပါ လာ... သည်ဘက်က သွားမယ် "

မွှေး ဘေးဖက်လမ်းချိုးထဲ သူ့ကို ဆွဲခေါ်ခဲ့မိပြန်ပြီ။ မွှေးရင်တွေ ခုရမ်းတုန်နေသလို လက်တွေလည်း တုန်နေတာပဲ။ ပြီးတော့ မျက်စိရှေ့ မြင်နေရတဲ့ တိုက်ရဲ့ လှေကားပေါ် အတင်းတက်ပြေးခဲ့တယ်။

" ပန်းညမွှေး... ဘာလို့လဲ ဘာလဲ ထူးသက်တင်ကို တွေ့ပြန်ပြီလား"

" သူက မွှေးတို့ကို မမြင်သေးဘူးထင်တယ်... ရင်တုန်လိုက်တာ"

သူများတွေရဲ့ တိုက်လှေကားမှန်းသိပါလျှက် မွှေးစိတ်မှာ ထူးမျက်ဝန်းရှေ့က လွတ်ဖို့သာပဲ အရေးကြီးနေမိတာကို...။

" ညမွှေး လွဲနေပြီ ဘာလို့ ခုလိုရှောင်ပြေးနေမလဲ တွေ့တော့လည်း ဘာဖြစ်လဲ တစ်နေ့မတွေ့ တစ်နေ့တွေ့မှာပဲလေ... ညမွှေး ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်းပြောပါ...သူ့ကို မတွေ့ရဲစရာ ဘာအကြောင်းရှိလဲ "

" တွေ့ရင်... ရှင့်ကိုရန်ဖြစ်မှာ "

" ဖြစ်ပါစေလေ... ပြောပြီးပြီပဲ ညမွှေးရဲ့ ကျွန်တော် အခြေအနေ ကြည့်ပြီး ရင်ဆိုင်ပါမယ်ဆို..."

" ဟင့်အင်း... ဟင့်အင်း... ဒါဏ်ရာအနာတရတွေ ပြင်းပြင်း

ထန်ထန်ရရင် ဘယ်လိုလုပ်မလဲ..."

" ဘာလဲ ညမွှေးက ကျွန်တော် ထူးသက်တင်ကို ဒါဏ်ရာ အနာတရ ဖြစ်အောင် လုပ်မှာစိုးလို့လား..."

" ဘာပြောတယ် "

ကြည့်စမ်းပါဦး။ မွှေး တကယ် စိတ်ဆိုးတယ်။ တကယ်ဆို ထူးက သူ့ကို ဒါဏ်ရာအနာတရ ပြင်းပြင်းထန်ထန်ဖြစ်စေမယ်ဆို မွှေး ထိခိုက် ကြေကွဲရမှာစိုးလို့ ပြောမိပါတယ်...။ အခုတော့ ထူးကို မွှေးက စိတ်ပူနေတဲ့ အတိုင်းပဲ။

" ထူးကို ဘာလို့ပူနေရမှာလဲ... ထူးကိုစိတ်ပူရင် ရှင်နဲ့ စကားပြော နေစရာတောင် အကြောင်းမရှိဘူး... မွှေး စိတ်ဆိုးတယ် "

သူ့ပခုံးစွန်းကို တွန်းပစ်ခဲ့ပြီး လှေကားထစ်တွေအတိုင်း မွှေး ပြေးဆင်းခဲ့တယ်။ သူ့ကို စိတ်ဆိုးနေတယ်ဆိုတော့... ခုချိန် ထူးတွေ့သွား မလား ဆိုတဲ့ စိတ်လည်း မရှိပြန်ပါဘူး...။

" ညမွှေး..."

နောက်မှာ လိုက်လာမှန်းသိတဲ့ကြားက အသွက်ဆုံး ခြေလှမ်းတွေနဲ့ လာနေတဲ့ ဘတ်စ်ပေါ် ပြေးတက်ခဲ့တယ်။ သူပါလာ မပါလာ ကြည့်မနေ တော့ဘူး။

ရက်စက်တယ်

တကယ်ဆို သူ့ကိုမချစ်မိရင် မွှေး... ခုလောက်ထိ စိတ်ရှုပ်ခံစားစရာ မရှိပါဘူး...။

ခုတော့ ပြောရက်တာပါလား။

မွှေးရင်ထဲ နာနေသလိုပါပဲ။

မွှေး ဘာလို့များ သူ့ကို ချစ်မိသွားရသလဲ။

◈ ◈ ◈

ညမွှေးရယ်

သိတာပေါ့... ကျွန်တော့်ကို ညမွှေး စိုးရိမ်လို့ ပူပန်လို့ဆိုတာ ိပါတယ်။ ဒါကြောင့်လည်း ထူးသက်တင်ကို တွေ့တယ်ဆိုရင် ကျွန်တော့် ာက်ကို အတင်းဆွဲပြေးတော့တာ။ ဘယ်သူ့တိုက်တွေမှန်းလည်း မသိပဲ တင်း တက်ပြေးတော့တာလေ။ ဘာလို့သည်မျှ ကြောက်နေရသလဲ...

ဒါကြောင့် တမင် မေးတာ...

ညမွှေး စိတ်ဆိုးသွားတာလေးလည်း ချစ်စရာ ကောင်းတာပါပဲ။ ိတ်ဆိုးသွားတော့ ရှေ့ကထွက်သွားရော... အခုကျတော့ ထူးသက်တင် တွေ့မှာ မကြောက်တော့ဘူးလားကောင်မလေးရဲ့...။ ဘတ်စ်ကားပေါ် အတင်း ာက်ပြေးတယ် ကျွန်တော်လိုက်ခဲ့ပြီးမှ ခုနေ ထူးသက်တင်တွေ့မှ ုတ်နေမယ် စဉ်းစားပြီး ပြုံးရတယ်။

" ညမွှေး "

" .... "

အနားကပ်ရပ်ပြီး ခေါ်တော့ မထူး

တစ်ဘက် လှည့်နေတယ်

ညမွှေး... စိတ်ကောက်တယ်ဆိုတာ ချစ်သူကိုမှ ကောက်ရတာ ကာင်မလေးရဲ့။

" ညမွှေး "

အသံနည်းနည်းကျယ်အောင် ခေါ်လိုက်တယ်

အနားမှာ လူတွေရှိရဲ့နဲ့ အသံကျယ်နေတော့ ကျွန်တော့်ကို မျက်မှန် ာက်က မျက်ဝန်းတွေက မကျေမလည်လေး ကြည့်တယ်။

" ဘာလို့ အကျယ်ကြီး ခေါ်နေလဲ ဘတ်စ်ကားပေါ်မှာ လူတွေနဲ့
" ဒါဆို စိတ်မဆိုးနဲ့တော့ပေါ့ "
" ဆိုးတယ် ဆိုးတယ်..."
" ကျွန်တော်သိပါတယ် ညမွှေးရာ... ညမွှေးက ကျွန်တော် ဒါဏ်ရာအနာတရ ပြင်းပြင်းထန်ထန်ရမှာ စိတ်ပူပြီး ထူးသက်တင်ကို ရှောင်နေတယ်ဆိုတာ ကျွန်တော် သိတာပေါ့..."
" သိရင် ဘာလို့ပြောလဲ "
" ညမွှေး စိတ်ဆိုးတာလေး ကြည့်ချင်လို့..."
မျက်စောင်းလေးကလည်း ချစ်သူ့မျက်စောင်းမို့ ထင်ပါရဲ့ ချစ်စရာလေးပါပဲ။
" အခုရော အခု သည်ဘတ်စ်ကားပေါ်မှာ... ထူးသက်တင် မရှိနိုင်ဘူးလား "
" ဟင် "
ပြောမိပြီးမှ ပန်းညမွှေး အထိတ်တလန့်ဖြစ်သွားတာကို စိတ်မကောင်းပါဘူး။
" အလကားနောက်တာပါ..."
" သူများစိတ်ဆင်းရဲအောင် ပြောစရာလား "
" ညမွှေး... တစ်ခါပဲ ရင်ဆိုင်လိုက်ပါလား တစ်ခါလောက် ရင်ဆိုင်လိုက်ရင်... နောက် ဘာကိုမှ အရေးမကြီးတော့ဘူး တစ်ခါတည်း ဖြစ်ချင်ရာဖြစ် တွေ့လိုက်ပါ..."
" ဖြစ်ချင်ရာဖြစ် ဟုတ်လား..."
" နေပါဦး ညမွှေး... ထူးသက်တင်ကို သည်လောက် မလန့်ပါနဲ့
" ဟင့်အင်း... သူမသိပါဘူး "
" ကျွန်တော် မသိဘူး... သိသွားအောင် တွေ့ကြည့်လိုက်မယ်
" မတွေ့ရပါဘူး..."
" ကျွန်တော် ဒါဏ်ရာအနာတရ ဖြစ်မှာကို ညမွှေး ဘာ

သည်လောက် စိတ်ပူနေသလဲ… ပြောပါဦး ”

ကျွန်တော် ဝမ်းသာပါတယ် စိတ်ပူပန်တယ်ဆိုတာ… သံယောဇဉ်များလို့ မဟုတ်လား။ ညမွှေးက မပြောပါပဲ ငြိမ်ပြီး မျက်နှာလွှဲနေတယ်။ အတင်းမမေးရက်ပါဘူး။

“ ညမွှေး ဆရာမဆီ မရောက်ခဲ့တာ အန်တီမေးမလား ”

“ ရပါတယ် ကြည့်ပြောမယ် ”

“ ပြေးရလွှားရမောပြီ… တစ်ခုခုစားရအောင် ဘူးသီးကြော်စားမလား ”

“ ဟယ်… အဲလိုမျိုးထိုင်နေရင် ထူးတွေ့ဖို့ လွယ်တာပေါ့ လာပါ… ဆိုင်ထဲပဲဝင်ပါ…”

ညမွှေး စိုးရိမ်တာလည်း စိုးရိမ်တာပေါ့။ ကျွန်တော်ကတော့ သည်လောက် သွားရလာရခက်နေတာကို မနှစ်သက်ပါဘူး။ တွေ့လိုက်ချင်တယ်။ တစ်ခါလောက် တွေ့လိုက်ပြီးရင် ရှေ့လျှောက် လွယ်သွားမယ်ထင်ပါရဲ့။

“ သည်လိုသာဖြစ်နေရင် ကျွန်တော်တို့ ရှေ့လျှောက် အတူဘယ်လိုသွားမလဲ ခုလိုပဲ ထွက်ပြေးနေမလား… မသွားတော့ဘူးလို့ မပြောရဘူးနော်… ကျွန်တော်… ညမွှေးကို မခွဲနိုင်တော့ဘူး…”

ဖျတ်ခနဲကြည့်လာတဲ့ မျက်ဝန်းလေး။

ပြောလိုက်တော့မယ်… မင်းကိုချစ်တယ် ပန်းညမွှေး

ရင်ဆိုင်ကြပါစို့ကွာ…

“ ညမွှေးကို ချစ်တယ်…”

ဖြေလေ

အဲလိုမျိုး မကြည့်ပါနဲ့ ညမွှေးရဲ့ မျက်ဝန်းမှာ စကားတွေအများကြီးပြောနေသလိုပါပဲလေ…။

“ ကျွန်တော့်ကို ချစ်လား ”

မဖြေပါပဲ ငိုင်ငိုင်တွေတွေလေး။

" ညမွှေး စဉ်းစားမယ်ဆို စဉ်းစားပါဦး... ကျွန်တော်စောင့်ပါမယ် ဒါပေမယ့် ဘယ်လိုအခက်ခဲပဲရှိရှိ ကျွန်တော် ရင်ဆိုင်ပါမယ် "

" မွှေးကြောင့် ကိုတိုးတိုးလင်း တစ်ခုခုဖြစ်သွားရင် "

" ဘာလို့ဖြစ်ရမှာလဲ "

" ထူးက..."

" ထူးသက်တင်က ဘာပြောလို့လဲ..."

" သူက မွှေးကိုချစ်နေတာ... မွှေးဘယ်လိုငြင်းငြင်းမရဘူး... မွှေးကို ဘယ်သူ့မှမပေးနိုင်ဘူး... သူသေကိုယ်သေတဲ့... မဖြစ်ပါဘူး... မွှေးကြောင့် ကိုတိုးတိုးလင်း တစ်ခုခုဖြစ်ရင် မွှေး ရင်ကွဲရလိမ့်မယ် "

ကျွန်တော် ကြည်နူးစွာ ပြုံးရပြီ။

ဒါကြောင့် ထူးသက်တင်ကို မွှေးရင်မဆိုင်ရဲတာကိုး။

" ထူးသက်တင်ကို မွှေး ငြင်းပြီးပြီမဟုတ်လား "

" ဒါပေါ့ "

" ဒါဆိုရင် ပြီးပြီပဲ ကျန်တာက ထားပါ... သူဘာပြောပြော ရတယ်... တရားဥပဒေမဲ့နေတဲ့ တိုင်းပြည်မှ မဟုတ်တာ ညမွှေးရယ်... သိပ်ကြောက်နေစရာ အကြောင်းမရှိပါဘူး "

" မွှေးတော့ တွေ့ကိုမတွေ့ရဲတာ... သူ့ကို တစ်ခုခုလုပ်လိုက်မှာ စိတ်ပူတယ်..."

" ဘာကြောင့်လဲဆို... ပြော..."

" သိပါဘူး "

ပန်းညမွှေးလေး... မင်းနှလုံးသားကို တွေ့လိုက်ရသလိုပါပဲ ကြည်နူးချမ်းမြေ့ရပါတယ်။ ချစ်သူက ချစ်တယ်ဆိုမှတော့ ဖြစ်ချင်ရာဖြစ် ရင်ဆိုင်ရမှာပါပဲလေ...။

" ညမွှေး "

" ဟင် "

" ချစ်တယ်လို့ ဖြေပါလား "

“ မဖြေရဲပါဘူး... မွေး ခုလိုပဲ ခဏနေပါရစေ... သူ့အကြောင်းကိုလည်း မွေးသိပ်မသိပါဘူးလေ... ပြီးတော့ မွေး ကြောက်နေတာပါပဲ...”

“ မကြောက်ပါနဲ့... တစ်နေ့တစ်ချိန်မှာတော့ တွေ့မှာပဲ... စောစောတွေ့လိုက်တာ မကောင်းဘူးလား ”

ကျွန်တော်တစ်ခုခုဖြစ်ရင် ရင်ကွဲရမယ်ဆိုတဲ့ ကောင်မလေး... ချစ်တယ်လို့ ခံစားရတာနဲ့တင် ကြည်နူးရပါပြီ ကျွန်တော်ကတော့ ညမွေးက ကျွန်တော့်ကို ချစ်တယ်လို့ပဲ ယုံပါတယ်။

◈ ◈ ◈

" ဆေးရုံသွားချင်တာ ငါ့ကိုပြောရောပေါ့ ဘာလို့ တစ်ယောက်တည်း
သွားရတာလဲ..."

" ဘာလို့လိုက်မှာလဲ ငါမြန်မြန်သွားမေး မြန်မြန်ပြန်လာမှာပေါ့ဟာ"

" ငါ စိတ်မချလို့ လိုက်တောင် လိုက်လာသေးတယ် "

သိပါတယ်။ ဒါကြောင့် တွေ့လို့ မွေးမှာ ထွက်ပြေးလိုက်ရတာ
မောရော တစ်ခါတစ်ခါတော့ သူပြောသလို တစ်ခါလောက် တွေ့လိုက်
ပြီးသွားမှာ ဆိုတာ ကောင်းမလား စဉ်းစားပေမယ့် သူ့ကိုများ တစ်ခု
လုပ်လိုက်လို့... သူ ဒါဏ်ရာတွေရရင် မွေး တကယ် ရင်ကျိုးရမယ်။

ချစ်တယ်လို့ဖြေရမတဲ့...။

ဖြေချင်ပါတယ် မွေးရင်ထဲမှာလည်း သူ့ကိုချစ်နေတာ
အသေအချာပါ။

" မွေး... ငါတစ်ခုတွေးတယ်... ညဘက်အချိန် ဆိုင်ပိတ်လိုက်
တော့မယ်... ငါတို့ လေးယောက်လုံး မနက်ပိုင်းပဲ ရိုက်မယ်... ညဘက်
အရေးတကြီး အလုပ်ကလည်း ခုတလော... ရှားပါတယ်... ဒါကြောင့်
ညဘက် ပိတ်လိုက်မယ်... ဥက္ကာတို့လည်း ငါပြောမယ်..."

" အေးလေ... နင့်သဘောပဲ "

" နင့်သဘောဟုတ်လား... အလုပ်ကျတော့ နင့်သဘောတဲ့...
ချစ်တယ်ပြောတာကျတော့ နင့်သဘော မဟုတ်ဘူးလား "

" ငါပြောပြီးပြီပဲ..."

" နင်... ဟိုလူနဲ့တော့ မချစ်ပါဘူးနော်..."

ဖြေလိုက်လေ ပန်းညမွေး

ခုချိန်မှာ အခြေအနေကို အမှန်အတိုင်း ပြောထားလိုက်ပါလား။

အမှန်အတိုင်း ပြောရင်ဖြစ်ရဲ့နဲ့ မွေးမှာကို မပြောရဲအောင် ဖြစ်နေရတယ်။ ချစ်တယ်ဟာလို့ ပြောလိုက်ရင်… မွေး နောက်ကွယ်မှာ သူ့ကို သွားပြဿနာရှာနေရင် ဘယ်လိုလုပ်မလဲ…။

" သူနဲ့ငါလည်း သူငယ်ချင်းပဲ "

" အဆက်အသွယ်တော့ရှိတယ် ဆိုပါတော့ "

ပထမတော့ မရှိဘူး ပြောမလို့ပါ

ပြောပြီးမှ တွေ့သွားရင် ပိုဆိုးမလား ဒါကြောင့်မို့…

" ရှိပါတယ်… ပြီးတော့ ကိုတိုးတိုးလင်းက ဦးလေးကောင်းရဲ့ တူနဲ့အတူနေတာ ဟိုဘက်ခန်းကို လာနေတာပဲ…"

" ဒါဆို နင်နဲ့သည်လူ ခင်နေတာ နင့်အိမ်က သိတယ်ပေါ့ "

" ဖေဖေ မေမေနဲ့လည်း သူနဲ့သိနေတာပဲ… ငါက ခိုးဝှက် ခင်မင်တတ်တဲ့လူမှ မဟုတ်တာ…"

" ဒါဆို သိပ်သဘောကျနေမှာပေါ့ ဟိုဘက်ခန်းလာလိုက် သည်ဘက်ခန်း ဝင်လိုက်ပေါ့ "

" ဘာလဲ… နင်လည်း ငါ့အိမ် ဝင်ထွက်ခင်မင်နေတာပဲဟာ "

" သူက နင့်ကို ဖွင့်ပြောပြီးပြီလား "

" ဘာလဲ ဘာကိုလဲ "

" သိသိကြီးနဲ့ လုပ်မနေနဲ့မွေး "

" ချစ်တယ်ဆိုတာလား… အင်း… ပြောသားပဲ ကြာလှပြီ… ငါက စဉ်းစားဦးမယ် ပြောလိုက်တယ် "

" ဘာ…"

ရှေ့မှာရှိတဲ့ စားပွဲကိုထုပြီး အော်လိုက်တာ မွေးလန့်တောင်လန့်တယ်။ သည်လောက် အော်ရသလား။

မွေး မသိချင်ယောင်ဆောင်ပြီး စာရိုက်နေလိုက်တယ်… အကုန်လုံး

ကို ညာနေလို့ကတော့ ရေရှည်မဖြစ်ဘူး... ဒါကြောင့် ပြောသင့် ပြောထိုက်တာကိုတော့ ပြောမှ ဖြစ်မယ် မဟုတ်လား။

" မွေး "

" ဘာလဲဟာ..."

" နင်... သိပ်အံ့သြဖို့ကောင်းတယ်... ငါ့ကျတော့ မချစ်ဘူးတဲ့ ဟိုလူ့တော့ စဉ်းစားဦးမယ်တဲ့ အဲသည်တည်းက အဖြေကရှင်းနေတာပဲ... စဉ်းစားမယ်ဆိုတာဟာ အမှန်က ချက်ချင်း မဖြေချင်သေးလို့ အချိန်ဆွဲတာပဲ... ပေးမယ့် အဖြေက ချစ်တယ်ပါပဲ... ငါမကျေနပ်ဘူး... မွေး... နင့်ကို ငါပြောပြီးသားနော်... မပေးနိုင်ပါဘူး... ဘယ်လိုရှင်းရှင်းရလို့"

" ဘာတွေလာပြောနေလဲ ထူး... နင်ငါ့ကို ဘာကတိပေးထားလဲ... ငါ စိတ်အနှောင့်အယှက်ဖြစ်မယ့် စကားမပြောဘူးဆို ငါတစ်ခုပဲပြောမယ်... နင်နဲ့ငါ ကိုတိုးတိုးလင်းအကြောင်း မပြောကြပါစို့နဲ့ "

" ငါနဲ့တော့ မပြောဘူး နင့်ဘာသာ တတွဲတွဲနေမယ်ပေါ့ "

" ထူး... ငါ နင်နဲ့ ရန်မဖြစ်ချင်ဘူး ငါ့ဘာသာ သူ့ကို ချစ်ချင်ချစ်မယ်... ငါ့နှလုံးသားက ငါချစ်ချင်တဲ့လူကို ချစ်ပိုင်ခွင့်ရှိတယ်"

" ကောင်းပြီလေ နင့်နှလုံးသားက နင်ချစ်ချင်တဲ့ လူကို ချစ်ပိုင်ခွင့်ရှိသလို ငါ့လက်ကလည်း ငါရိုက်ချင်တဲ့လူကို ရိုက်ပိုင်ခွင့်ရှိတယ်ဆိုတာ နင်မြဲမြဲမှတ်ထား..."

စကားပြောရ အဆင်မပြေတော့ဘူး...။ တကယ်ဆို စကားမပြောပဲနေတာအကောင်းဆုံး...။ ခုတော့ မပြောမဖြစ်တဲ့ စကားမျိုးတွေ ပြောရင်းက... သူ့အကြောင်း ရောက်သွားရင် စကားပြောက အဆင်မပြေတော့ဘူးပေါ့။

" ဒါက ဘယ်လဲ "

" ငါပြန်မယ်... နင့်ကို တစ်ခုပဲပြောမယ် ထူး ငါနဲ့ သူငယ်ချင်းအဖြစ် ရေရှည်နေချင်တယ်ဆိုရင်... နင့်စိတ်နင်ပြင်တော့... မဟုတ်ရင် နင်နဲ့ငါ တွေ့စရာကို မရှိဘူး..."

တော်ပြီ

သည့်ထက် ရေရှည်လာရင် စကားပြောတဲ့အခါ ဒေါသတွေများ
လာမယ်...။ ပြီးတော့ ညဘက် ဆိုင်မှာက ထူးနှင့် နှစ်ယောက်တည်း
နေရတာ အရင်က စောင့်ရှောက် ကူညီခဲ့ပေမယ့် အဆင်မပြေလာချိန်မှာ
မကောင်းပါဘူး...။

နည်းနည်းမိုးချုပ်သွားပေမယ့် ကားတွေရှိသေးလို့ တော်ပါသေးတယ်။ လမ်းမလျှောက်တော့ဘူး...။ ကားစီးသွားမယ်...။ ကားပေါ်ရောက်တော့ ထူးလိုက်မလာပါဘူး.... လိုက်မလာတာ အကောင်းဆုံးပါပဲ။ ဖေဖေနှင့် မေမေကတော့ ဘာလို့ပြန်လာလဲ မေးတော့မလား။

လမ်းထိပ်ရောက်တော့

" မိမွှေး "

" ကိုနိုင်... အခုမှ ပြန်လာတာလား "

" နင်က ဆိုင်မှာမနေပဲ မိုးချုပ်ကြီး ဘာလို့ ပြန်လာတာလဲ "

" အလုပ်လည်းမရှိဘူး... ပြီးတော့ မနက်ပိုင်းပဲ ပြန်ဖွင့်ကြမလို့ပါ ဒါကြောင့် ပြန်လာတာ "

" သည်လောက်မိုးချုပ်နေတာ ထူးသက်တင်က ပြန်ပို့ဖို့ ကောင်းတာပေါ့... "

" ကားပေါ်ထိပဲ ပို့ခိုင်းလို့ပါ အိမ်ထိပို့မယ် ပြောပါတယ် "

ဖေဖေနှင့် မေမေက ကိုနိုင်နှင့် ပြန်လာတဲ့ မွှေးကို မြင်တော့ အံ့ဩတာပေါ့လေ။ ဒါပေမယ့် အကျိုးအကြောင်း ရှင်းပြလိုက်ပါတယ် အဖွားကတော့ ခြင်ထောင်အပြင်ဘက်မှာ ကွေးကွေးလေးအိပ်လို့ပါလား။ ဒါကြောင့် ခြင်ထောင်ထဲ ပြန်သွင်းပေးပြီး မွှေးအိပ်ဖို့ ပြင်ရတယ်။

" မွှေး "

" မေမေ... "

" တကယ် မနက် အလုပ်ပြောင်းမှာလား မောင်ထူးနဲ့ ဘာဖြစ်လာလဲ "

မေမေက မွှေးကို တိုးတိုးလေးမေးပါတယ်။ အလုပ်ကလည်း မနက်ပြောင်းဖို့ အစီအစဉ်ရှိသလို... ထူးနဲ့ကလည်း စကားပြော အဆင်မပြေတာ ပြောပြမိတယ်။

" မွေးနဲ့ မေမေလည်း စကားပြောချင်တာ မနက်မှ ပြောတာပေါ့... ကဲပါ သမီး အိပ်တော့..."

တကယ်တမ်း အိပ်မယ်ဆိုတော့ အိပ်မပျော်ပါဘူး။

မွေး မှားသလား

မှားတာတွေလည်း ရှိမှာ မှန်တာတွေလည်း ရှိမှာပေါ့...။ သူ့ကို ချစ်မိတာတော့ ဘယ်လိုလုပ်မလဲ နှလုံးသားဆိုတာက အမိန့်ပေးလို့ရတာမှ မဟုတ်တာ။ သူ့ကို မွေးချစ်တာ မွေးကြောင့် သူတစ်ခုခုဖြစ်သွားမလားဆိုတဲ့ စိတ်ကတော့ ရှိနေတာပါပဲ...။

ဒါဖြင့် သူနှင့် ဝေးဝေးနေလိုက်ပြီး ထူးကို ချစ်ခွင့်ပေးလိုက်မလား။

ဟင့်အင်း

သည်သို့ကတော့ လုံးဝမလုပ်နိုင်။

ဒါဖြင့်ရင်... သူ့ကိုချစ်လိုက်ပြီးတော့ ဖြစ်သမျှကို မွေးတို့ ရင်ဆိုင်ကြမလား...။

သက်ပြင်းတွေရှိုက်ရပေါ့။

အိပ်လို့လည်း မပျော်နိုင်...။

တစ်အိမ်လုံးတောင်မှ တိတ်ဆိတ်နေပြီ...။

သူ့ကိုချစ်တယ်

မွေးတို့နှစ်ယောက် လက်တွဲပြီး အားလုံးကို ရင်ဆိုင်လိုက်မလား။

ဒါပဲကောင်းမှာပါ။

သူ့ကို မွေးချစ်မိတော့ ဘဝခရီးတစ်လျှောက်ကို သူနဲ့ပဲ လက်တွဲချင်မိတယ်လေ...။

ဟုတ်တယ် သည်သို့ဆုံးဖြတ်တာပဲ ကောင်းပါတယ်။

◈ ◈ ◈

" ငါ အရမ်းကြည်နူးရတယ်… ငါတစ်ခုခုဖြစ်ရင် သူရင်ကွဲမယ်တဲ့…
ါ… ငါ့ကို ချစ်လို့ပေါ့…"

ဒွန်းကြီးကတော့ ကျွန်တော် ပြောသမျှ နားထောင်ပြီး ငြိမ်နေတယ်။ ချိန်တော့ လက်ဖက်ရည်ဆိုင်လေးလည်း အိပ်လို့ ဗာဒံရွက်တွေလည်း နိုးသေး။ ကျွန်တော်တို့နှစ်ယောက်ကတော့ မိုးအလင်းစောင့်ရင်း ဝရန်တာမှာ လှဲအိပ်နေမိတယ်… ညလယ်တည်းက နှစ်ယောက်သား မတိုင်ပင်ရပါပဲ နိုးလာခဲ့တယ်…။ ပြီးတော့ ကျွန်တော်ကလည်း ကိုယ့်ခေါင်းပါးနဲ့ကိုယ် အလုပ်ရှုပ် သူကလည်း သူ့ရုပ်ပြစာရွက်တွေနဲ့ နစ်မျောနေ…။

ပြီးတော့မှ ဝရန်တာထွက်ပြီး မိုးအလင်းစောင့်နေမိတယ်။

" ဟုတ်ပါပြီ… တကယ်ချစ်တယ်ဆို ကောင်းပါတယ်… ဒါပေမယ့် ထူးသက်တင်ရဲ့ အန္တရာယ်ရှိတယ် "

" ဒါကတော့ ဒွန်းကြီးရာ… ဥပဒေရှိတာ လွတ်လွတ်လပ်လပ် မလုပ်ရဲပါဘူး…"

" လျှော့မတွက်နဲ့လေ…"

" အင်းပါ… ဒါပေမယ့် အလွန်ဆုံး ရန်ဖြစ်ရုံပေါ့ ငါ့ကို မသတ်နိုင်ပါဘူး "

" ငါတော့ မောတယ်… သူများတွေ အချစ်ရေးမှာ မိဘက သဘောမတူလို့ အစ်ကိုတွေမောင်တွေ သဘောမတူလို့… စသဖြင့်ပဲ ကြားရတယ် မင်းကျမှ…"

" အကြံတူ ရန်သူဆိုတာ ဖြစ်နေပြီပဲ "

" သတိတော့ထား... ထူးသက်တင်ဆိုတာ ဒေါသ ဘယ်လောက် ကြီးတယ် စိတ်ဓာတ်ဘယ်လောက်ထိ ယုတ်မာ ကောက်ကျစ်တယ် ငါတို့မသိနိုင်ဘူး... မင်းကို အလစ်မှာ ဒါးနဲ့ထိုးမှ ဟုတ်နေမယ်..."

" ငါ ဂရုစိုက်ပါမယ် "

" ငါလည်း ဦးလေးကောင်းဆီသွားရင် အရိပ်အကဲကြည့်ဦးမယ်

" တူမဆိုတော့ ဦးလေးကောင်း ဘာပြောနိုင်မှာလဲ "

ကျီးအော်သံတွေ အတော်ဆူညံစပြုလာပြီ။

သိပ်မကြာခင် ရောင်နီလာတော့မယ်...။ ချစ်သော ညမွှေးရေ ဆိုင်မှာပဲလား။

" မင်းရဲ့ ပန်းညမွှေးကိုလည်း သတိပေးလိုက်ဦး... သူတို့က ညဘက် ဆိုင်မှာ အတူအလုပ်လုပ်နေရတာ တစ်ချို့လူတွေရဲ့စိတ်က အနိုင်အထက် ရှိတယ်... ငါပိုင်ရမယ်ဆို မတရား အနိုင်ကျင့်တာမျိုး ရှိလာရင်... မကောင်းဘူး "

" ဟုတ်တယ် ဒွန်းကြီး ငါလည်းတွေးပါတယ် ဒါပေမယ့် ပြောလိုက် ရင် သူ့ကိုမယုံကြည်သလို ပြောရာရောက်သွားရင် မကောင်းဘူးပေါ့... ဒါကြောင့် မပြောတာ "

" သတိပေးတဲ့အနေနဲ့ ပြောပေါ့ "

" အင်းလေ... ငါ ပြောကြည့်မယ်..."

အလင်းရောင် အတန်ငယ် ပီပြင်လာပြီ...။

ဗာဒံကိုင်းပေါ်မှာ ဆူညံဆူညံနဲ့... စာဝါလေးတွေ ခုန်ပေါက် နေတာကိုတောင် မြင်ရပြီ။

" လက်ဖက်ရည်ဆိုင်လေး အဆင်သင့်ဖြစ်နေပြီ..."

" ခဏနေပါဦးကွာ လူတော်တော်များများလာမှ ဆင်းကြတာပေါ့"

" ညမွှေး တစ်ရက်နှစ်ရက် ပျောက်နေရင်ကို ငါရင်ပူသလိုပဲ"

" ခက်ပြီ... မင်း စိတ်တော်တော်လျှော့ထားနော် "

" ငါတို့ချစ်သွားကြရင် ချစ်သူဘဝမှာ ကြာကြာမနေဖြစ်ပါဘူး...

ငါက စိတ်မချတာနဲ့ သူက စိတ်မချတာနဲ့ လက်ထပ်ဖြစ်သွားမှာပါ ”

“ ငါတော့ အိမ်ပြန်မှထင်တယ် ”

“ ဘာဆိုင်လဲ... မင်းက ထပ်ခိုးပေါ်ပြောင်းပေါ့ ”

ကျွန်တော် သည်လိုပြောတော့ ဒွန်းကြီး ရယ်ပါလေရော...။ ကျွန်တော့်တိုက်က တော်တော်မြင့်တာ ကိုကိုက ပစ္စည်းတင်ချင်လည်း တင်ရအောင်ဆို ထပ်ခိုးလေး ရိုက်ထားတယ်လေ။

“ တော်ကြာမှ သမီးလေးတစ်ယောက်ပဲရှိလို့ မခွဲနိုင်ပါဘူး သားမက် အိမ်ပေါ်တက် ဆိုရင်ကော... ”

“ သည်တော့လည်း ဦးလေးကောင်းနဲ့ တစ်ရပ်ကွက်သားတွေပဲ လုပ်လိုက်တာပေါ့ကွာ... ”

သူတို့ရယ်မောရင်း လက်ဖက်ရည်သောက်ဆင်းဖို့ ပြင်နေကြတာ ပေါ့။ မနန်းကလည်း သူ့ထုံးစံအတိုင်း မီးဖိုထဲမှာ ကြောင်တစ်ကောင်နဲ့ ထမင်းဟင်းချက်ဖို့ ပြင်နေပြီ။

“ ဟာ... ဘာသံလဲ ”

“ မိုးရွာတာ မိုးရွာလာပြီ ဖိုးတိုး... ”

သည်ရက်ပိုင်း အပူပိုများလာလို့ မိုးကိုတော့ မျှော်နေတာပါ ဒါပေမယ့် မိုးက ထင်တာထက်ကို သည်းနေပါလား။

“ ငါတို့ ဝရန်တာထွက်နေတာ မိုးနံ့လည်း မရပါဘူး... ”

“ သည်လောက် အပူကဲနေမှ ရွာမှာပေါ့ ”

“ မိုးကလည်းကွာ သည်အချိန်ကြီး ရွာရတယ်လို့... ညမွှေး အပြန် မိုးတွေနဲ့... ”

“ အချစ် အချစ် လူကို အဲသည်လောက်တောင် ဖမ်းစားပါလား ”

ဝရန်တာကနေ တံခါးမပိတ်နိုင်ပဲ ငေးကြည့်နေမိတယ် ဗာဒံရွက် တွေပေါ် မိုးပေါက်တွေကျနေတာ သိပ်လှပါတယ် ဒါပေမယ့်... ချစ်သူ အပြန် မိုးရွဲရှော့မယ် ခုနကဆူညံနေတဲ့ စာဝါလေးတွေလည်းမရှိတော့။

“ ဖိုးတိုး... ဟိုမှာ ပန်းညမွှေး မဟုတ်လား... ”

" ဘယ်မှာလဲ "

" ဟိုမှာလေကွာ... ထီးအပြာလေးနဲ့..."

ချစ်လည်းချစ်သေး ညှို့ချက်ကလည်းများပါ့...။ ချစ်သူကိုတောင် ရှတ်တရက် လှမ်းမမြင်။

" ဆင်းစို့ ဆင်းစို့ ဒွန်းကြီး "

" ဖြစ်နေလိုက်တာ သွားပါ သွားနှင့် ငါလာခဲ့ပါမယ် "

ရင်ထိတ်ခုန်စွာ ဆင်းလာခဲ့တယ်။

တွေ့ချင်နေတယ် မျက်ဝန်းရှေ့မှာပဲ ရှိနေစေချင်ပြီ ချစ်ရင်လည်း မြန်မြန်ပြန်ချစ်လိုက်ပါလား။ ကျွန်တော်တို့နှစ်ယောက် အနီးဆုံး အနေအထားမှာ အတူရှိချင်နေပြီ ညမွှေးရယ်...။

ကျွန်တော့်ကို မြင်တော့ ညမွှေးရဲ့ အပြုံး။ ပီပြင်မှုရှိရဲ့လားလို့ သေချာကြည့်နေရတယ်။

◆ ◆ ◆

" မွှေး... ဘယ်လဲ "

" အပြင် ခဏ မေမေ... ခေါင်းနောက်လို့... မုန့်သွားဝယ်စားမယ်... ူးလာရင် သည်နားလို့ မပြောပါနဲ့... ဝေးဝေးသာ ပြောလိုက်ပါ မေမေ"

မေမေဘာမှမပြောခင်ထွက်လာခဲ့တာ။

လမ်းထိပ်ရောက်မှ မိုးကရွာသေးတယ်။ ထီးယူလာလို့သာ တော်တော့တယ်။ မိုးရွာလာတော့ နောက်ကျိနေတဲ့ စိတ်တွေက ကြည်လင် လန်းဆန်း သွားသလိုပါပဲ...။

လက်ဖက်ရည်ဆိုင်လေးက မိုးထဲမှာ စည်ကားစပြုနေပါပြီ...။ ဆိုင့်ထဲမှာ သူတို့မရှိသေးဘူးလို့ တွေးစဉ်မှာ ရှေ့က လျှောက်လာတဲ့သူ့ကို မြင်ရတယ်။ သူ့ကိုမြင်ရင်ကို ရင်ထိတ်ခုန်ရတဲ့ ခံစားမှုဟာ... သူ့ကို မွှေး ဘယ်လိုစွန့်လွှတ်ရမှာတဲ့လဲကွယ်...။

" မိုးရွာတော့ ညမွှေး ဆိုင်ကပြန်တဲ့အချိန်ဆို ကျွန်တော် စိတ်ပူနေတာ..."

" ဆိုင်က ခုမှ ပြန်လာတာ မဟုတ်ဘူး... ညတည်းကပြန်လာတာ"

" ဟင် ဘာလို့လဲ..."

မွှေးလေ... ဖြေကို မဖြေချင်တော့ပါဘူး...။

ဒါကြောင့် ရယ်ပဲ ရယ်နေလိုက်တော့တယ်။

ဆိုင်ပြင်မှာတော့ မိုးပိုသည်းလာပြီပဲ...။

ဗာဒံရွက်တွေပေါ်က ဖြတ်ကျလာတဲ့ မိုးပေါက်သံတွေကို ိပီပြင်ပြင်ကြားနေရတယ်...။

" ထူးသက်တင်နဲ့ အဆင်မပြေလို့လား... ဘာပြောလို့လဲ... ညမွှေးကို ကျွန်တော် စိတ်ပူနေတာ... ညဘက်မှာ သူနဲ့ အတူရှိနေတော့..."

" ဟယ်... ထူးက အဲလိုတော့ မရိုင်းစိုင်းပါဘူး "

" ဟုတ်ပါတယ်... ခုချိန်ထိတော့ ဟုတ်တာပေါ့... နောက်ပိုင်းကျရင် ကျွန်တော့်ကို မုန်းတော့ မွှေးကို စွန့်လွှတ်ရမှာ ကြောက်ပြီးတော့..."

" မွှေးတို့လည်း... အလုပ်က မနက်ပိုင်းပြောင်းဖို့ တိုင်ပင်ပြီးပါပြီ ညဘက်က အရှင်လောက် အလုပ်မရှိတော့ ဆိုင်ပိတ်လိုက်မယ်ပေါ့... မနက်ပိုင်း လေးယောက်အတူပဲ စုံမယ်ဆို ပြောပြီးမှ စကားပြောတာ အဆင်မပြေဘူး... မွှေးတော့ အလုပ်ပြောင်းရတော့မယ်ထင်တယ်..."

ရုတ်တရက် အလုပ်ပြောင်းရရင် မေမေ့ကို ဈေးဖိုးရှာမပေးနိုင်မှာ တစ်ခုတော့ပူတယ် ပြီးတော့ ဆိုင်ထဲမှာလည်း မွှေး ရှယ်ယာဝင်ထားတဲ့ ငွေတွေရှိသေးတယ်...။ ဘာလုပ်ရမှန်းလည်း မသိဘူး...။ အလုပ်တွေ အကြောင်းလည်း သူ့ကို ပြောမပြချင်လို့ ငြိမ်နေမိတယ်။

" ညမွှေး... စိတ်ညစ်နေတာလား..."

" စိတ်မညစ်ပါဘူး... စိတ်တော့ရှုပ်ရတယ်... ရုတ်တရက် အလုပ်ပြောင်းဖို့ကလည်း မလွယ်ဘူးလေ... ဆိုင်က လေးယောက်ရှယ်ယာ... ရှေ့ဆက်ရေရှည်..."

" ထူးသက်တင်နဲ့က စကားကောင်းကို ပြောမရတော့ဘူးလား"

" အင်းပေါ့... သူ့အကြောင်းရောက်တာနဲ့ ပြဿနာကစတော့တာ"

" ညမွှေး... ကျွန်တော်တို့ ဝေးမသွားပါဘူးနော် "

ဘာလို့ဝေးရမှာလဲ...။ ရှင့်ကို မွှေး ချစ်တာပဲလေ။

ရှင့်ကိုမချစ်ဘူးဆိုရင်... မွှေးမှာ စိတ်ရှုပ်စရာဆိုလို့ ဘာတစ်ခုမှတောင် ရှိမှာ မဟုတ်ဘူး...။

" ကျွန်တော့်ကို အဖြေပေးပါတော့လား... ကျွန်တော် ညမွှေးကို ဘာမှလည်း ရှေ့က ရင်မဆိုင်ပေးရဘူး... ကျွန်တော်တို့ နှစ်ယောက် လက်တွဲခိုင်ခိုင်ထားပြီး ဖြစ်သမျှ ရင်ဆိုင်ရအောင်ပါ..."

မွေးဘာပြောရမလဲ

သူ့ကိုမွေးချစ်တယ်

ချစ်တယ်လို့လည်း ပြောချင်ပါတယ်... ဒါပေမယ့်... ချစ်သူဘဝမှာ မွေးကြောင့် သူ တစ်ခုခုဖြစ်ရင် ချစ်ရတဲ့သူအတွက် မွေးဘယ်လောက် ကြေကွဲရမလဲ အဲသည့်စိတ်ကြောင့် ချစ်တယ်လို့ ရုတ်တရက် မွေးမဖြေရဲသလို ဖြစ်နေရတာပါ။

" ဘာလို့လဲ ညမွေးရယ်..."

" မွေးကြောင့် တစ်ခုခုဖြစ်မှာ စိုးနေတယ် "

" ရတယ်... ဖြစ်သမျှတွေကို ရှေ့ကရင်ဆိုင်ပေးပါမယ်... ညမွေးကသာ ချစ်တယ်လို့ တစ်ခွန်းပြော ညမွေး လက်ကိုတွဲလို့ ရှေ့က ရင်ဆိုင်မယ်..."

" ချစ်ပါတယ်..."

လွှတ်ခနဲ မွေး ဖြေလိုက်မိတယ်။ သည်အချိန်မှာ ကိုကျော်ကျော်ဒွန်း ဆိုင်ထဲဝင်လာပြီး အနားရောက်လာတော့ ဘာစကားမှ မဆက်မိသလို ဖြစ်သွားရတယ်။ ကောင်းတယ်... ကောင်းတယ်...။ သူလည်း ချစ်တဲ့အကြောင်း မပြောရတော့ဘူးပေါ့...။

" မိုးကလည်း မထင်ပဲသည်းလိုက်တာ မိုးဦးကောင်းတာပေါ့နော်"

" ရွာပါစေ... ဘယ်လောက်ရွာရွာ ရွာသာရွာ... ရင်ထဲမှာ အရမ်းပျော်နေတယ်... ရွာပါစေ "

ကြည့်စမ်းပါဦး မျက်နှာကိုက...။

ကိုကျော်ကျော်ဒွန်းတောင်မှ သူ့ကိုကြည့်နေပြီ... သူပျော်နေတဲ့ ပုံစံလေးကို မြင်ရတော့... မွေး ပျော်ပါတယ်...။ ဒါပေမယ့် မွေးတို့ ထူးနဲ့ပတ်သက်ပြီး ဘယ်လို ရင်ဆိုင်ကြရဦးမှာပါလဲ...။

" မင်းပုံစံက မဟုတ်တော့ဘူး..."

" ဘာဖြစ်နေလို့လဲ "

" အပျော်လွန်နေသလိုပဲ..."

" သည်လောက်တောင်.."

" အေး "

" ငါတို့..."

" ကိုတိုးတိုးလင်း ဘယ်လိုဖြစ်နေလဲ မသိပါဘူး..."

ကိုကျော်ကျော်ဒွန်းက မွေးတို့နှစ်ယောက်ကို ကြည့်ပြီး... ငါ သဘော ပေါက်စပြုလာပြီလို့ ပြောပါတယ်။ အပြင်မှာ မိုးက သည်းနေဆဲပါပဲ...။

" ငါ ရှင်းလိုက်မယ် ဒွန်းကြီး "

" ငါ သဘောပေါက်နေပြီ ဖိုးတိုး... သည်လောက်နဲ့တော့ မရဘူး"

" အေးပါကွာ... နောက်ထပ်လည်း ကျေးပါမယ်... ငါတို့ အပြင်သွားတော့မယ် ရှင်းခဲ့မယ်နော်..."

သူက မွေးလက်ကို ဆွဲပြီး ဆိုင်ထဲမှ ထွက်ခဲ့တယ်...။ မွေးကို ထီးမိုးပေးမယ်တဲ့။ ထီးကလေးတစ်ချောင်းနဲ့ သည်းထန်တဲ့မိုးမှာ ချစ်သူနဲ့ အတူသွားရတာ မွေး ပျော်လိုက်တာ...

ပြီးတော့ မွေး ရင်ခုန် ထိတ်နေရသေးတာပါပဲ...

•

◈ ◈ ◈

ညမွေးနဲ့ ချစ်သူဖြစ်သွားပြီ။
ကျွန်တော် သိပ်ပျော်တာပါပဲ...။
မိုးသည်းထဲမှာ နှစ်ယောက်တည်း လျှောက်လာတဲ့အခါမှာ ကျွန်တော်က ပျော်တယ်... ညမွေးရော ဆိုတော့...။
" မွေး ပျော်တော့ ပျော်တယ် ဒါပေမယ့်... ကြောက်နေသလိုပဲ ဘယ်နေရာကများ ထူးထွက်လာမလဲလို့... ထူးထွက်လာပြီး ကိုတိုးတိုးလင်းကို..."
" ချစ်သူကို အဲလိုမျိုးပဲ ခေါ်နေတုန်းလား... ကိုယ့်ချစ်သူပါဆိုမှ... မောင်လို့ခေါ်..."
" မွေး တကယ်လန့်နေတာ... ပျော်တာတောင် ရဲရဲ မပျော်ရဲ အောင်ပါပဲ..."
" ဘာမှ မလန့်နဲ့ ညမွေးရဲ့ ရှေ့မှာ မောင်ရှိတယ်..."
" အဲသည့် မောင့် အတွက်ပဲ လိုက်စိတ်ပူနေရတာ..."
မိုးသည်းမှာ ဘယ်ရယ်မသိ လျှောက်လာခဲ့မိတယ်။ ချစ်သူ အနား မှာတော့လည်း ပျော်ရွှင်နေတာပါပဲ။ ချစ်သူ့မျက်နှာလေး အပြည့်အဝ မပျော်ရွှင်ဘူး ဆိုတာ သိရတော့ စိတ်မကောင်းပါဘူး။
" မောင်တို့ နှစ်ယောက် ချစ်သူဖြစ်သွားကြတာကို သိစတော့ စိတ်ဆိုးမယ် နောက်တော့ အဆင်ပြေသွားမှာပါ... ညမွေးရဲ့ ဖေဖေနဲ့ မေမေကလည်း မောင့်ကိုသိနေတာပဲ... လိုအပ်ရင် ကိုကို့ကို လူကြီးတွေဆီမှာ ပြောနိုင်းပြီး မောင်တို့ လက်ထပ်လိုက်တာပေါ့... ညမွေးကရော မောင်နဲ့

လက်ထပ်ချင်တယ် မဟုတ်လား..."

" လက်ထပ်ဖို့က တိုင်ပင်ကြရဦးမှာပါ... မွှေးတို့ ဘာမှ မပြင်ဆင်ရ သေးဘူးလေ... ကိုနိုင်နဲ့ မယုတောင် သိပ်အဆင်ပြေတာမဟုတ်ဘူ ဒါကြောင့် အိမ်မှာ မွှေး အလုပ်လုပ်ဖို့လိုတယ်... "

" မောင်တို့ ညီအစ်ကိုမှာ ငွေကြေး ရှိသင့်သလောက် ရှိပါတယ်... ဖေဖေနဲ့မေမေဆုံးတော့ သည်တိုက်ခန်းရော ငွေရော ပေးခဲ့တာ... မောင်တို့ ညီအစ်ကို ခွဲယူပြီးသား... မောင်လက်ထပ်ပြီးရင် သည်မှာပဲ နေချင်လည်း ရတယ်... မနေချင်လည်းရတယ်... ညမွှေးကို စိတ်ချမ်းသာအောင် ထားမှာပေါ့..."

ညမွှေးရဲ့အပြုံးကလည်း မပီမပြင်လေးလိုပဲ။

ဒါကြောင့် အေးစက်နေတဲ့ လက်ကလေးကို ဖျစ်ညှစ်ဆုပ်ကိုင်ပြီး အားပေးလိုက်ပါတယ်။

" မောင့်အတွက် စိတ်မပူပါနဲ့..."

" အင်းလေ တစ်ခုတော့ ရှိပါတယ်... မောင်နဲ့ ချစ်သူတွေ ဆိုတော့လည်း ဖေဖေတို့မေမေတို့ကို ပြောပြလို့တော့ ကောင်းတာပေါ့... မွှေးက မောင့်ကိုပဲ ချစ်တယ်လို့ ပြောပြလိုက်မယ်လေ..."

ကျွန်တော် ကြည်နူးနှစ်သက်စွာ ပြုံးရပါတယ်။

ညဘက်မှာ ဆိုင်မသွားပါနဲ့တော့လို့ ကျွန်တော် ပြောမိတယ်။ ထူးသက်တင်ကို စိတ်မချနိုင်ပါဘူးလေ...။

" ဖြစ်နိုင်ရင် မွှေး အဲသည့်အလုပ်ထဲကို မသွားချင်တော့ပါဘူး... ညဘက်ပဲဖြစ်ဖြစ် နေ့ဘက်ပဲဖြစ်ဖြစ် ထူးနဲ့ စကားပြောရင် အရမ်း ဒေါသများရတယ်... မွှေးကလည်း မောင့်ကို ထိရင်ကို လုံးဝ မခံနိုင်တာ..."

" ဘာလို့လဲ "

" သွားပါ သိရက်သားနဲ့..."

မိုးရေတွေ စိုနေတဲ့ မျက်စောင်းလေးလည်း ချိုတာပါပဲ...။ မွှေးက ပြန်ချင်ပြီလို့ ပြောတယ်။ တော်ကြာ အိမ်မှာ ထူးသက်တင်က ရောက်ချင်

ရောက်နေမှာ တဲ့…။

“ မေမေ မျှော်နေမယ်… ဘယ်သွားမယ်လို့ မွေး အတိအကျ မပြောခဲ့ရဘူး…”

“ မောင် လိုက်ပို့မယ်…”

“ မပို့နဲ့… အိမ်မှာ ထူး ရောက်ချင်ရောက်နေမှာ…”

ညမွေးနှင့် လမ်းခွဲပြီး သွားစရာလည်းမရှိတော့ ရေးလက်စ ဆောင်းပါးလေး အစသတ်တာပဲ ကောင်းပါတယ်ဆို အိမ်ပြန်လာခဲ့ပါတယ်။ နိုးက တိုက်လှေကားရောက်တော့ အများကြီး တိတ်သွားပြီ။ ညမွေး တစ်ယောက် အိမ်ပြန်သွားတာ အဆင်ပြေရဲ့လား။

လူကသာ ပြန်လာရတယ်။ စိတ်ကတော့ ချစ်သူနောက်ကို လိုက်သွားမိသလိုပါပဲ…။

ထူးသက်တင်ရောက်နေပြီး ဘာတွေများ ပြောကြမလဲ…။

“ ပြန်လာပြီလား ”

“ အင်း…”

“ သိပ်ပျော်နေလား ”

“ ပျော်ပါတယ်…”

“ ပျော်တာလည်းပျော်… ရင်ဆိုင်ရမှာတွေလည်း ကြိုစဉ်းစားထား…”

“ စဉ်းစားထားပါမယ်…”

မစဉ်းစားပဲ နေမလား။

ညမွေးရဲ့ ပျော်ရွှင်ခြင်းတစ်ဝက် စိတ်ရှုပ်ထွေးခြင်းတစ်ဝက် ဖြစ်နေတဲ့ မျက်နှာလေးကို မေ့မှ မမေ့နိုင်တာပဲ…။ အချစ်စစ်ဆိုတာ အခက်အခဲတော့ ရှိမှာပေါ့လေလို့ပဲ တွေးလိုက်ပါတယ်။

ဘာတွေပဲဖြစ်ဖြစ် မောင်တို့နှစ်ယောက် လက်တွဲပြီးတော့ ရင်ဆိုင်ကြတာပေါ့…။

◈ ◈ ◈

ထင်တဲ့အတိုင်း

အိမ်ရောက်တော့ ဧည့်ခန်းမှာ ထူးက မေမေနဲ့ ထိုင် စကားပြော နေပါတယ်။ ခုတော့လည်း... သူ ဘာမှမပြောခဲ့တဲ့ လိမ်မာနေတဲ့ ပုံစံလေး နဲ့ပေါ့။ မွေးကို လှမ်းမော့ကြည့်တယ်။ မွေးကတော့ အရမ်း စိတ်ကုန်တယ်။ မောင့်ကိုချစ်လို့ ချစ်သူတွေ ဖြစ်သွားကြလည်း ထူးသက်တင် ဆိုတာ ပန်းညမွေးရဲ့ အခင်မင်ရဆုံး သူငယ်ချင်းပါပဲ။ ခုတော့ သည်သို့ မဟုတ်။

" မွေး... မောင်ထူးက ပြောနေတာ... မနက်ဖြန်ကစ မနက်ပိုင်းပဲ ဆိုင်ဖွင့်တော့မယ်တဲ့... မေမေကလည်း သဘောကျတယ်... ညဘက် သမီး အိပ်ရေးပျက်တာတွေ မေမေ စိတ်မကောင်းဘူး..."

" မနက်ဖြန်ကျရင် မနက်ပိုင်းပဲ လာတော့နော် မွေး... သည်နေ့က တော့... ဥက္ကာတို့လည်း ရှိမှာပဲ... နင်နဲ့ငါ ဘုရားသွားရအောင်..."

" ငါ မသွားချင်ဘူး "

ထူး မျက်နှာပျက်သွားတယ်။ တော်ပြီ။ ရှေ့လျှောက် ခုလိုမျိုး ထူးနဲ့ အတူသွားနေရင်... ထူးဘက်ကလည်း မျှော်လင့်နေမယ်။

" လာပါ မွေးရာ..."

" ငါ မသွားချင်ဘူး..."

မေမေကတော့ မွေးတို့ နှစ်ယောက်ကို လှမ်းအကဲခတ်ပါတယ်။

" နင်က ဘာဖြစ်တာလဲ "

" သွားပြန်တော့လည်း စကားပြောရင် အဆင်မပြေပါဘူး... သည်တော့ မသွားတာပဲ ကောင်းပါတယ်... ငါ ညက အလုပ်အကြောင်း စဉ်းစားနေတာ အိပ်မပျော်ဘူး... ခေါင်းကိုက်နေလို့... အိပ်မလို့..."

" ငါ တောင်းပန်ပါတယ် မွှေးရာ..."

" နှင်နဲ့ငါ ထာဝရ သူငယ်ချင်းပါ ထူး... ဒါပေမယ့် ငါ နားလည်သွားပြီ... သူငယ်ချင်းမို့ နှင်နဲ့ ခင်ခင်မင်မင် အတူသွား အတူနေခဲ့ တာတွေဟာ နှင့်ကိုလည်း မျှော်လင့်ချက်တွေ ပေးနေသလို ဖြစ်ရတယ်... ဒါကြောင့် သူငယ်ချင်းပုံစံနဲ့ပဲ ပြန်ခင်ပါရစေ... ဘယ်မှ မသွားဘူး..."

မွှေးကို စိုက်ကြည့်နေတယ်

မွှေး ပြောတာ မှားလို့လား။

တကယ်ဆို သူငယ်ချင်းဆိုတာ... သူငယ်ချင်းတွေလိုပဲ ခင်မင်သင့်ခဲ့တာ.. မွှေးရဲ့ နားမလည်တတ်ခဲ့မှုတွေကြောင့်... ခုလိုမျိုး ထူးလည်း မျှော်လင့်နေရတာပါ။

" ဒါဆို နှင်က ဟိုလူနဲ့ပဲ သွားမယ် ဆိုပါတော့..."

မွှေး ဘာမှ ပြန်မပြောလိုက်ပါဘူး။

မောင်နဲ့က ရေ့လျှောက် အတူသွားရဦးမှာလည်း အမှန်ပါပဲ...။ မသွားပါဘူးလို့ ညာပြီးမှ တွေ့သွားခဲ့ရင် ပို မကောင်းဘူး ဖြစ်မှာပေါ့... ဒါကြောင့် ဆိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံပါရစေ။

မွှေးကို သေချာ စူးစိုက်ကြည့်နေပြီးမှ... ဖျတ်ခနဲဆို ထွက်သွားပါပြီ...။ မေမေကတော့ မီးဖိုထဲမှ ပြန်ထွက်လာရင်း...

" ဟဲ့ မောင်ထူးရော "

" ပြန်သွားပြီ မေမေ..."

" သမီးနဲ့ စကားများသွားတာလား..."

" စကားက ပြောလို့ကို အဆင်မပြေတော့ဘူး မေမေ... သူက..."

" သမီးအနေနဲ့က ဟိုးငယ်ငယ်တည်းက မောင်ထူးနဲ့ ခင်ခင်မင်မင် နေလာခဲ့ပြီး အခုမှ ရုတ်တရက် ခင်မင်မှုကို ရပ်လိုက်ရင် သစ်စိမ်းချိုးချိုးသလို ဖြစ်သွားနိုင်တယ် ..."

" သူငယ်ချင်းအဖြစ် ထာဝရခင်မင်ချင်ပါတယ် မေမေ ထူးက မွှေးအတွက် အကောင်းဆုံးသူငယ်ချင်းပါ... ဒါပေမယ့် သူက သူငယ်ချင်း

အဖြစ် မနေချင်တာ... ကိုတိုးတိုးလင်းနဲ့ မခေါ်ရဘူးတဲ့..."

" ကောင်းကောင်းမွန်မွန် ရှင်းပြပေါ့ မွေးရယ် "

" ရှင်းပြတာပဲ မရပါဘူး မေမေ..."

" မွေးကရော မောင်တိုးတိုးလင်းနဲ့ မခေါ်ရရင် မနေနိုင်ဘူးပေါ့ ဟုတ်လား "

" မေမေရယ်... မွေးတို့က..."

ရုတ်တရက်တော့ မွေးတို့ချစ်သူလို့ မပြောရဲသလိုဖြစ်နေတယ်။ ဒါကြောင့် ကိုတိုးတိုးလင်းနဲ့ကလဲ သူ့လိုပဲ... အဲဒါကို မခေါ်ပဲတော့ မနေနိုင်ဘူးပေါ့... ထူးနဲ့က စကားပြောကို အဆင်မပြေတော့ မပြောရဲအောင် ဖြစ်သွားတာပါ။

" သမီးတို့က အလုပ်အတူလုပ်နေရတာ ခင်ခင်မင်မင်နေတာပဲ ကောင်းတယ်... စိတ်မှာ အခုအခံရှိရင် မကောင်းပါဘူး..."

" မွေးကတော့ ထူးအပေါ် အရင်လိုပါပဲ..."

" ဒါဆို မောင်တိုးတိုးလင်း အပေါ်မှာရော..."

ခက်တာက မွေးမညာတတ်ဘူး

ဖေဖေနဲ့ မေမေ့ကို ညာလည်း မညာချင်ဘူးလေ။

ဒါကြောင့်မို့လည်း...။

" မွေးတို့ချစ်နေကြတယ် မေမေ ..."

" ဒါဆိုရင်တော့ မောင်ထူးနဲ့က ပိုပြောရခက်တော့မှာပေါ့... လူ့စိတ်ဆိုတာ ခက်သားလား... နားလည်ပေးတတ်သူဆိုရင် ကောင်းပါတယ် နားမလည်လို့ အပြီးတိုင် လမ်းခွဲသွားပြီး လမ်းစပြတ်သွားတဲ့ လူမျိုးဆိုရင်လည်း နောက်ဆုံးတော့ ကောင်းတယ်ပဲမှတ်ရမယ်... မတော်တဆ နားလည်မပေးဘူး ပြတ်လည်းမပြတ်ဘူးဆိုတဲ့ လူဆိုရင်တော့... ရေရှည် စိတ်အနှောင့်အယှက် ဖြစ်အောင် လုပ်နေတာမျိုးဆို ပိုမျက်နှာပျက်ရတတ်တယ်..."

မွေးလည်း တွေးတော့ တွေးပါတယ်။

ထူးကလည်း နားလည်ပေးမယ်မထင်

နားမလည်လို့ အပြီးအပြတ်ပေးမယ့်လူမျိုးလည်းမဖြစ်နိုင်။ ရေရှည်မှာ စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်နေတဲ့ လူမျိုးပဲ ဖြစ်လိမ့်မယ် ထင်ပါတယ်။

" သမီးတို့ မနက်ပိုင်း အလုပ်ပြောင်းလိုက်တာလည်း ကောင်းတယ် ညဘက်မှာ ခုလိုစိတ်တွေဖြစ်နေကြပါလျက် မောင်ထူးနဲ့ သမီး အတူမနေသင့်ဘူး... တစ်ချို့စိတ်လေးတွေမှာ... ငါမရရင် ဘယ်သူမှ မရရဘူးဆိုတဲ့... အဖျက်စိတ်မျိုးလေးတွေရှိတတ်တယ်... မောင်ထူး မမိုက်လောက်ဘူးထင်ပါရဲ့"

မေမေ မသိလို့ပါ... မောင့်ကို သူသေကိုယ်သေ ဖြစ်ရမယ်တို့။ ရိုက်ချင်ရိုက်မယ်တို့ ဒါတွေပြောနေတာတွေကို ပြောမပြတော့ပါဘူး ...။

" ခုချိန်မှာ နှစ်ယောက်လုံးနဲ့ ပြောဆိုဆက်ဆံတာ လိမ်မာပါမွှေး မောင်တိုးတိုးလင်းကိုလည်း ချစ်သူဆိုပေမယ့် လေ့လာပါဦး... မောင်ထူးကိုလည်း... အဆင်ပြေအောင် စကားပြောပါ..."

" ဟုတ်ကဲ့ မွှေး ကြိုးစားပါမယ်..."

အဖွားကတော့ ထူးသက်တင်ဝယ်လာသည့် ပေါင်မုန့်တစ်ထုပ်နှင့် ပျော်ရွှင်စွာ စားသောက်နေလေရဲ့။ တကယ်ဆို ထူးနှင့် ခင်မင်ခဲ့ချိန်ဟာ အရမ်းကိုကြာခဲ့ပါပြီ ဘာလို့များ... သူ့ကို မချစ်ခဲ့ပါလိမ့်။ အချစ်ဆိုတာက မွှေးကို ဆန်းကြယ်စွာ လှည့်ဖျားခဲ့လေသလား။

မောင့်ကို တွေ့ရချိန် ဘာမှ မကြာသေးပေမယ့်

မွှေးဘဝမှာ မောင်ရှိမှ ဖြစ်တော့မယ့် ခံစားချက်တွေ...။

မောင်တို့ခွဲခွာဖို့ကလွဲပြီး ကျန်တာတွေကို ရင်ဆိုင်ကြတာပေါ့ ညမွှေးရယ်တဲ့...။ မွှေးလည်း မောင့်လိုပဲ တွေးရတော့မှာ။

ဒါပေမယ့်... မောင့်ကို ဘာတစ်ခုမှ မကောင်းတာ မဖြစ်စေချင်ပါဘူး...။

မောင့်ကို မွှေး သိပ်ချစ်မိတယ်လေ။

◆ ◆ ◆

" သွားတာလည်းသွား... ပျော်တာလည်းပျော်... လည်တာလည်း လည်ပါ... သတိတော့ထားနော် ဖိုးတိုး ငါစိတ်ပူတယ် "

ဒွန်းကြီးက သူငယ်ချင်းကောင်းတစ်ယောက်ပါပဲ ဒါကြောင့်လည်း ကျွန်တော့်အတွက် စိတ်ပူမှာ အမှန်ပါ ဒါကြောင့် စိတ်ချပါ ငါ သတိရှိပါ မယ်လို့ပဲ ပြောလိုက်တယ်...။ မွေးနဲ့ အပြင်သွားကြမယ်ဆိုပေမယ့် ဘယ်သွား မလဲ မသိ...။ ကျွန်တော် ထွက်လာခဲ့ရင်း... မွေးနှင့်ဆုံမည့်နေရာလေးဆီ မရောက်မီ မိုးကရွာတယ်...။

မွေးက အခုဆို နေ့ဘက်ဆိုင်သွားတယ်တဲ့ ဒါကြောင့် ဆိုင်က အပြန် တွေ့ပြီး စကားပြောချင်တယ်လေ။

" မောင် စောင့်နေရတာ ကြာပြီလား "

" မကြာသေးပါဘူး... ဆယ်မိနစ်လောက်ပဲ ရှိသေးတာပါ... ညမွေး ဆိုင်မှာရော အဆင်ပြေရဲ့လား... "

" အဆင်မပြေလှပါဘူး ဒါပေမယ့် ဆိုင်မှာက ဥက္ကာနဲ့ နွယ်နီရှိတယ် အလုပ်များနေတဲ့အချိန်တွေဆို အလုပ်ထဲ စိတ်နှစ်ထားရတာပေါ့... ထူးကို လည်း ပုံမှန် စကားပြောလိုက်တယ်။ အပြင်တော့ အတူ ဘာမှ သွားမစား ဘူး... သူ့ခေါ်လည်း အကြောင်းပြပြီး မလိုက်တော့ဘူး... သူ့စိတ်မှာ မျှော်လင့်မနေစေချင်တော့ဘူးလေ... "

မိုးက ဖွဲဖွဲရွာနေတုန်းရယ်

မွေးက ဘာမှ မစားခဲ့ရသေးဘူးဆိုတော့ မုန့်ဆိုင်ပဲ ဝင်လိုက် ကြတာပါ...။ မိုးကြောင့် ဆိုင်ထဲမှာ လူများပေမယ့် အတွင်းခုံလေးမှာဆိုတော့

စကား ကောင်းကောင်းပြောနေလို့ ရပါတယ်။

" မေမေသိသွားပြီ မောင် "

" ကောင်းတာပေါ့ "

" မေမေသိရင် ဖေဖေပါသိတော့မှာ... မွှေးလည်း မညာချင်ဘူး"

" ကောင်းပါတယ် ဘာလို့ ညာနေမှာလဲ... အခက်အခဲ တစ်ခုခု ရှိရင် မောင်တို့ မြန်မြန်ပဲ လက်ထပ်လိုက်ကြတာပေါ့..."

ညမွှေး သက်ပြင်းရှိုက်တယ်

ချစ်သူ ကျွန်တော့်ကြောင့် စိတ်ညစ်နေပြီလား။

" ညမွှေး မောင့်ကြောင့် စိတ်ညစ်နေရပြီလား "

" ဘာဆိုင်လဲ မောင့်ကြောင့်မဟုတ်ပါဘူး... မောင့်ကိုမွှေး ချစ်တာပဲ..."

" မောင့်ကိုချစ်မိလို့ စိတ်ရှုပ်ရတာ မဟုတ်လား "

" မဟုတ်ပါဘူး... ချစ်တာက ချစ်တာပဲပေါ့... မောင့်ကို ထူးက ဘာဒုက္ခပေးမလဲဆိုတာလည်း စိတ်ရှုပ်ရတယ်... အဲဒါ... ချစ်တာပေါ့... မောင် တစ်ခုခုဖြစ်မှာစိုးတာ..."

" ချစ်လို့ စိတ်ပူတာ မှန်ပါတယ် ဒါပေမယ့် သည်လောက်လည်း မပူပါနဲ့... မောင်တို့ ဘယ်လိုကိစ္စမဆို ရင်ဆိုင်မယ် တွေးပြီးပြီပဲ..."

အပြင်မှာ မိုးဖွဲဖွဲရွာနေဆဲပါ။

ပြန်ရအောင် မောင်ရာဆိုတော့ အိမ်ထိလိုက်ပို့မယ်လို့ ပြောတယ်။ ဟင့်အင်း... မပို့ပါနဲ့ဦး... ဖေဖေ သိချင်မှသိဦးမှာ... ခဏတော့ သည်းခံ နေကြသေးတာပေါ့တဲ့...။ နှစ်ယောက်အတူ လျှောက်လာတော့ ထီးရိပ်မှာ အတူရှိတဲ့ ချစ်သူ ညမွှေးကို ငဲ့ကြည့်ရတာကိုက... ကျွန်တော့်အတွက် ပြည့်စုံသော ပီတိတစ်ခုပါပဲ။

" မွှေး..."

အလန့်လန့်အဖျတ်ဖျတ် လှည့်ကြည့်တဲ့ ညမွှေးရဲ့ သဏ္ဍာန်...။

" ဟင်... ထူး..."

ထူးသက်တင်ကို တွေ့ပါပြီ။

ရုတ်တရက်တော့ ကျွန်တော် ကြောင်ပြီး ကြည့်နေမိတယ်...။ ဒါပေမယ့် ညမွှေးက လျင်မြန်လွန်းပါတယ် ကျွန်တော့်ရှေ့က ဝင်ရပ်လိုက်တယ်လေ။

ညမွှေးပန်းကလေး...။

မောင့်ကို မင်းသိပ်ချစ်တယ်ဆိုတာ သိရလို့ ကြည်နူးရပေမယ့်။

" ပြောတော့ ဘယ်မှ သွားစရာမရှိဘူးဆို..."

ဖျတ်ခနဲဆို ညမွှေးရဲ့ လက်ကို ထူးသက်တင်ဆွဲယူပြီး ခေါ်သွားပြီ။ ကျွန်တော်လည်း အံ့သြစွာ ကြည့်နေမိဆဲ...။

ညမွှေး ဘာလို့ လိုက်သွားရသလဲ

တကယ်ဆို အတင်းရုန်းထွက်လိုက်ပါလား...။

ပြီးတော့ မောင့်ကျောနောက်မှာ ကွယ်နေပါ...။

မင်းအတွက်ဆို အစစ မောင် ရင်ဆိုင်ပေးပါမယ်လို့ ပြောထားပြီးသားလေ...။ အခုတော့ မောင့်ကို တစ်ချက်လေးမှ လှည့်မကြည့်ပါပဲ ထူးသက်တင်ခေါ်ရာနောက် မင်းလိုက်သွားရလား။

ရင်ထဲမှာ အမျိုးအမည်ဖော်ပြရခက်သော ခံစားမှုတစ်ခုနှင့်... မိုးရွာထဲသည်အတိုင်း ထွက်လာခဲ့ပါတယ်။

ညမွှေးရယ်

ဘာလို့သည်လိုဖြစ်ရပါသလဲ... မောင့်ကို သိပ်ချစ်တယ်ဆိုပြီး...

ထူးသက်တင်ကလည်း... မွှေးလက်ကို ဆွဲသွားလိုက်တာ သူပိုင်တယ်ဆိုတဲ့ပုံစံနဲ့...။

ရင်ထဲ ခံရခက်နေသလိုလို

ထူးသက်တင်နှင့် ပထမတွေ့ဆုံရခြင်းမှာတော့ အရင်က ထင်ခဲ့သလို သူတပြန်ကိုယ်တပြန် လက်သီးနဲ့ ထိုးလိုက်ကြတာမှ ကောင်းဦးမယ်...။

◈ ◈ ◈

မွေးဆိုတဲ့ခေါ်သံမှာတင် လူက လိပ်ပြာလွင့်သွားသလား မှတ်ရဲ့...။ ထူးရဲ့အသံဆိုတာ ဘယ်လိုမှမမှား ဒါကြောင့် အလန့်လန့်အဖျတ်ဖျတ် ကြည့်မိပြီးတော့... ထူး သေချာတယ်ဆိုတာနှင့် မွေးရင်မှာ ပထမဦးဆုံး စိတ်ပူရတာက မောင့်ကိုပါပဲ။ မောင့်ကို ထူးက တစ်ခုခုများ လုပ်လိုက်မလား ဆိုတဲ့ ပူပန်မှုနှင့် မောင့်ရှေ့မှာ ကာရပ်ပေးလိုက်တယ်။

" ပြောတော့ ဘယ်မှ သွားစရာမရှိဘူးဆို "

ထူးနှင့်တော့ ဘယ်မှသွားစရာမရှိဘူးပေါ့။ ဒါပေမယ့် မွေး ချစ်သူနှင့်တော့ မွေး သွားချင်သေးတာပေါ့လေ။

ဖျတ်ခနဲဆို မွေးလက်ကို ထူးကဆွဲခေါ်ပါတယ်

ပထမတော့ မွေး ရုန်းထွက်မလို့ပါ ရုန်းထွက်ပြီး မောင့်လက်ကို အတင်းဆွဲပြီး ပေကပ်နေလိုက်ရင် ထူးရဲ့ ဒေါသတွေက မောင့်အပေါ် ပုံကျသွားတော့မယ်။

သည်အခါမှာ ထူးက ဘယ်သို့ ပြုမူမည်မသိနိုင်။

ထူးဆွဲခေါ်ရာနောက်ကို မွေး အသာတကြည်လိုက်ခဲ့မယ် ဆိုရင် တော့... ထူးရဲ့ ဒေါသတွေက မွေးအပေါ်ကိုသာ ကျရောက်လာမှာ။ သည်သို့ဆိုလျှင် မောင်လွတ်မြောက်သွားနိုင်သည်ပေါ့...။

ဒါကြောင့်မို့ ရုန်းမထွက်တော့ပါပဲ ထူးနောက်ကို အသာတကြည် လိုက်လာခဲ့ပါတယ်။

မိုးကဖွဲဖွဲရွာနေဆဲ....။ မွေးရဲ့ထီးက မောင့်ဆီမှာ ကျန်ခဲ့ပြီ... ထူးမှာလည်း ထီးမပါ။

" ဘယ်ထိသွားနေမှာလဲ ထူး... မိုးရွာထဲမှာ..."

" ဘာဖြစ်ဖြစ်... ဖြစ်ချင်ရာဖြစ်..."

" ဖယ်ပါ... လွှတ်... ငါ ခုလိုမျိုး နင်ခေါ်ရာနောက် လျှောက်မလိုက်နိုင်ဘူး..."

" ဆိုင်သွားမယ် ဆိုင်မှာ ဥက္ကာပဲရှိတာ သည်ကောင့်ကို ပြန်လွှတ်လိုက်မယ် "

" နေပါဦး ဆိုင် ဘာကိစ္စ သွားမလဲ "

" နင်နဲ့ ငါ စကားပြောမယ် "

" ထူး... ဘာပြောစရာရှိလို့လဲ... နင်နဲ့ငါ ဘာမှ ပြောစရာမရှိပါဘူး"

" ငါနဲ့တော့ ပြောစရာမရှိဘူး ဟိုလူနဲ့ရှိတယ်ပေါ့ ငါ့ကိုပြောပါ... သည်လူ့လက် နင်ဆွဲထားရအောင် နင်တို့ကဘာလဲ "

" ငါတို့က ချစ်သူတွေလေ ထူးရဲ့ "

" ဘာ..."

ခုမှပဲ ဆွဲထားတဲ့လက်ကို လွှတ်ပေးလိုက်တယ်။ ပြီးတော့ မွေးကို မယုံနိုင်သလို ကြည့်နေပြန်ပါတယ်။

" နင်တို့က ချစ်သူ..."

" အင်း "

မောင်

မွေးရင်ဆိုင်လိုက်တော့မယ်

နောက်ကိုလည်း သိသွားရမယ့်အတူတူ အခုနေဖွင့်ပြောလိုက်တာက ပိုကောင်းမယ်မဟုတ်လား။

" ငါအံ့ဩတယ် နင့်ကို နှစ်များစွာ ချစ်ခဲ့တာက ငါပါ... သည်လူနဲ့ တွေ့တာ ဘယ်လောက်ကြာသေးလို့လဲ... သည်လောက် အချိန်ကလေး အတွင်းမှာ..."

" အချစ်ဆိုတာ အချိန်နဲ့မဆိုင်ပါဘူးထူး နင်ဟာ ငါ့စိတ်မှာ သူငယ်ချင်းကောင်းပါပဲ နှစ်များစွာ ခင်ရလို့လည်း သံယောဇဉ်အရှိဆုံး

ယ်သူငယ်ချင်းပါ... သူ့ကို ငါချစ်တာပါ... ခံစားချက် မတူပါဘူး "

" မရဘူး... ခံစားချက် တူတာတွေ မတူတာတွေ လာမပြောနဲ့... င် မချစ်ရဘူး ဘယ်သူ့မှ မချစ်ရဘူး..."

ထူးနှင့်တော့ ခက်နေပြီ

မိုးတွေကလည်း တစ်ကိုယ်လုံး ရွဲကုန်ပြီ။ ပြန်မယ်ဆိုလည်း မရ အနားကနေ လိုက်နေပြန်တယ် မိုးရွာကြီးထဲ ထီးလည်းမပါ လမ်းလျှောက် နေရတာ မွေးစိတ်ပျက်လိုက်တာ။

" ငါ ပြန်ပါရစေတော့ "

" ဟင့်အင်း... မရဘူး... သည်လူကို နင်မချစ်ရဘူး "

" ထူး... အဓိပ္ပါယ်မရှိတာ လာမပြောနဲ့... ငါတို့ချစ်နေကြပြီ... မောင့်ကိုပဲ ငါချစ်တယ်... နင်ဟာ ငါနဲ့ သူငယ်ချင်းကောင်းတစ်ယောက် အဖြစ် နေနိုင်ရင်နေ မနေနိုင်ရင် ငါတို့ အပြီး မခေါ်ကြရုံပဲ..."

သည်သို့ မွေးပြောတဲ့အခါ ကြည့်နေတဲ့မျက်ဝန်းတွေ

အေးစက် စိမ်းမြနေသလိုပါပဲ

မွေးကြည့်ရင်း စိတ်ပျက်လာသလိုလို စိတ်ရှုပ်လာသလိုလို။

" ကောင်းပြီလေ... နင်က စကားကုန်ပြောတော့ ငါလည်း ကားကုန်ပဲ ပြောမယ်... နင့်ရဲ့သူငယ်ချင်းအဖြစ် ငါမနေနိုင်ဘူး... ါ့အချစ်ကိုလည်း အဆုံးရှုံးမခံနိုင်ဘူး... နင့်ကို ငါရအောင်ယူမယ် မရရင် လည်း ဘယ်သူ့မှမပေးဘူး... နင်တို့ ရမရ စောင့်ကြည့်... ငါပြောပြီးပြီ... ါတို့နှစ်ယောက် တစ်ယောက်ယောက်ရှိရင် ရှုပ်နေတာပဲလေ..."

" နင်..."

" နင်က ရက်စက်မှတော့ ငါလည်း ရက်စက်ရုံပဲ..."

ပြောပြီးတော့ လှည့်ထွက်သွားပါရော

မွေးမှာသာ အံ့သြခြင်းကြီးစွာနှင့် ကျန်ခဲ့ပါပြီ။

မိုးတွေရွဲရွဲစိုနေလို့လား။

ထူးရဲ့တစ်ဖက်စွန်း စကားတွေကြောင့်လား မွေးတစ်ကိုယ်လုံး

တဆတ်ဆတ် တုန်ရင်နေသလိုပါပဲလေ...။ ထူးက ရက်စက်မတဲ့...။ သူဘာလုပ်မလဲ... မောင်နဲ့မွေးကိုဝေးအောင် တစ်ခုခုလုပ်တော့မယ်။ မောင်နဲ့ မဝေးပါရစေနဲ့...။ မွေးကြောက်တယ်။

အိမ်ကို ဘယ်လိုပြန်ရောက်လာတယ် မသိ

" ဟဲ့ မွေး ထီးပါရဲ့နဲ့ ဘယ်လိုဖြစ်ပြီး မိုးမိလာလဲ "

မယုကပင် လှမ်းမေးယူရတယ်။

အဝတ်တွေ အမြန်လဲတဲ့ကြားက ခိုက်ခိုက်တုန်လာသလိုပါပဲ...။ ပြီးတော့ အနွေးထည်ဝတ်ဖို့ ပြင်ဆဲ... ချမ်းလိုက်တာ... သွားပါပြီ ဖျားပြီထင်ပါရဲ့...။

" မယု... မယု "

" မွေး ခေါ်လား "

" မွေးကို အနွေးထည်လေး လာဝတ်ပေးပါလား..."

" ဟဲ့ဘာဖြစ်လဲ..."

မယုဝင်လာပြီး အနွေးထည်ဝတ်ပေးရတယ်။ ချမ်းတာကဖြင့် ခိုက်ခိုက်တုန်နေပါပြီ။

" နင်တော့ ဖျားနေပြီ နေဦး ငါကော်ဖီသွားဖျော်ပြီး ဆေးယူခဲ့မယ်... ရော့... စောင်ခြုံထား "

" မယု... စောင်များများ ခြုံပေးထားပါ... မွေး အရမ်းချမ်းနေပြီ"

မိုးမိတာရော စိတ်ညစ်တာရောနဲ့ ချက်ချင်း လူက မဟန်နိုင်တော့ ပါဘူး။ မယုထွက်သွားပြီး ချက်ချင်းပဲ မေမေ ပြန်ဝင်လာပါတယ်။ မွေး ဖျားလို့ဆို ဆိုပြီးတော့ ကိုယ်ပူလာစမ်းတယ်။

" အင်း... အရမ်းဖျားနေပြီ... မယု ဆေးနဲ့ ကော်ဖီယူလာလိမ့်မယ် သမီး ဘယ်တွေ သွားနေလဲ... မောင်တိုးတိုးလင်းနဲ့ သွားတာလား..."

"ဟုတ်ကဲ့ "

" ဘာလို့ မိုးတွေ သည်လောက်ရွှဲလာရလဲ သမီး ထီးကရော..."

မေမေပြောတော့ မွေးဝမ်းနည်းလာတယ်။

ဒါကြောင့် မေမေ့ကိုဖက်ပြီး မွေးငိုမိပါပြီ။

မွေးကြုံခဲ့ရတာတွေကိုလည်း ပြောပြမိပါပြီ...။ မေမေလည်း မွေးကို ကြည့်ရင်း ဘာလုပ်ပေးရမယ် မသိ တွေးနေပုံပါပဲ။

" သမီးဖေဖေနဲ့ မေမေ တိုင်ပင်ကြည့်ဦးမယ် မောင်တိုးတိုးလင်း မိဘတွေကရော..."

မောင့်အဖေနဲ့ အမေမရှိတော့ပါပဲ အစ်ကိုလင်မယားနဲ့ အတူနေ တာရယ် ထားခဲ့တဲ့အခန်းနဲ့ ငွေကြေးတစ်ချို့အကြောင်း မောင်ပြောသမျှတွေ ပြောပြမိပါတယ်။

" တကယ်လို့ သမီးတို့ လက်ထပ်မယ်ဆိုရင် "

" ရှင်..."

လက်ထပ်မယ်... မွေးကတော့ ချစ်သူဘဝမှာ နေပြီးမှ လက်ထပ်ဖို့ အတော်ကြာမှ စဉ်းစားမှာလေ။ အခုတော့ မေမေက လက်ထပ်ရင်တဲ့...။

" ကဲပါလေ... သမီး ဖေဖေနဲ့ပဲ မေမေတိုင်ပင်မယ် လိုရင် မောင်တိုးတိုးလင်းကိုပဲ ခေါ်မေးရမှာပါပဲ... နေမကောင်းနေတာ အိပ် အိပ်..."

နေမကောင်းတာကတော့ ဟုတ်တယ်

အိပ်လို့ကတော့ မရပါ...။ အတွေးတွေ များပြားလွန်းနေမှ ဘယ်လို အိပ်မလဲ။ မောင်ကတော့ ခုချိန်ဆို အိမ်ပြန်ရောက်နေရောပေါ့...။ ဘယ်လိုများ ဖြစ်နေမလဲ။ မွေးကို နားလည်မယ် ထင်ပါရဲ့လေ...။

မောင်နဲ့ တွေ့ချင်လိုက်တာ

ဒါပေမယ့် မွေး နေမကောင်းဘူး အပြင်ထွက်ဖို့လည်း မလွယ်။

နည်းနည်းသက်သာရင်တော့ မောင့်ဆီ ဖုန်းထွက်ဆက်ဦးမယ်။

◆ ◆ ◆

" ငါဖြစ်စေချင်တာ ဒါမျိုး မဟုတ်ဘူး ဒွန်းကြီး... ငါ့နောက်မှာနေ... ငါရင်ဆိုင်မယ် ဘာမှ ထူးသက်တင်နောက် လိုက်သွားစရာမလိုဘူး..."

ဖြစ်သမျှ ပြောပြမိတယ်

ရင်ထဲမှာ နေလို့ကို ရမှမရတော့တာ...။

မိုးရွာထဲ ပြန်ရောက်လာပြီး ဒွန်းကြီးကို ခံစားရသမျှ ပြောပြမိတာပေါ့။

" သူကလည်း မင်းကို ထူးသက်တင် တစ်ခုခုလုပ်မှာ စိုးလို့လည်း ဖြစ်နိုင်ပါတယ်ကွာ... မင်းရှေ့က ကာရပ်ပေးတယ်ဆိုတည်းက စိုးရိမ်လို့ပဲ... မင်း လွတ်သွားရင် ကောင်းတယ်ဆိုပြီး လိုက်သွားတာမျိုး ဖြစ်နိုင်ပါတယ်"

" ငါကတော့ ငါပဲ ရင်ဆိုင်ပေးချင်တာ "

" ဒါက မင်းဘက်ကခံစားချက်လေ... သူ့ဘက်က ကြည့်တော့... သူ့ကြောင့်ဖြစ်နေတာ... မင်းကို သူကပဲ ဖြေရှင်းပေးချင်တာ နေမှာ "

ဒွန်းကြီးပြောပြတာကြောင့် စိတ်မှာ အနည်းငယ် ပေါ့သွားတယ် ဆိုပေမယ့် ညမွှေးတစ်ယောက် ထူးသက်တင်နဲ့ လိုက်သွားပြီးတော့... အခုရော ဘယ်မှာလဲ...။

ညမွှေးကိုရော ကျွန်တော် မစိုးရိမ်ရတော့ဘူးလား။

" ငါ ရင်ပူနေရသလိုပါပဲ..."

" သူတို့က သူငယ်ချင်းတွေပါ... ပြီးတော့ ဆိုင်သွားရင်လည်း ဆိုင်မှာ တခြားသူငယ်ချင်းတွေရှိသေးတာပဲ... စိတ်ပူမနေပါနဲ့ ငါ့အထင်တော့ ညမွှေးက ရှင်းနိုင်မှာပါ "

" ငါ... သွားတွေ့ချင်တယ် "

" ဘယ်လိုပြောမလဲ သူ့အိမ်မှာ မိဘရှိတယ် မင်းနဲ့ ချစ်နေတာ သိပေမယ့် ဘယ်ကောင်းမလဲ "

" ဦးကောင်းဆီသွားမယ်ကွာ..."

တစ်ဘက်ခန်းသွားရင်တော့ တွေ့ရရင်တွေ့ရနိုင်တာပဲ မဟုတ်လား။

" ကဲပါကွာ... မင်းလည်း မိုးအရမ်းမိထားတာ... ကော်ဖီပူပူလေး သောက်ပြီး နားနေပါ... ဦးလေးကောင်းဆီ ငါသွားလိုက်ပါမယ် "

အင်းလေ

ဒွန်းကြီး သွားမယ်ဆိုလည်း သိသင့်စရာလေးတွေတော့ သိလာနိုင်ပါတယ်ဆို ငြိမ်နေလိုက်တယ် လူကလည်း ပင်ပန်းနေပါပြီ။ အိမ်မှာ ဖုန်းရှိရက်နဲ့ မွေး ဖုန်းဆက် ပြောသင့်တာပေါ့...။

မောင့်ရင်ထဲ ဘယ်လောက် မောနေမယ် မသိဘူးလား ညမွေးရယ်

" ငါသွားမယ် "

" ကြာမနေနဲ့ကွာ "

" ဟကောင်ရ သွားတောင် မသွားရသေးဘူး... မင်းနှယ် အဖြစ်သည်းလှချည်လား... ဒါကြောင့် ငါ ချစ်သူမရှာတာ... မင်းလို ပုံမျိုးတွေ ဖြစ်ရတာ စိတ်မောလွန်းလို့ပါ..."

ကျော်ကျော်ဒွန်းလည်း သနားတော့ သနားပါတယ်။

မိုးဖွဲဖွဲကြား ထွက်သွားပေးရှာပါတယ် ညမွေးကတော့ အိမ်ရောက်လိမ့်ဦးမယ်မထင် မိုးရွာကြီးထဲ ထီးလည်းမပါ... ထူးသက်တင် လက်ဆွဲခေါ်သမျှ မိုးတွေထဲ လိုက်သွားတဲ့ပုံစံသာ မြင်နေတယ်။

ဒါကြောင့် တစ်ယောက်တည်း စိတ်ရှုပ်ထွေးစွာ ဘေးဝရန်တာဆီ ထွက်ခဲ့တယ်။ မိုးအနည်းငယ် စိုစွတ်နေပေမယ့် ရပ်ကြည့်နေမိပြီ။ ဇာဒ်ရွက်တွေကတော့ စိမ်းစိုလန်းဆန်းနေပါတယ်။

လက်ဖက်ရည်ဆိုင်လေးကလည်း ငြိမ်ငြိမ်သက်သက်။

" ညီ... ဝရန်တာမှာ ဘာလုပ်နေလဲ စိုမနေဘူးလား "

" ခဏ ရပ်ကြည့်တာပါ... ကိုကို ဘယ်တုန်းကရောက်လဲ "

" ခုနကပဲ... ဒါနဲ့မင်းကိုမေးရဦးမယ်... မင်းမှာချစ်သူရှိနေပြီလား ကောင်မလေးတစ်ယောက်နဲ့ ငါ တွေ့လိုက်တယ် "

" ဟုတ်တယ် ကိုကို..."

" ဘယ်ကလဲ "

ညမွှေးအကြောင်း ပြောပြလိုက်ပါတယ် ကိုကိုစိတ်ပူမှာ စိုးရိမ်လို့ ထူးသက်တင်အကြောင်းတော့ မပြောပဲ ချန်ထားတာပေါ့လေ...။

" ရိုးရိုးသားသား မိသားစုဖြစ်ရင်ရယ် မင်းက ချစ်ရင်ရယ် ပြီးတာပါပဲ... လက်ထပ်တော့မယ်ဆိုလည်း ပြောလေ... ငါနဲ့ မနန်း... ဒဂုံကအိမ်ကို ပြောင်းမယ် "

" ဒဂုံကအိမ် "

" အင်းလေ... ဒဂုံက ကိုတင်ဝင်းအိမ်ကို ကိုကိုယူထားတယ်... အဲသည့်မှာ သွားနေမယ်... မင်းလက်ထပ်ပြီး သည်မှာပဲ လွတ်လွတ်လပ်လပ် နေပေါ့..."

" မဟုတ်တာကိုကိုရာ... ကျွန်တော်တို့ လက်ထပ်ပြီးရင် ကိုကိုတို့နဲ့ပဲ အတူနေမှာပါ... ဒွန်းကြီးကိုတောင် ထပ်ခိုးပေါ်တက်နေဖို့ပြောပြီးသား..."

" မင်း ကောင်မလေးသဘော ရှိသေးတယ် "

" ရပါတယ် ညမွှေးက ကျွန်တော့်သဘောပါ "

ကျွန်တော့်စကားကြောင့် ကိုကိုရယ်တယ်

" တယ်ဟုတ်ပါလား ညီရဲ့... အေးပါကွာ... မင်းလည်း အိမ်ထောင်ပြုမယ်ဆို ပြုသင့်ပါပြီ... စာရေးတဲ့အလုပ်လည်း အောင်မြင်နေပြီ... ပြီးတော့ ရထားတဲ့အမွေနဲ့လည်း တစ်ခုခု အလုပ်လုပ်ချင် ရနေပါပြီ... ဒါမှမဟုတ် ငါ့ဆိုင်မှာ လာရှယ်ယာဝင်လည်း ရတယ် "

ကိုကိုကတော့ အမွေတွေခွဲပြီးတည်းက... ဆေးဆိုင်တစ်ဆိုင် ဖွင့်လိုက်တာ တော်တော် ကြီးကျယ်နေပါပြီ...။ ကျွန်တော်ကသာ ဝါသနာပါတဲ့ ဆောင်းပါးတွေ ဝတ္ထုတွေ ဂျာနယ်တွေနဲ့ လုံးနေတော့တာ...။

" ဘာမှ ပူပန်စရာမရှိဘူး... ယူသာယူ... လိုက်တောင်းပေးရမယ်ဆို ပြော... အချိန်မရွေးပဲ "

" ကိုတို့များ ညီမိန်းမယူဖို့ မြှောက်ပေးနေပြန်ပါပြီ "

ညမွှေးကို ဝေးဝေးမှာထား ရင်မောနေရတာနဲ့ စာရင်... လက်ထပ်လိုက်ရင် အတူရှိနေတော့မှာ။

အဲဒါ မကောင်းဘူးလား။

ကိုကို့ကိုတော့ ညမွှေးက ကျွန်တော့်သဘောပါလို့သာ ပြောတာ...

လက်ထပ်ကြရအောင် ညမွှေးရယ်လို့ ကျွန်တော် ပြောရင် ဘယ်လိုများ ပြန်ပြောမှာပါလိမ့်။

ခုတော့ သိချင်လှပါပြီ။

◈ ◈ ◈

အဖွားက မုန့်ဟင်းခါးစားမယ် တဂျီဂျီပြောနေလို့ အပြင်ထွက်
မုန့်ဟင်းခါးဝယ်ကျွေးတာ။ မေမေကတော့ မွေး အဖျားသွေး ရှိသေးတာ
မိုးမိမယ်... မပေစမ်းနဲ့ဆိုပြီး ဆူနေခဲ့တာပါ...။ အနွေးထည်ထူထူ
ဝတ်လာတာတောင် မိုးလေတစ်ချက်တိုက်လိုက်ရင်... စိမ့်နေသလိုပါပဲလား

အဖွားကို မုန့်ဟင်းခါးမှာကျွေးပြီး မွေးကတော့ ကော်ဖီပူပူ
တစ်ခွက်ပဲ မှာသောက်လိုက်ပါတယ်

" ဟဲ့မွေး..."

" မဃု... ဈေးသွားမလို့လား "

" နင့် လိုက်ရှာတာ... အိမ်မှာ အန်တီလွင်နဲ့ ထူးသက်တင်
ရောက်နေတယ် နင့်ကို လာတောင်းတာတဲ့..."

" ရှင်..."

" သွား... နင်ပြန်ချေတော့ အဖွားကို ငါခေါ်လာခဲ့မယ်..."

ခုချိန်မှာတော့ မိုးသက်လေရဲ့ အေးမြမှုလည်း မွေး
သတိမထားနိုင်တော့ပါဘူး...။ အိမ်အရောက် အမြန်ပြန်ခဲ့ရတယ်
ဟုတ်တာပဲ... အဲဒါ အန်တီလွင့်ကားပါလား။ အိမ်ပေါ်တက်မယ်လို့
ဖိနပ်ချွတ်နေတုန်းမှာတော့...။

" ပြောရမှာလည်း အားနာပါတယ် နားနဲ့မနာ ဖဝါးနဲ့နာဆိုသလို...
သူတို့နှစ်ယောက်က ညဘက်တွေ ဆိုင်မှာ အတူတူဆင်းရင်းက..."

နေရာမှာတောင် မွေး ယိုင်သွားမိတယ်

ခေါင်းတွေလည်း အကြီးကြီးလိုကို ဖြစ်သွားတာပါပဲ။

ပြောရက်လိုက်တာ။ မွှေးအံ့ဩရပါပြီ... ထူးသက်တင်နဲ့ မွှေးနဲ့က
ဘက်တွေ အတူတူ အလုပ်ဆင်းရင်း ငြိစွန်းသွားကြပြီးသားတဲ့။
ဓိပ္ပါယ်မရှိ။ ဒါဟာ ထူးသက်တင်က ပြောလို့သာ အန်တီလွင့် နှုတ်ဖျား
ရောက်သွားသလား ဒါမှမဟုတ် အန်တီလွင်ကပဲ လုပ်ကြံဇာတ်
င်းပေးသလား...။

" အို... မဖြစ်နိုင်တာ... မွှေးသည်လောက် မမိုက်မဲဘူး... ကျွန်မသမီး
ကျွန်မယုံတယ် လွင်လွင်... သမီးက ဘယ်တော့မှမညာဘူး... သူ ဘာဖြစ်ဖြစ်
ကျွန်မကို အမှန်အတိုင်း ပြောနေကျပါ... ပြီးတော့ မောင်ထူးနဲ့
လောက်ရင်းနှီးပြီးပြီဆိုရင် ဘာမှ မောင်တိုးတိုးလင်းကို သူ့ကိုချစ်သူအဖြစ်
ရွေးချယ်မှာ မဟုတ်ဘူး... မဖြစ်နိုင်ပါဘူး.."

ကျေးဇူးတင်ပါတယ် မေမေ... အရမ်းကျေးဇူးတင်ပါတယ် မွှေးကို
ယုံကြည်ပေးဖော်ရလို့ပါ မေမေ့ယုံကြည်မှုက အမှန်တရားတွေပါ မေမေ။

" လွင်တို့ဘက်က ယောကျ်ားလေးရှင်လေ... မိန်းကလေး
နစ်နာရအောင် မိသားဖသားပီပီ လာတောင်းတာကို လက်ခံသင့်တာပေါ့...
ငြိစွန်းပြီးမှ ရှောင်သွားတဲ့လူမျိုး မဟုတ်တာကို ခင်ခင်တို့ နားလည်
လက်ခံပေးရမှာ..."

" နေဦး ဒေါ်လွင်... ကျွန်တော်တို့က သားသမီးတွေရဲ့ အိမ်ထောင်
ရေးကို သူတို့ဘာသာပဲ ဆုံးဖြတ်ခွင့်ပေးထားတယ်... သမီးဟာ တကယ်ပဲ
မောင်ထူးနဲ့ ခုလိုအခြေအနေအထိရှိတယ်ဆို မိဘကိုဖွင့်ပြော လက်ထပ်မယ့်
ကလေးမျိုးပါ... သည်တော့ သမီးရဲ့စကားကို ကြားချင်သေးတယ် "

ဖေဖေနဲ့ မေမေ မေတ္တာအတွက် မွှေးဝမ်းသာမဆုံးပါ။ ဒါကြောင့်
ခု ရှင်းမှဖြစ်မယ် မဟုတ်ရင် အားလုံး ရှုပ်ကုန်တော့မယ်လေ...။ ဒါကြောင့်
ဧည့်ခန်းထဲကို မွှေးဝင်လိုက်ပါတယ်...။ အားလုံးရဲ့ အကြည့်တွေက
မွှေးဆီမှာပါ...။

မွှေး ဘယ်သူ့မှ မကြည့်ပဲ ထူးရှေ့မှာ ဝင်ထိုင်လိုက်တယ်။
ပြီးတော့မှ ထူးသက်တင်မျက်နှာကို စေ့စေ့ကြည့်ပြီး မေးလိုက်တယ်။

" သည်စကားကို နင်ပြောသလား "

ပြောလေ ပြောရင်ပြောတယ်ပေါ့ ယောကျ်ားပဲ ပွင့်ပွင့်လင်းလင်း ဝန်ခံလိုက်စမ်းပါ...။ ပြော ပြောတယ်ပေါ့...။ ခုတော့ အရုပ်တစ်ရုပ်လို မလှုပ်မယှက်နဲ့... မွေးကို မကြည့်ရဲသလို မျက်ဝန်းမလွှဲနဲ့။

" နင့်ကိုငါ သူငယ်ချင်းအဖြစ် ထာဝရခင်မင်ချင်တယ်လို့ ထပ်ခါတလဲ ပြောခဲ့တယ်... မရဘူး... သည်တစ်ခါ နင်သုံးလိုက်တဲ့နည်းက စိတ်ဓာတ်ညှိုးဖျင်းလှချည်လား... သူငယ်ချင်းတစ်ယောက်အဖြစ်တောင် လက်ခံချင်စရာ မရှိတော့ဘူး "

" ငါ့ကိုလက်ထပ်ပါ မွေး "

" သည်လောက် ပြောနေတာတောင် မရဘူး... ငါနဲ့ ကိုတိုးတိုးလင်း လက်ထပ်တော့မယ်... နင် ခုလိုညှိုးဖျင်းတဲ့ စိတ်ဓာတ်တွေပြင်ပါ..."

" နင် ဟိုလူနဲ့ လက်မထပ်ရဘူး..."

" ငါချစ်သူကို ငါလက်ထပ်တာ ဘာဖြစ်လဲ... နင့်ကိုငါ တစ်ခါတည်း ပြောလိုက်မယ် ဆိုင်က ငါ့ရှယ်ယာပြန်ထုတ်ပေးပါ... ငါအဲသည့်ဆိုင်မှာ မလုပ်တော့ဘူး..."

ပြတ်သားမှ ဖြစ်တော့မယ်

ထူးက ညစ်ပတ်သည်ထက် ညစ်ပတ်လာပြီ လူကြီးတွေရှေ့မှာတောင် မဟုတ်မမှန်တွေ ပြောရဲလာပြီ...။ စိတ်ပျက်စရာကောင်းလိုက်တာ။ ထူးသက်တင်က မွေးကို စူးစိုက်ကြည့်လာပြန်တယ်။

" နင်လည်း နင်လုပ်ချင်ရာ နင်လုပ်ရင် ငါလည်း ငါလုပ်ချင်ရာ ငါလုပ်ရုံပေါ့..."

ပြောပြီးတာနင့် ထွက်သွားပြီ အန်တီလွင့်ခများတော့ သူ့တူ သူမနိုင်ပါပဲ ဟဲ့ကောင်လေး ဘယ်လဲဆိုပြီး မေမေတို့တောင် နှုတ်မဆက်နိုင်ပါပဲ လိုက်သွားရတော့တာ...။ မွေးနေရာမှာပဲ ထိုင်ရင်း စိတ်ရှုပ်ရပြီ..။ ဖေဖေနဲ့မေမေ ဘာပြောမလဲ။

" သမီးနဲ့ မောင်တိုးတိုးလင်းက လက်ထပ်တော့မှာလား..."

" သမီးတို့ တိုင်ပင်နေတုန်းပါ..."

" ကဲ ကဲ မွေးလည်းဖျားနေတယ် နားလိုက်ပါ ဖေဖေနဲ့ မေမေ တိုင်ပင်ဦးမယ်..."

" ထူးသက်တင် ပြောတာတွေက အမှားတွေပါ... ကိုတိုးတိုးလင်းနဲ့ သမီး တွေ့စတည်းက ထူး သည့်လိုမျိုး ဆိုးဝါး လာတော့တာပါပဲ..."

ထူးသက်တင်ပြောသမျှ စကားတွေကို ပြန်ပြောပြမိတယ် ကိုတိုးတိုးလင်းကို ရန်ပြုလေမလားရယ်လို့... မွေး အမြဲ ပူပန်နေရတာတွေရယ် မွေးတို့ လက်ထပ်လိုက်တာ ကောင်းမလားလို့ တွေးရတာတွေရယ်ကို ပြောပြလိုက်တယ်။

" မောင်ထူး သည့်လောက် ဦးနှောက်မမဲ့ဘူးလားလို့ပဲ "

" ဒါပေမယ့် ပြောသွားတယ်လေ သူလည်း သူလုပ်ချင်ရာ လုပ်မယ်တဲ့... ဘာလုပ်မလဲ... မထင်နဲ့နော် တစ်ချို့က မစားရတဲ့ အမဲ သဲနဲ့ပက်ဆိုတဲ့လူမျိုးလည်း ရှိတယ်..."

" စဉ်းစားသေးတာပေါ့... သည်ရက်ထဲ သမီးဆိုင်မသွားနဲ့ဦး..."

တစ်ခုတော့ ထူးသက်တင်ကို ကျေးဇူးတင်ရမယ်။ ဖေဖေနဲ့ မေမေပါသိသွားတော့ သည်ကိစ္စကို ရှင်းရလွယ်ကူသွားပြီပေါ့...။ အဖျားတွေတောင် ပိုတက်သွားသလို ခေါင်းတွေလည်း ပိုကိုက်လာတယ်...။ မောင်နဲ့ တွေ့ချင်လိုက်တာ... မောင့်ကို ပြောပြချင်မိတယ်။

ခုချိန် အနားမှာ မောင်ရှိရင် သိပ်ကောင်းမှာပါပဲ။

တွေ့ချင်နေမိတယ်။

◈ ◈ ◈

ဒွန်းကြီး ပြန်မလာသေးတော့ မျှော်နေဆဲ

တံခါးခေါက်သံ... ဒွန်းကြီးပဲလို့ ဝမ်းသာအားရဖွင့်လိုက်တာ... ပံသုကိုမြင်တော့ ကျွန်တော် အံ့ဩရပြီ။ ပံသုနှင့် ကျွန်တော် အရမ်းခင်တဲ့ သူငယ်ချင်းပေမယ့် သူ့ဆီသာ ကျွန်တော်သွားတာ များတယ် သူက လာခဲပါဘိ။

" ပံသု..."

" ဖိုးတိုး... မင်းအားလား "

" ရတယ် လက်ဖက်ရည်ဆိုင်သွားတာပေါ့ မနန်း ဒွန်းကြီး ပြန်လာရင် လွှတ်လိုက်ပါ..."

ပံသုနှင့် လိုက်လာခဲ့တယ်။

" မင်း ဘာဖြစ်လာလဲ "

" ငါ ဘာဖြစ်လာလဲ ခဏထားပါ... မင်းနဲ့ ထူးသက်တင်ချစ်သူ ကောင်မလေးနဲ့ ကြိုက်နေတယ်ဆိုတာ တကယ်လား..."

ညမွှေးနှင့်ကျွန်တော့်အကြောင်း ပံသုဆီတောင် ရောက်သွားပါရော ကျွန်တော်ကလည်း ခုနောက်ပိုင်း ပံသုနှင့်က အဆက်ပြတ်သလို ဖြစ်နေ လေတော့... ညမွှေးအကြောင်း မပြောမိ။ ခုမှပဲ ညမွှေးနဲ့ဆုံကြပုံတွေနဲ့...

" မင်းကသာ အဲလိုပြောနေတာ... ထူးသက်တင်က ချစ်သူတော့ မဟုတ်ဘူး သူတို့က ညဘက် ဆိုင်မှာနေတော့ ငြိစွန်းပြီးပြီတဲ့ "

" ဘာ "

" အဲဒါပေါ့ တိုးတိုးလင်းရာ... သူတို့က အဲလောက်ရင်းနှီးပြီးလို့ လက်ထပ်ဖို့ ပြင်နေတုန်း မင်းက ဖြတ်လုသွားသလိုလို... ခက်တာက

ပူပြောတာကို ငါကလွဲပြီး ကျန်တဲ့လူတွေက ယုံတယ် ငါကတော့ ကိုးတိုးလင်းဆိုတည်းက အံ့သြသွားပြီး မင်းစိတ်ဓာတ်ကို သိနေလေတော့ မယုံပါဘူး... ဒါပေမယ့် အဲသည့်ကောင်မလေးက သူနဲ့ တွဲနေတာ ကြာလှတော့ ဘယ်လိုဖြစ်လဲ သိချင်လာတယ် သူတို့ ငြိစွန်းပြီးပြီဆိုရင်တော့ မင်းနောက်ဆုတ်ပေးလိုက်ပါတော့..."

သက်ပြင်းရှိုက်ရပြီ

ဒါဟာ ထူးသက်တင်ရဲ့ ခြေတစ်လှမ်းပဲနေမယ် ညမွှေးကို မေးကြည့်သင့်တယ်။ ဒါပေမယ့် ခုလောက်ထိပြောလာတာတော့ ညမွှေး နာမည်ပျက်တာပေါ့...။ မိန်းကလေးတစ်ယောက်ကိုချစ်တယ်ဆို သည် မိန်းကလေး သိက္ခာကျ ထိခိုက်နစ်နာမယ့် စကားတွေ ရှောင်သင့်ပါလျက်...။

ခက်တာပဲ...။

" မော်ထွန်းတို့ကတောင် မင်း မိုက်ရိုင်းတယ်ပေါ့ ငါကတော့..."

ပံသုကို ညမွှေးနှင့်ချစ်တည်းက ထူးသက်တင် ပြောတဲ့ ကြမ်းတမ်းသော စကားတွေကအစ ရှင်းပြမိတယ်။ ညမွှေးနှင့် တွေ့ချင်မိတယ်...။ တွေ့ရင်ကော... ထူးသက်တင်ပြောတဲ့ စကားတွေအရဆို ညမွှေးရဲ့ သိက္ခာကို ထိခိုက်နေတာ။ ချစ်သူ့နှုတ်ဖျား စကားမှလွဲ၍ ကျွန်တော် နားမထောင်ချင်ပါဘူး...။

" ခုပုံစံအရဆို မင်း ကြည့်နေဦး... ထူးသက်တင်ဟာ ဘယ်လိုလူလဲ မသိဘူး... တော်ကြာ မင်းကို တစ်ခုခု ဒုက္ခပေးနေမယ် "

" ညမွှေးကလည်း ငါတစ်ခုခုဖြစ်မှာကို လန့်နေတာ... ဂရုစိုက်ပါမယ်... သတိရှိရှိ နေမယ်ကွာ ငါတော့ သိပ်မကြောက်ပါဘူး "

" ဟာ... လာ ဒွန်းကြီး "

ဒွန်းကြီးပြန်လာပြီ ...။

ပံသုရှေ့မှာတင်ပဲ ဦးလေးကောင်းတို့ဆီ ဒွန်းကြီးလိုက်သွားတာရယ် ပံသုလာတဲ့အကြောင်းရယ် ပြောပြမိတယ်။

" ထူးသက်တင် ခြေလှမ်းကျဲနေပြီ ဖိုးတိုး..."

ဦးလေးကောင်း ပြောပြသည့် အကြောင်းတွေ သိရတယ်…။ ကျွန်တော့်ရင်ထဲ ပူသွားရတယ်။

" မင်း စိတ်မကောင်းတော့ မဖြစ်နဲ့ ဖိုးတိုး… ထူးသက်တင်ရဲ့ ညမွေးက တကယ်ကော လွတ်ရဲ့လားဆိုတာ သေချာ ပြန်စုံစမ်းသင့်ပြီ… မိဘထိ လာဖွင့်ပြောပြီး တောင်းဟာနော်… "

" ညမွေးက ဘယ်လိုပြန်ဖြေရှင်းလဲ "

" ဦးလေးကောင်းလည်း သေချာသိပုံမရဘူး… ထူးသက်တင်က လူကြီးတွေနဲ့ လာတောင်းတယ် ပန်းညမွေးနဲ့ သူငြိစွန်းပြီးပြီမို့ပါပေါ့… "

" ညမွေး ဘယ်လို ပြန်ရှင်းသလဲ ငါသိချင်တယ်… "

" ဆိုင်လည်း မသွားတော့ဘူးလို့ ပြောတယ် "

ဒွန်းကြီးကလည်း ရေရေရာရာ သေသေချာချာမပြောနိုင်ပါလား။ ဘာလုပ်ရမှာပါလိမ့်။ ခုနေမှာ ညမွေးရဲ့ အိမ်ကို သွားတွေ့လို့လည်း မကောင်း…။ ဖုန်းဆက်ရင်ကော

" ငါဖုန်းဆက်ချင်တယ် "

" သူတို့ခြေရင်းက အခွေငှားတဲ့ဆိုင်က ဖုန်းနံပါတ် ဦးလေးကောင်းဆီက တောင်းခဲ့တယ် ခေါ်ခိုင်းတဲ့… "

" ကျေးဇူးပဲ "

ညမွေးဘက်က ဆက်သွယ်လာမှာကို စောင့်မနေချင် ဒါကြောင့် ဖုန်းဆက်ဖို့ စဉ်းစားတယ်။ ဒါကြောင့် ပံသုနှင့် ဒွန်းကြီးကို ထားခဲ့ပြီး ချက်ချင်း ဖုန်းဆက်ဖို့ ပြင်တယ်။

" ပန်းညမွေးကိုလား ဘယ်သူလို့ ပြောရမလဲ "

" သူ့ဆီမှာ ဆောင်းပါးရိုက်ဖို့ အပ်ထားတယ် ခုနှစ်လွှာကလို့ ပြောပေးပါ… "

နာမည်လည်း မပြောရဲ။ စောင့်ရတဲ့အချိန်က ခဏလေးပေမယ့် ရင်ထဲ ထိတ်နေသလိုပါပဲ…။

" ပန်းညမွေးပါ… မောင်လားဟင် "

" အင်း... ညမွှေး... တွေ့ချင်တယ် ပြောစရာတွေရှိတယ် "

" မိုးသည်းနေတယ်... မွှေး ဖျားနေတာ မိုးတိတ်အောင်စောင့်မှ မယ်... ဒါမှမဟုတ် မွှေး ဖျားနေတယ်ဆိုလို့ လာမေးတာဆို မောင် မိမ်လာခဲ့ပါလား ဖေဖေနဲ့ မေမေ သိနေပါပြီ... ရိုးသားစွာ လာတွေ့တာ ကောင်းပါတယ်... "

" ဒါဆို မောင်လာခဲ့မယ် စောင့်နေနော် "

" မိုးစဲမှလာပါ မောင်လည်း မိုးမိနေပါ့မယ် နေကောင်းအောင်နေဦး"

ချစ်သူ့အသံကို ကြားရမှ စိတ်မှာ နေသာသွားသလိုပါပဲ။ အိမ်ကို ရိုးသားစွာသာ လာခဲ့ပါဆိုမှတော့ တစ်ဖက်မှာ အခက်အခဲတစ်ခုခုတော့ ရှိဟန်မတူ။ ဒါကြောင့် ပံသုနဲ့ ဒွန်းကြီးကို မွှေးဆီသွားမယ့်အကြောင်း ပြောပြရပြန်တယ်။

" ထူးသက်တင်နဲ့ ပန်းညမွှေးတို့ ရိုးသားပါတယ်ဆိုတာ မင်း ယုံရဲ့လား "

" ယုံမှကောင်းမယ်... တော်ကြာ... မင်းစိတ်မှာ... သည်အကြောင်း ကို စွဲနေရင်... မင်းတို့ချစ်သူဘဝမှာ ထူးသက်တင် ဘယ်လို နှောင့်ယှက်မယ် မသိဘူးနော် "

" ငါ့ချစ်သူကိုမှ ငါမယုံရင်လည်း မချစ်သင့်တော့ဘူး... ညမွှေးကို ငါယုံကြည်ပါတယ်... သူနဲ့ ထူးသက်တင် ခင်မင်တာလည်း အိမ်ကသိတာပဲ ထူးသက်တင်နဲ့ မရိုးသားခဲ့ရင် ငါနဲ့ချစ်ကြောင်း သူ့အိမ်ကို ရိုးသားစွာ ဖွင့်ပြောရဲမှာ မဟုတ်ပါဘူး ညမွှေးကို ငါယုံကြည်ပါတယ်..."

" ဒါဆိုရင်တော့ ထူးသက်တင်ကို ဂရုစိုက်ရင်း ရှေ့ဆက်ပေတော့..."

မောင်တို့ ရဲရဲ ရှေ့ဆက်လျှောက်ကြတာပေါ့ ပန်းညမွှေးရယ်။

◈ ◈ ◈

မွေးရင်တွေ တထိတ်ထိတ်ပါပဘဲ။

မောင်က ပြောစရာစကားတွေ အများကြီးရှိသတဲ့။ ဘာတွေပါလိမ့် ထူးရဲ့ စိတ်ကိုလည်း မွေးလန့်နေသလို ခံစားရတယ်။ ဘာလို့များ မဟုတ်တာတွေ လျှောက်ပြောတာပါလိမ့်...။ မေ့သွားတယ်။ မောင် အပြင်ထွက်ရင် ထူးကိုလည်း သတိထားဦးလို့ မပြောလိုက်ရပါလား...။ ထိုင်နေရင်း စိတ်ပူနေမိတယ်။

" မွေးရေ... ညှို့သည် "

မယု ခေါ်သံကြောင့် ပြေးထွက်လာမိတော့ မောင့်ကို မြင်ရတယ်...။ မွေး ဝမ်းသာရတာပေါ့...။ ဖေဖေက စာဖတ်နေရာက လှမ်းကြည့်ပါတယ် မေမေ့ကိုတော့ ညှို့ခန်းမှာ မတွေ့ပါဘူး...။

" ကိုတိုးတိုးလင်း... ဝင်လေ..."

" ပန်းညမွေး ဖျားနေတယ်ဆိုလို့... ဦးလေးသောင်းရော ရှိလား"

" ဖေဖေ ကိုတိုးတိုးလင်း လာနေတယ် "

" ဪ လာ လာ... မိုးက အရမ်းသည်းနေတော့ အပြင်လည်း မထွက်ရနဲ့ စာပဲ ဖတ်နေရတယ်... မင်းတစ်ယောက်တည်းလား "

" ဟုတ်ကဲ့ ခင်ဗျ... ပန်းညမွေး ဖျားနေတယ်ဆိုလို့ အဖွားရော..."

" အဖွားဖို့ပဲ မုန့်ဝယ်လာတာလား... မွေးဖို့ရော "

မောင်ရယ်နေတယ်။

စိတ်ဆိုးပုံတော့မရပါဘူး။ စကားတွေပြောချင်တယ်ဆို ဘာတွေပြောမလဲ... မွေး နေမကောင်းတဲ့ကြားက အပြင်ထွက်မယ်ဆိုလည်း

မကောင်းဘူး...။ ပြောမည့်စကားတွေက ဖေဖေတို့ရှိတော့ ပြောပ့ါမလား..။
" မင်း အပြင်မှာရောက်နေတယ်လို့ မယုလာပြောလို့ ကော်ဖီသောက်ဦး "
" အန်တီ အလုပ်ရှုပ်ရပြီ..."
" ရတယ် ရတယ်..."
မေမေပါ အနားရောက်လာပြီလေ...။
" ဘာပြောမလို့လဲ..."
မောင်က ဖေဖေနှင့် မေမေ့ရှေ့မို့ ထင်တယ် ဘာမှမပြောပါပဲ နေကောင်းအောင်နေမှပေ့ါ ဆေးခန်းသွားလား... စတဲ့ စကားတွေပဲ ပြောနေတယ် မွေး စိတ်ရှုပ်ရတယ် ဘာတွေဖြစ်နေလဲ သိချင်တယ် ထူးနဲ့သူ့အဒေါ် အိမ်လာပြီး မဟုတ်တာတွေ ပြောသွားတာလည်း မောင့်ကို ပြောပြချင်မိတယ်...။
" ကိုတိုးတိုးလင်း အပြင်သွားရင် ဂရုစိုက်နော် မွေး စိတ်မချဘူး"
" ဂရုစိုက်ပါတယ်... ထူးသက်တင်က ဘာပြောလို့လဲ "
သည်တော့ မေမေက ထူးသက်တင်အဒေါ်နှင့် မွေးကို လာတောင်းသည့် အကြောင်း ပြောပြပါတယ် မွေးလည်း လုပ်ချင်ရာလုပ် သူလည်း လုပ်ချင်ရာလုပ်မယ်ဆို ပြန်သွားတာရောပေ့ါ...။
" မွေးနဲ့ထူးက တစ်သက်လုံး အခင်မင်ဆုံး သူငယ်ချင်းအဖြစ် နေလာတာပါ... သူ သည်လောက်ထိ စိတ်ဓာတ်ညံ့မယ် မထင်ဘူး "
" သူကလည်း ညမွေးကို တစ်နေ့ ပိုင်ဆိုင်ရမယ် သေချာပေါက် ထင်ခဲ့ရာက အမှတ်မထင် ဖြစ်သွားတော့ အရမ်း စိတ်ဆိုးသွားလို့ နေမှာပါ... ခွင့်လွှတ်လိုက်ပါ ညမွေးရယ်..."
" ရှင်က ခွင့်လွှတ်နေ ဟိုက ဘယ်လို ကြမ်းပြမယ်မသိဘူးနော်..."
" ကျွန်တော် ဂရုစိုက်ပါမယ်..."
ဖေဖေကတော့ ခဏနေမှာ မောင့်ကို မိဘတွေအကြောင်း မေးပါလေရော။ မောင်က အစ်ကိုနှင့်နေသည့် အကြောင်းနဲ့... တကယ်လို့များ

လက်ထပ်တော့မယ်ဆို အစ်ကိုကပဲ မိသားဖသားပီပီ လာတောင်းပေးပါ
မယ်လို့ ပြောပါတယ်။

" သမီးတို့က လက်ထပ်တော့မယ်လို့ ရည်စူးထားတာလား "

" မွေးတို့ လက်ထပ်တော့မယ်လို့တောင် မတိုင်ပင်နိုင်သေးပါဘူး
မေမေရယ်... ထူးက ကိုတိုးတိုးလင်းကို ရိုက်မယ် သတ်မယ်နဲ့ သမီးမှာ
စိတ်ရှုပ်နေရတာက များနေတာပါ..."

အပြင်ထွက်ပြီး မောင်နဲ့ အေးအေးဆေးဆေး စကား ပြောချင်တယ်
ဖျားနေပါလျှက် မိုးရွာကြီးထဲထွက်ရင် မေမေဆူလိမ့်မယ်။

" မင်းတို့ လက်ထပ်မယ်ဆိုရင် မင်း ဘာတွေ စီစဉ်မလဲ "

ဖေဖေ့အမေးကြောင့် ညမွေး အံ့သြစွာဖြင့် ကြည့်နေမိပါပြီ...
မောင်ကတော့ ဖေဖေတို့ မေမေတို့ သဘောတူတယ်ဆို အစ်ကိုတို့နဲ့
လာတောင်းမယ်တဲ့ လောလောဆည် သူတို့ တိုက်ခန်းမှာ နေလို့ရသည့်
အကြောင်းနဲ့ သူ့အလုပ်အကိုင်အကြောင်း မွေးကို ရာသက်ပန် ရိုးသား
ကြိုးစားစွာ ဦးဆောင်ပါမည့်အကြောင်းတွေ ပြောတယ်။

မောင့်ကြည့်တော့ မသွက်လက်လိုက်တာ... ခုတော့လည်း
စကားပြောတာ ဖြူးလို့။

" ကောင်းပြီလေ... ခင်ခင် ဒါဆိုရင် မင်း နေ့ကောင်းရက်သာ
ရွေးလိုက် မောင်တိုးတိုးလင်းကို ပြောပြပြီး လာတောင်းခိုင်းလိုက်...
မိန်းကလေးတစ်ယောက် ဆိုတာ ဘဝခရီးမှာ နာမည်ပျက်လို့မကောင်းဘူး...
ဟိုကောင်လေးက ကြည့်ရတာ ငြိမ်ငြိမ်သက်သက်နေမှာ မဟုတ်ဘူး...
မင်းတို့နှစ်ယောက်လုံး ဘဝမှာ အတူလက်တွဲလျှောက်ဖို့ ရည်ရွယ်ရင်
ဖေဖေ့သဘောက အမြန်လက်ထပ်ပြီး ချစ်ချစ်ခင်ခင်နေကြပေါ့..."

" ဟုတ်ကဲ့ ဦး ..."

" ဟာ ဖိုးတိုး ရောက်နေတာလား... မင်းက ခုတော့ ငါ့အခန်း
တောင် မလာဘူးပေါ့လေ... အစ်ကို... လမ်းထိပ်က ဦးဝေအောင်
လေဖြတ်နေတယ် သွားမေးချင်လို့ ခဏလိုက်ခဲ့ပါ..."

" လေဖြတ်တာသွားမေးတဲ့ ရှင်တို့ညီအစ်ကိုလည်း နွေးနွေးထွေးထွေး
သွားကြပါဦး... မိုးက တစိမ့်စိမ့်နဲ့... မွေး... အနွေးထည်ထူထူဝတ်စမ်း...
င့်အဖွားတော့ ချမ်းလို့ဆို ဂွမ်းစောင်နဲ့ အိပ်တယ် တော်ကြာဖျားဦးမယ်..."

ဖေဖေက ဦးလေးကောင်းနဲ့လိုက်သွားပြီး မေမေကတော့ စကားပြော
ကြဦးဆို မီးဖိုထဲဝင်သွားတယ်။

အုံ့ညြှိုဖွယ်ကောင်းတာက... မောင်နှင့် အမြန်ဆုံးလက်ထပ်ဖို့
ဖေဖေသဘောတူလိုက်တာပါပဲ။

" မောင် ခုနက ဖေဖေတို့ရှိလို့ ပြောစရာရှိတယ်ဆို ဘာလဲ "

" ပံသုရောက်လာတယ်..."

မောင် ပြောပြတော့ သဘောပေါက်ပါတယ် လူကြီးတွေရှေ့တောင်မှ
မွေးနှင့် ငြိစွန်းနေပါတယ် လက်ထပ်ပေးပါ ပြောရဲတဲ့ သူပဲလေ...။ ရှယ်တူ
မပေါင်းအသင်းတွေကြား မပြောရဲပဲရှိမလား...။ ထူး ရက်စက်တယ်။

" မွေးကို မောင် ယုံကြည်ရဲ့လား... မွေးတို့ရိုးသားစွာ သူငယ်ချင်း
ဖြစ် နေခဲ့တာပါ... ပြီးတော့ မွေးကို လက်ထပ်ချင်တာရော
သချာရဲ့လား..."

" ညမွေးကို မောင် မယုံကြည်ရင် ခုလိုတောင် လာတွေ့စရာ
အကြောင်းမရှိဘူး... မောင် နားလည်ပါတယ်... လူကြီးတွေတောင်
သဘောတူမှတော့ မောင်တို့ အမြန်ဆုံး လက်ထပ်ကြမယ်..."

" မောင် ဂရုစိုက်နော် "

" စိတ်ချပါ မောင့်တစ်ယောက်တည်း ပြောမနေနဲ့ ညမွေးလည်း
ကိုယ့်ကိုယ်ကို ဂရုစိုက်... လက်ထပ်ဖို့ ပြင်ဆင်နေတဲ့ အချိန်မှာ မောင်
ပါပဲ ဘယ်မှမသွားနဲ့နော်... ဟုတ်လား "

" ဟုတ်ကဲ့ "

မောင်ပြန်တော့မယ်ဆိုတဲ့ အခါမှာတော့... စိတ်မချပေမယ့်
တတ်နိုင်။ အမြန်ဆုံး အတူနေလိုက်တာပဲ ကောင်းမှာပါလေ။

◈ ◈ ◈

" ဒါဆို လာမယ့် ဆယ့်ငါးရက်မှာ မင်းတို့လက်မှတ်ထိုးမှာပေါ့ ဟုတ်လား..."

ကိုကျော်ကျော်ဒွန်းက မေးတယ်။ မောင်နှင့်မွေးကတော့ ဖေဖေနှင့် မေမေ့ဆီမှာ မောင့်အစ်ကိုတို့ လာတောင်းပေးပြီး လက်မှတ်ထိုး လက်ထပ်ပြီးရင် မင်္ဂလာဆွမ်းကျွေးလိုက်မယ်လို့ပဲ အားလုံး ဆုံးဖြတ်လိုက်တာကို...

" အင်းလေ... မင်းလည်း ထပ်ခိုးပေါ် ပြောင်းရတော့မယ် "

" မောင်ကလည်းလေ... ကိုကျော်ကျော်ဒွန်းကို... အားနာစရာ "

" ဒွန်းကြီးကို အားနာစရာလား... သူက နေစရာအိမ်ရှိပါတယ် မောင်အတင်းခေါ်ထားလို့... မရဘူး ခုလည်း ထပ်ခိုးအတင်းတင်ထားမှာပဲ..."

" ရပါတယ်ဗျာ... ကိုယ့်သူငယ်ချင်း အရုဏ်ဦး အဖော်မွန်လေးက နေပြီး တစ်ဘဝလုံး အဖော်မွန်လေးအဖြစ် နေနေရတာပဲ ထပ်ခိုးပေါ်နေဆို လည်း နေရတော့မှာပေါ့..."

မောင်က သည်တော့မှ မွေးကို စတွေ့ကာစမှာ အရုဏ်ဦးတွေမှာမှ တွေ့ရလို့ အရုဏ်ဦး အဖော်မွန်လေးလို့ မောင်ခေါ်တဲ့ အကြောင်း ပြောပြပါတယ်။

" မောင်က ညမွေးကို အရုဏ်ဦး အဖော်မွန်လေးလို့ ခေါ်တယ်... ဒွန်းကြီးက ညမွေးကို ဘယ်လိုခေါ်လဲ သိလား "

" ဖိုးတိုး... ငါနဲ့ပန်းညမွေးကို သွေးမခွဲနဲ့လေကွာ "

" ပြောပါဦး ဘယ်လိုခေါ်လဲ "

" ပြောလိုက်ရမလား ဒွန်းကြီး "

" ပြောပါ မွေး စိတ်မဆိုးပါဘူး "

" အဖွားလေးလို့ခေါ်တယ်... ညမွေးက မောင့်ထက်အသက်ကြီးတဲ့ပုံ ပေါက်နေတယ်တဲ့ "

" ဟုတ်တာပဲဟာ... မွေး တကယ်လည်း မောင့်ထက် အသက်ကြီးတာပဲ "

သည်နေ့တော့ မိုးမရွာပြန်ပါဘူး ။ ဒါပေမယ့် မိုးရောက်သွားပြီပဲလေ...။ ပတ်ဝန်းကျင်တစ်ခုလုံးကတော့ စိမ်းမြလှပနေပါတယ်။ မွေးရင်ထဲမှာလည်း လှပခြင်းတွေရှိပါတယ်။

" မွေး အလုပ်ကို လုံးဝမသွားတော့ အိမ်ကို ဥက္ကာနဲ့ နွယ်နီ ရောက်လာတယ် မောင်... ဥက္ကာကတော့ ဆိုင်မှာ သူတို့လည်း ရှိတာမို့ အလုပ်လာပြန်လုပ်ဖို့ ပြောတယ်... ထူးနဲ့လည်း သူငယ်ချင်းအရင်းကြီးတွေ စိတ်ဆိုးတုန်း ခဏပေါ့တဲ့... ဒါပေမယ့် ဖေဖေကိုယ်တိုင်ကကို အလုပ်ထွက်ဖို့ ပြောထားပါတယ်..."

" အဲသည့်အလုပ် လုပ်မနေပါနဲ့တော့ မွေးရယ်..."

" ပန်းညမွေး စာရိုက်ချင်ရင် ဖိုးတိုးစာတွေပဲ ရိုက်ပေးတော့ပေါ့..."

" မွေးလည်း လောလောဆည်တော့ အလုပ်ခဏရပ်ထားမယ်... မောင်နဲ့လက်ထပ်ပြီးတော့မှ ပြန်စဉ်းစားကြသေးတာပေါ့... ဖြစ်ချင်တော့ မေမေက ဥက္ကာတို့ရှေ့မှာ မွေးလက်ထပ်တော့မှာမို့ သူ့ခင်ပွန်းကပဲ သူ့လုပ်ငန်းကို ဆုံးဖြတ်ပေးမှာပေါ့လို့ ပြောလိုက်တယ်..."

" ဒါဆို မင်းတို့လက်ထပ်မှာ ထူးသက်တင်ဆီပြန်ရောက်မှာ အသေအချာပဲ..."

မောင်ကတော့ မွေးကိုလက်မထပ်ခင် ရက်ကလေးနည်းနည်း အတွင်းမှာ မောင်မပါရင် ဘယ်မှမသွားနဲ့လို့ ပြောပါတယ်။ မွေးကလည်း မောင့်ကို ဘယ်သွားသွား ဂရုစိုက်သွားနေဘ်လို့ ပြန်မှာမိတယ်...။

" ငါဖြင့် အဲလိုမျိုး စိတ်ပျက်ပါတယ် ငါတို့စိတ်သာဆိုရင် ကိုယ့် မချစ်တဲ့မိန်းမပဲကွာ... သွားစမ်းပါစေ..."

" ဒွန်းကြီးရာ… လူအမျိုးမျိုး စိတ်အထွေထွေပေါ့ "

" မွေး အမှားတွေလည်း ပါပါတယ်… မွေးကတော့ ငယ်သူငယ်ချင်း ငယ်တည်းက ခင်ခင်မင်မင် အတူရှိနေခဲ့ကြတာ… သူချစ်နေမှန်းလည်း သိပါလျက် ကိုယ်မှ မချစ်တာဆို ခပ်ပေါ့ပေါ့နေခဲ့တယ်… သူမျှော်လင့်ရင်း စောင့်နေပါလား တစ်နေ့ ငါ့မှာချစ်သူရှိလာရင်လို့ မတွေးခဲ့မိဘူး… နှစ်ကြာလာတော့လည်း သူ့စိတ်မှာ တစ်နေ့ မွေးကို သူပဲ ပိုင်ရလိမ့်မယ် ထင်ခဲ့မှာပေါ့…"

" ထင်ပဲထင်ပါစေဦး ပန်းညမွေးဘက်က ခုလောက် ပြတ်ပြတ် သားသား ပြောနေတာ… နောက်ဆုတ်လိုက်ပေါ့ "

" ခုမှတော့ မွေးတို့ ဂရုစိုက်နေရမှာပေါ့… လက်ထပ်လိုက်ပြီ ဆိုရင်တော့ သူနားလည်သွားမှာပါ…"

" ပြန်ရအောင်… ညမွေးကို အိမ်ထိ မောင်ပို့ခဲ့မယ် ပြီးရင်မောင်က စာအုပ်တိုက် သွားဦးမှာ "

" မောင်လည်း မိုးကြီးချုပ်ထိ ဘယ်မှသွားမနေနဲ့နော် သွားစရာ ရှိတာသွားပြီး အိမ်မြန်မြန်ပြန်… ညကျရင် မွေးဖုန်းဆက်မယ်…"

မောင်က ခုရက်ပိုင်းမှာဆို လက်ထပ်ဖို့အတွက် ပစ္စည်းဝယ်ဖို့ကအစ အိမ်ထိ မွေးကိုလာခေါ်ပါတယ် ပြီးရင် အိမ်ထဲထိ မွေးကိုပြန်ပို့ပေးပါတယ်။ သူမပါရင် ဘယ်မှ မသွားရဘူးလို့လည်း မှာသေးတယ်။ မေမေကလည်း မောင်တွေးသလို တွေးတယ်ထင်ပါရဲ့။ မွေးတစ်ယောက်တည်းဆို ဘယ်မှ မခိုင်းပါဘူး။ ဈေးကိုတောင် သွားစရာရှိ မယုပဲသွားရတယ်။

" ငါ့သူငယ်ချင်းတစ်ယောက် အဲလိုပဲ လက်ထပ်ဖို့ ပြင်နေတုန်း တစ်ခြားကောင်လေးက ခေါ်သွားတယ်… မိန်းကလေးဆိုတာ နစ်နာစရာဆို ကိုယ်နစ်နာတာ… ငါပဲ သွားပါမယ်… နင်လည်း ဖိုးတိုးပါမှ သွားနော်…"

မယုကလည်း ကြားထဲက ဝင် စိတ်ပူပေးနေရတယ်။ မွေးအတွက်ပဲ ဝိုင်း စိတ်ပူပေးနေကြပေမယ့်… မွေးကတော့ မောင့်ကို စိတ်ပူနေမိတယ်။ မောင်က သူယောကျ်ားလေးပဲ သူ့ကိုယ်သူ ဂရုစိုက်ပါတယ်သာ ပြောတာ

ဟိုသည်သွားနေရတာ မွေးစိတ်ပူလို့ ညတိုင်းဖုန်းဆက်နေရတယ်...။

သိပ်မကြာတော့တဲ့ ရက်ပိုင်းလေးတွေမှာ... မောင်နှင့်အတူ ဘဝခရီးလမ်းကို လျှောက်ရတော့မှာ ဆိုပေမယ့် အဲသည့် ရက်ပိုင်းလေးတွေက ကြာမြင့်နေသလိုပါပဲ...။ ချစ်သူကို မျက်ဝန်းရှေ့မှာ အမြဲမြင်ချင်နေပြီပဲ မောင်ရယ် မောင်လည်း မွေးနှယ်ရှိမည် ထပ်တူညီခံစားလို့ ရပါတယ်လေ။

◈ ◈ ◈

" ဒွန်းကြီး... မင်းတစ်ယောက်တည်း အခန်းတွေ ရှင်းမနေနဲ့ ငါ စာမူသွားပို့ပြီး ပြန်လာမှာ... သည်နေ့ ညမွေးဆီ ညနေမှ သွားမှာ..."

" သွားမှာသွားပါ ငါ့ဘာသာ ငါ့အလုပ်ငါ လုပ်နိုင်ပါတယ် "

မိုးက မနက်ပိုင်း မိုးမလင်းခင်တည်းကရွာပြီး ခုချိန် သဘော ကောင်းစွာ တိတ်နေပါတယ်။ ဒါပေမယ့် ပတ်ဝန်းကျင်က စိုစွတ်လွန်းပါလား။

မှတ်တိုင်ရောက်ကာမှ မိုးမှုံဖွဲဖွဲတွေကျလာတယ်။ ကားငှားစီးသွားရင် ကောင်းမလားလို့ တွေးသေးတာ...။

ဒါပေမယ့်... စီးရမယ့်ကားလာနေပြီပဲလေဆိုပြီး မိုးဖွဲထဲ ထွက်လိုက် တယ်...။ ကားကလည်း ဆင်းမယ့်လူမပါလို့ ထင်ပါရဲ့... ခပ်ဖြည်းဖြည်းပဲ လိမ့်ရပ်ပြီး ချက်ချင်းထွက်တာမို့ လှမ်းဆွဲတက်လိုက်တဲ့အခါ နောက်ကနေ အင်္ကျီကို အားပါးတရ ဆွဲလိုက်တာမို့ အရှိန်နှင့် နောက်ပြန်လန်သွားပေမယ့် လက်က. မိမိရရ ဆုပ်ကိုင်ပြီးသားမို့ လူက လည်ထွက်သွားရုံမှာ...။

" ဟဲ့ ဟဲ့ ကျမယ် ကျမယ် "

" အမလေး ကျပြီ ကျပြီ..."

" ကားရပ်ပေး ကားရပ်ပေး ဘာလုပ်နေလဲ "

ရိပ်ခနဲမြင်လိုက်ရတဲ့ လူတစ်ယောက်ရဲ့ အင်္ကျီလက်ကို အမိအရ ဖမ်းဆွဲထားမိတယ်။ တစ်ဘက်က လက်ကိုင်ကို မိမိရရ ဆုပ်ကိုင်မိသလို တစ်ဘက်က အဲသည့်လူရဲ့ လက်ကို ဖမ်းမိပေမယ့်...။

" အမလေး တရွက်တိုက်ပါနေပြီ ရပ်ပါ ရပ်ပါ..."

ဆူညံစွာ အော်ဟစ်နေသံတွေနှင့်အတူ

ကျွန်တော် ရတ်တရက်တော့ ဘာဖြစ်သွားသည်မသိ လက်တစ်ခ

လုံးက နာကျင်သွားပြီး... မျက်ဝန်းတွေစုံမှိတ်ထားရတယ် ခေါင်းတွေထဲမှာ လည်း မီးတွေတောင် ပွင့်နေသလိုလို နှုတ်ဖျားမှလည်း မွေး မွေးနဲ့ ခေါ်နေမိပြန်ရော...။

" ဆေးရုံပို့လေ ဆေးရုံ..."

" ကလေး... ဟဲ့... မင်း ဘာဖြစ်သွားလဲ ဟဲ့ လူလေး "

ခေါ်သံကြားလို့ မျက်ဝန်းတွေ ဖွင့်ကြည့်မိတယ် ဘယ်ရောက်နေလဲ...။ အားလုံးက ကြည့်နေသလိုပဲ...။

" မင်း သေချာကိုင်ထားတာ ကံကောင်းသွားတာ... ဟိုလူက မင်းကို လှမ်းဆွဲထားတာ... မင်းပါ လိမ့်ကျလို့ကတော့ ကတ္တရာလမ်းနဲ့ နှစ်ယောက်လုံး ဆောင့်ရင် သေကုန်မှာ အခုတော့ သူ့ကိုမင်း ဖမ်းဆွဲလိုက်တော့ သူလည်း တရွတ်တိုက်ပါလာတာ "

" သူ ဘာဖြစ်သွားလဲဟင် "

" အဲသည့်လူက အပွန်းအပဲ့ဒါဏ်ရာတွေမှ အများကြီးပဲ... မင်းရော... ဘယ်နားနာနေလဲ..."

ခရီးသည်အချင်းချင်း ကူညီကြတာပဲ...။ နောက်ဆုံးတော့ ဆေးရုံ ဝိုင်းပို့ပေးကြပါတယ်။ ခုထိ ရင်တွေတုန်နေသလိုပါပဲ ငါမသေပါဘူး ဆိုပေမယ့်... သေလုဆဲဆဲလို ဖြစ်သွားပါလား တွေးမိရင် ချက်ချင်းပဲ ညမွေးကို ပြေးမြင်ယောင်တယ်...။

" ခတ်မှန်ရပြီ... ရှင့်လက် ကျိုးသွားတယ် ကျောက်ပတ်တီး စည်းရမယ်..."

တစ်ယောက်တည်း စိတ်မှာရှုပ်ထွေးလာလေတော့... ဒွန်းကြီးဆီ ဖုန်းဆက်ခေါ်ရတယ်...။ ငါချော်လဲလို့ လက်ကျိုးသွားတယ်ပဲ လွယ်လွယ်ပြောခေါ်ရတာပေါ့...။ စိတ်မှာကို ထိတ်လန့်ခြင်းတွေ ရှိနေ သလိုပါပဲ...။ တကယ်ဆို... ကျွန်တော် သတ္တိနည်းသွားသလား။ ကျောကနေ အင်္ကျီကို ဆောင့်ဆွဲလိုက်တာမို့ လက်ကိုင်ကို အမိအရ ဖမ်းဆုပ်ထားပြီး လှည့်ကြည့်တဲ့ အချိန်မှာ မြင်လိုက်တဲ့ မျက်နှာ...။

သူ သေတော့ မသေဘူး ထင်ပါရဲ့…။

ဒါပေမယ့် ကျွန်တော်တောင် လက်ကျိုးသွားသေးတာ။

“ မင်းသာ ဖမ်းမဆွဲထားရင် အဲသည့်ကောင်လေး သေနိုင်တယ် သူက ပြန်ပြုတ်ကျသွားတာ မင်း ဖမ်းဆွဲလို့သာ ”

ကျွန်တော်ဟာ ထူးသက်တင်မျက်နှာကို တွေ့တဲ့အချိန်မှာ တကယ် ဆို လန့်ဖျတ်ပြီး သူ့ကို လှမ်းဆွဲလိုက်တာပါ…။ ရုတ်တရက် ဖြစ်မိဖြစ်ရာတွေ ဖြစ်သွားသမျှ သူ့လက်ကို မလွတ်တမ်း ဆွဲထားမိတာ…။

ဒွန်းကြီးရောက်လာတဲ့အချိန်မှာ ကျောက်ပတ်တီးစည်းနေပြီလေ…။ သူ့ကို ချက်ချင်း မခေါ်ရကောင်းလား ဆူပါလေရော…။

“ မင်းပြောတော့ ချော်လဲကျတာဆို ”

“ မင်းတို့ စိတ်ပူကုန်ကြမှာ စိုးရိမ်လို့ပါကွာ…”

“ ငါသိပြီးပြီ… မင်းလွယ်အိတ်ကို ကိုင်ပေးထားတဲ့ ညီညီဆိုတဲ့ ချာတိတ်က ဝေလွင့်ညီလေး… မင်းကို ငါ့သူငယ်ချင်းမှန်း သူသိလို့ ကူညီချင် ကူညီရအောင်ဆို စောင့်ပေးနေတာ… ညီညီပြောလို့ မင်းတို့ ဖြစ်သမျှ ငါသိပြီ… မင်းကို ကားပေါ်က ဆွဲချတာ ထူးသင်တင်ပဲ မဟုတ်လား…”

“ ထားလိုက်ပါလား ဒွန်းကြီးရာ… မေ့ထားလိုက်ပါ ”

“ မေ့ရမလား ဒါ တမင်သက်သက်… ကံကောင်းလို့ မသေတာ မင်းတို့နှစ်ယောက်လုံး သေသွားနိုင်တယ်… သည်လိုလူကိုများ မင်းမို့ ပြန်ဆွဲထားပေးတယ် …”

“ ငါလည်း အခု အဲသည့်လို အဖြစ် ပြန်ဖြစ်ရင်တောင် သူ့ကိုဆွဲဖို့ နေနေသာသာ ငါ့ဘာသာတောင် ဆွဲထားနိုင်ပါ့မလား ပူထူပြီး ဖြစ်ချင်ရာဖြစ်သွားတာပါ… သူက ငါ့ကို ဒေါသကြောင့် ပြုမူပေမယ့် ငါက ငါ့ကိုယ်ငါ ကာကွယ်ရင်း မတော်တဆ ဆွဲထားမိသလိုပါ…”

ညမွှေးကိုတော့ မောင် ဂရုစိုက်ပါမယ် ဂရုစိုက်ပါမယ် တဖွဖွ ပြောခဲ့ပြီး တကယ်ဖြစ်လာတော့ ဘာဖြစ်သွားမှန်းတောင် မသိလိုက်။

ကံကောင်းလို့ ပါလား။ တစ်ခုခုများ ဖြစ်သွားရင်... ခုချိန်မှာ ညမွှေးရဲ့ မျက်ရည်တွေ...။ ပြန်တွေးရင်တောင် ရင်တုန်ရပါလား။

" ထူးသက်တင်ကို သွားကြည့်ပါဦး ဒွန်းကြီးရာ လိုအပ်ရင် မော်ထွန်းတို့ကို ခေါ်ပေးလိုက်ပါ..."

" မသေနိုင်ပါဘူး ငါမေးပြီးပါပြီ ဒါပေမယ့် ဒါဏ်ရာဗရပွနဲ့တော့ ဆေးရုံမှာကြာဦးမှာ... မင်းတို့ မင်္ဂလာဆောင်ပြီးတောင် ဆင်းရဦးမယ် မထင်ဘူး "

ခုလိုကျတော့လည်း ကျွန်တော် စိတ်မကောင်းပါဘူး...။ သူကလည်း ကျွန်တော် သေစေချင်လို့ မဟုတ်ပါပဲ တစ်ခုခု ဖြေရှင်းရအောင် ဆွဲခေါ်တာ နေမှာပါလေလို့လည်း တွေးပါတယ်။ ဒါပေမယ့် ဒေါသဆိုတာ အသက်ကို တောင် ရန်ရှာနိုင်ပါလား ဆိုတာတော့ သူတွေးမိမယ် မထင်ပါဘူး။ ကျွန်တော့်အပေါ် ဒေါသထွက်ရင်း ပြုခဲ့တာ တကယ်ဆို ကျွန်တော်နှင့် သူပါ သေသွားနိုင်တဲ့ အခြေအနေတစ်ခုဆိုတာ သူမသိပဲ ပြုခဲ့တာနေမှာပါ...။

" ဒွန်းကြီး... မော်ထွန်းဆီ ဖုန်းဆက်ပေးလိုက်ပါ... ထူးသက်တင် တစ်ယောက်တည်း ဖြစ်နေပါမယ် "

" ဖိုးတိုး... မင်းကွာ..."

" သူလည်း သေစေချင်လို့ မဟုတ်နိုင်ပါဘူး... လုပ်မိလုပ်ရာ ဒေါသကြောင့် ပြုမိတာပါ... ငါကလည်း ဘာဖြစ်သွားမှန်းတောင်မသိအောင် ပြုမိတယ်... အခု ငါဘာမှမ ဖြစ်ပဲ ဒွန်းကြီးရာ... သူက ဒါဏ်ရာပိုများ ပါတယ် "

ရင်တွေက တုန်နေတယ်ဆိုပေမယ့် လအတန်ကြာ စည်းထားရမယ့် ကျောက်ပတ်တီးကြီးက လက်မှာရောက်နေပြီ...။ ပြောစမှတ်တော့ဖြစ်ပြီ...။ သတို့သားက လက်မှာ ကျောက်ပတ်တီးကြီးနဲ့လို့လေ...။ မပီမပြင် အပြုံးလေးတော့ ရလာပါပြီ...။ လန့်တဲ့အရှိန်က မပြယ်တပြယ်။

◈ ◈ ◈

" လူတွေက မောင့်ကို ကြည့်ပြီး ပြုံးတယ် သတို့သားနှယ် ကျောက်ပတ်တီးလေး ဖြည်ပြီးအောင်တောင် မစောင့်နိုင်ဘူးဆို.."

" မောင် အဲသည့်အကြောင်းပြောရင် မွေး ငိုချင်တယ် "

မွေး အဲသည့်အကြောင်းကို သိတဲ့အချိန်မှာ ထိတ်လန့်စွာ ငိုကြွေးခဲ့ရပြီးပါပြီ။ မောင်သာ တစ်ခုခု ဖြစ်သွားရင်ဆိုတဲ့ အတွေးဟာ... မွေးကို ပြင်းစွာ ကြောက်ရွံ့ထိတ်လန့်စေခဲ့ပါတယ်...။ ထူးကိုလည်း မွေး အရမ်းအံ့ဩရတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူဟာ ဒေါသအတိုင်း ပြုမူတတ်သူပါလား...။

" ခုချိန် ထူးသက်တင်ဘယ်မှာရှိမလဲ မသိဘူး... သူ့ အချစ် သူ့အမုန်းကလည်း ပြင်းထန်လိုက်တာ..."

မွေးတို့ လက်ထပ်ဟဲ့ရက်မတိုင်မီမှာ ဥက္ကာယူလာပေးတဲ့ စာလေးတစ်စောင်ကို မောင့်ရှေ့မှာပဲ ဖတ်ပြီး မောင့်ရှေ့မှာပဲ ဆုတ်ဖြဲပစ်ခဲ့ပြီးသားပါ

နင့်ကို သိပ်ချစ်တယ်

သူ့ကို သိပ်မုန်းတယ် ငါ့မှာ သူကယ်တင်ခဲ့တဲ့ အသက်ပဲရှိတယ်လို့ ပြောတဲ့အဖြစ်ကို ငါအမုန်းဆုံးပဲ ငါ့အမုန်းက ဘယ်တော့မှ မပြေဘူး... ဒါကြောင့် ငါဒက်ဒီနဲ့ လိုက်သွားပြီ... တဲ့လား။

ဘာလို့များ... သည်မျှ အချစ်အမုန်း ပြင်းထန်ရပါလိမ့်။

" သူ့ဒက်ဒီက အလုပ်ရှိရင် ရှိတဲ့နေရာမှာ နေတယ် နိုင်ငံခြားလည်း သွားချင်သွားတာ... တစ်နေရာရာမှာ ရှိမှာပေါ့..."

" တစ်နေရာရာမှာ နေပေမယ့် စိတ်မှာတော့ တိုးတိုးလင်းဆိုတာနဲ့ ခမုန်းနဲ့ပဲရှိမှာပါလေ..."

" အဝေးမှာရှိနေတာပဲ တော်ပါသေးရဲ့ မဟုတ်ရင် မွေး အမြဲ ဝိတ်လန့်နေရမယ်..."

မိုးသက်လေနှင့်အတူ မွှေးပျံ့သောရနံ့ကိုရတယ်။ အဲဒါ ဘာပန်းနံ့လဲ ကင်လို့ မွှေးကို မောင် မေးလာတယ်။ မိုးမရွာသော လုပသည့် ညဦးယံပါပဲ။ မောင့်ရင်ခွင်ကို မီတွယ်ခွင့်ရခဲ့ပြီပဲ...။

" အဲဒါ ဇီဇဝါပန်းနံ့လည်းပါတယ်... ယုဇနပန်းနံ့လည်းပါတယ်... ဘာလို့လဲ မောင်..."

" ဩော် မောင်စဉ်းစားမိလို့ပါ... ပန်းကလေးတွေမှာတောင် မွှေးတဲ့ပန်းလည်း ရှိတယ်... ရနံ့ကင်းတဲ့ပန်းလည်းရှိတယ်... လူတွေလည်း သည်လိုပါပဲ... စိတ်ဓာတ်ပျော့တဲ့လူရော ပြင်းထန်တဲ့လူရော အမျိုးမျိုးပါပဲ..."

" ပန်းချင်းတူတူ ရနံ့ကင်းတဲ့ပန်းကို မလိုချင်သလို... လူတွေမှာလည်း စိတ်ဓာတ်မကောင်းတော့ရင် အလကားပါပဲ မောင်ရာ... ဒါသတွေကိုတော့ ဘစ်ဖက်စွန်းမရောက်စေတာ အကောင်းဆုံးပါပဲလေ..."

မိုးသက်လေက ပိုပြီးပြင်းထန်လာပါတယ် ဗာဒံရွက်တွေတောင် လှုပ်ခတ်နေကြပြီ။ မနန်းတို့တွေက ပဲခူးသွားကြတယ် ကိုကျော်ကျော်ဒွန်း ကလည်း အဒေါ်တစ်ယောက် နေမကောင်းလို့ဆို ပြည်ပြန်သွားပြန်ရော...။ မောင်က ကောင်းတယ် သိပ်အလိုလိုက်သိတဲ့ လူတွေ... မောင်တို့ ဖက်လာဦးမို့ လျှောက်သွားနေကြတာ ကျေးဇူးတင်တယ်တဲ့။

မွှေး ခြေထောက်ကို ညင်သာဖွဖွ လာပွတ်သတ်နေတာမို့ ငုံ့ကြည့်တဲ့အခါ

မိညောင်ပါလား

" မိညောင် ဝရန်တာက ပြုတ်ကျတော့လေ..."

" ကောင်မလေးတစ်ယောက်ကို မောင် အဲသည့်နေ့က အနားကပ် စကားပြောလိုက်တာပေါ့ မောင့်ကို လှည့်ကြည့်ပြီးပြောတယ်... ရှင့်ကို

သိပ်ချစ်တာပဲတဲ့..."

" အံမယ် အံမယ်..."

မောင့်ပခုံးစွန်းကို လက်သီးနဲ့ ထုထည့်လိုက်တာပေါ့...။

မောင်က ရယ်ရင်းမှ မွေးကို ရင်ခွင်ထဲ ဖက်ထားပါတယ် မိုးလေနှင့်အတူ မိုးပေါက်တွေပါလာပါရော ဗာဒံရွက်တွေအပေါ် မိုးစက်ကျသံက စည်းချက်မှန်မှန်လိုကနေ ပြင်းထန်လာပါတယ် မိသြောင်တောင်မှ အိမ်ထဲဝင်ပြေးသွားပြီလေ...။

" မိုးတွေရွာလာပြီ အိမ်ထဲဝင်မယ် "

" ဟင့်အင်း... ခဏလေးနေပါဦးလား မောင်ရာ... ပန်းရနံ့လေးတွေက မွေးလို့... မိုးလေလေးကလည်း အေးလို့... မွေးလေ... မောင့်ကို အဝေးမှာထားပြီး ရင်မောခဲ့ရချိန်တွေ များပါပြီ... ခုလို မောင့်ရင်ခွင်မှာ နေရမှာ မွေး စိတ်အေးရလို့ ခဏလေးနေပါရစေ..."

" နေစေဗျာ... နေစေ "

မိုးပေါက်တွေမှ အများကြီး

ဗာဒံရွက်တွေလည်း လှုပ်ခတ်နေလိုက်တာ...။ တံစက်မြိတ်အောက်မှာ ရှိနေတဲ့... ဗာဒံရွက်ကတော့ စည်းချက်နဲ့ ခုန်ပေါက်နေလေရဲ့...။ မြင်သမျှ အားလုံး လှပနေသလိုပါပဲလား...။

ဟင်

ခုမှ မြင်တယ်...။

ဝရန်တာက ပန်းအိုးလေးထဲမှာ ပန်းဆီရောင် ပန်းကလေးတစ်ပွင့် အဲသည့်ပန်းကလေးမှာ ရနံ့ကင်းနေလေတော့ မွေးသတိတောင် မထားမိပါပဲ အဝေးမှ ရနံ့မွှေးသော ပန်းတွေကိုသာ နှစ်သက် သဘောကျနေမိတာပါလား...။

မောင်

ပန်းကလေးတွေတောင်မှ ရနံ့ကင်းမဲ့ရင် နှစ်သက်သူမရှိဖြစ်ရသေးတယ်...။ မွေး ရင်ထဲမှာရှိတဲ့ ခံစားချက်တွေကိုလည်း မွေးပျံ့နေသော

လှပသည့် ဖြူစင်သည့် စိတ်မျိုးဖြစ်အောင် ကြိုးစားရမှာပေါ့လေ...။ ဘယ်တော့မှ ရန့်ကင်းသော ပန်းတစ်ပွင့်အဖြစ် မရောက်ရလေအောင် ကြိုးစားရင်း...

ဘဝခရီးတစ်လျှောက် မောင့်ရင်ခွင်မှာ မွှေးရနံ့ရှိသော ပန်းကလေး တစ်ပွင့်အဖြစ် ခိုနားပါရစေလားကွယ်။

ခိုင်စင်သက်